အခန်း ( ၄၃၁ ) ကျွင်းရှောင်ယောက်ကို အခွင့်ကောင်းယူခြင်း။ နဂါးအလောင်းကို လွှဲပြောင်းပေးမည့် အခြေအနေကို အသုံးချပြီး ဒီမင်းသမီးကို စီးချင်တာလား။

ဤမြင်ကွင်းမျိုးကို မြင်တွေ့ရဖို့ ဘယ်သူမှ မမျှော်လင့်ထားပေ။

သူတို့နှစ်ယောက်က တိုက်ခိုက်နေရင်း ရန်ယုမန်ဟာ ကျွင်းရှောင်ယောက်ကို ရုတ်တရက် နမ်းလိုက်သည်။

"ငါ့ကို အခွင့်ကောင်းယူနေတာလား"

ကျွင်းရှောင်ယောက်လည်း သတိပြန်မဝင်မိ တစ်ခဏမျှ ထိတ်လန့်သွား၏။

သူ့ရှေ့မှ ရန်ယုမန်က သူကိုယ်တိုင်မဟုတ်မှန်း

သေချာနေခဲ့ပြီ။ သူမ ခန္ဓာကိုယ်ထဲတွင်
တစ်စုံတစ်ယောက်၏ စွမ်းအားများကို
ဖုံးကွယ်ထားတာမျိုး ဖြစ်ကောင်းဖြစ်နိုင်သည်။

ဟုတ်ပေသည်၊ ရှန်းကုကမ္ဘာ၏ စည်းမျဉ်းများအရ
ရန်ယုန်၏ကိုယ်ခန္ဓာတွင် တစ်စုံတစ်ဦး
ပုန်းကွယ်နေသော်လည်း ၎င်း၏ခွန်အားမှာ
အလွန်မြင့်မားသောအဆင့်သို့ မရောက်နိုင်ပါချေ။

ကျွင်းရှောင်ယောက်က ယင်းကို
ကိုင်တွယ်ဖြေရှင်းနိုင်သည်။

ရှေးဟောင်းမြင့်မြတ်ခန္ဓာက တုန်ခါသွားကာ ရွှေရောင်
ချီနှင့် သွေးများ တဟုန်ထိုး တက်လာခဲ့၏။

ရန်ယုမန်၏ ခန္ဓာကိုယ်လည်း နောက်ဆုံးတွင်

တုန်ခါသွားကာ ကျွင်းရှောင်ယောက်ကို ဖက်တွယ်ထားရာမှ ဖယ်ရှားသွားတော့သည်။

"မောင်လေး၊ နင်က သိပ်အကြင်နာမဲ့တာပဲ၊ ငါ အရမ်းဝမ်းနည်းသွားပြီဟာ..."

ရန်ယုမန်၏ မျက်နှာက အနည်းငယ်ညိုးသွားသည်။

"မင်းက ငါ့ကိုအခွင့်ကောင်းယူပြီး အပြစ်ကင်းစင်ချင်ဟန်ဆောင်နေတာလား"

ကျွင်းရှောင်ယောက်၏ အမူအရာက ဘာမှမထူးခြားပါပေ။

"ခစ်ခစ်ခစ်၊ ငါက ဒီထက်ပိုပြီးလိုချင်တာ၊ နင့်ကို ဒီလိုပုံစံလောက်နဲ့ အခွင့်ကောင်းယူချင်ရုံမကဘူး"

ရန်ယုမန်က ညှို့ယူစွာ ပြောဆိုသည်။

"..."

ကျွင်းရှောင်ယောက်က
အနည်းငယ်ပြုံးပြလိုက်သော်လည်း
ဘာမှပြန်မပြောပေ။

အောက်ဘက်တွင် ကျွင်းမူလန်နှင့် ကျွင်းရှယ်ဟွမ်တို့
စီကွမ်သုံးဦးမှာ ဒေါသကြောင့်
မျက်နှာနီရဲသွားကြသည်။

ရန်ယုမန်က ကျွင်းမိသားစု၏ နတ်ဘုရားသားတော်ကို
သူ့ကိုလေးစားသည့် စီကွမ်များရှေ့တွင် ပရောပရည်
ပြုလုပ်နေသလော။

ယင်းက သည်းမခံနိုင်စရာပင်။

ဝန်းကျင်ရှိ ပြင်ပကမ္ဘာ၏ ပါရမီရှင်များ
အနေဖြင့်လည်း အားလုံးက မနာလို၊ဝန်တို
ဖြစ်သွားခဲ့ကြသည်။

အကယ်၍ ကျွင်းရှောင်ယောက်သာ ဆန္ဒရှိခဲ့ပါက
ပျက်ဆီးခြင်းကောင်းကင် အင်မော်တယ်နယ်မြေကြီးမှ
အမျိုးသားအားလုံး တစ်ကိုယ်တည်း လူပျိုကြီးများ
ဖြစ်ကုန်ကြလိမ့်မည်။

အကြောင်းမှာ မိန်းမအားလုံးက
ကျွင်းရှောင်ယောက်ကို စွဲလန်းနေကြ၍ ဖြစ်သည်။

"ခစ်ခစ်ခစ်၊ မောင်လေး... နောင်တစ်ခါကျလို့ နင့်ကို
လူချင်းတွေ့ရင် ငါ သေချာပေါက်
နှစ်ထပ်လှေ့ကျင့်ပေးမယ်"

ရန်ယုမန်က ကျွင်းရှောင်ယောက်ကို မျက်စိတစ်ဖက်
မှိတ်ပြလိုက်သည်။

ထို့နောက်မှာတော့ သူမ၏ သေးသွယ်သော ခါးက
ယိမ်းနွဲ့သွားကာ မီးခိုးငွေ့များကဲ့သို့ နေရာတွင်
ပျောက်ကွယ်သွားတော့သည်။

"သေစမ်း၊ ဒီလူယုတ်မာ မိန်းမ"

ကျွင်းမူလန်နှင့် ကျွင်းရွှယ်ဟွမ်လည်း
အံကြိတ်လိုက်ကြသည်။ သူတို့၏ မျက်နှာများက
ဒေါသများ ပြည့်နေပြီး နှလုံးသားများမှာလည်း
ရန်လိုမှုများနှင့် ပြည့်နေသည်။

ကျွင်းရှောင်ယောက်၏ မျက်လုံးများသာ
နက်နဲသွားပေသည်။

'ဒါ...သူမဖြစ်နိုင်မလား'

ကျွင်းရှောင်ယောက်၏ စိတ်ထဲတွင်
ခန့်မှန်းချက်တစ်ခုတော့ ရှိနေသည်။

သို့သော်လည်း ခေါင်းခါယမ်းပြီး ဤကိစ္စကို
ခဏဖယ်ထားလိုက်လေသည်။

"ဟင်း၊ ဒီတစ်ခါတော့ ငါရှုံးတယ်"

ကျွင်းရှောင်ယောက်က ခေါင်းကို
အနည်းငယ်ခါယမ်းကာ  မျက်နှာပေါ်ရှိ
နှုတ်ခမ်းနီများကို သုတ်ဖယ်ပစ်ရန်
လက်လှမ်းလိုက်သည်။

ယောက်ျားလေးများ အပြင်ထွက်သည့်အခါ
ကိုယ့်ကိုယ်ကို ကာကွယ်သင့်သည်။

ဂရုမစိုက်ပါက မိန်းကလေးများ၏
အနိုင်ကျင့်ခံရလိမ့်မည်။

ရုပ်ရည် ချောမောလွန်းခြင်းကလည်း ဝေဒနာတစ်ခု
ဖြစ်နိုင်သည်။

ကျွင်းရှောင်ယောက် သက်ပြင်းကိုသာ
ချလိုက်မိပေသည်။ ဖြစ်နိုင်လျှင် သူ
ဤမျှရုပ်မချောပေ။ ရိုးရိုးရှင်းရှင်းနှင့်
သာမန်လူတစ်ယောက်ပဲ ဖြစ်ချင်ခဲ့မိသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်၏
စကားကိုကြားသောအခါ အနီးနားရှိ ပါရမီရှင်များက
စိတ်ထဲမှ ကျိန်ဆဲလိုက်ကြသည်။

ဤဖြစ်ရပ်က တကယ်ကို မိုးခေါင်ရေရှားသော
ကန္တာရတွင် ရေနစ်သေဆုံးသူများ၏ ဖြစ်ရပ်ပင်
ဖြစ်သည်။

"သေစမ်း၊ ဒီနတ်ဆိုးနတ်ဘုရားနန်းတော်ရဲ့
နတ်သမီးက အရုပ်မဲ့လွန်းတယ်"

ကျွင်းမူလန်က ဒေါသတကြီးဖြင့် ရေရွတ်လိုက်သည်။

"အဲဒါ သူမမဟုတ်ဘူး"

ကျွင်းရှောင်ယောက်က ရုတ်တရက် ပြောလိုက်၏။

"ဟင်၊ ဒါဆိုရင် သူက... "

ကျွင်းမူလန်လည်း အံ့အားသင့်သွားသည်။

သူတို့က အပြင်မှာ ရှိနေတာမို့

ကျွင်းရှောင်ယောက်လောက် အနီးကပ် မမြင်ခဲ့ရပေ။

"ကိစ္စမရှိပါဘူး၊ လောလောဆယ် စိတ်မပူနဲ့၊ ငါတို့မှာ လုပ်စရာတွေ ကျန်သေးတယ်"

ကျွင်းရှောင်ယောက် သူ့လက်ကို ဖွေ့ယမ်းလိုက်သည်။

သူ့အာရုံက အကြွင်းအကျန် အင်မော်တယ်သွေးများပေါ်သို့ တစ်ဖန် ရောက်သွားပြန်သည်။

ကျွင်းရှောင်ယောက်လည်း အကြွင်းအကျန် အင်မော်တယ်သွေးတစ်စက်ကို ထပ်မံ နှိမ်နင်းရန် မတွန့်ဆုတ်တော့ပေ။ မထင်မှတ်ဘဲ တစ်စုံတစ်ခု ဖြစ်လာမည်ကို သူစိုးရိမ်မိသည်။

အချိန်အတော်ကြာပြီး နောက်ဆုံးမှာတော့

ကျွင်းရှောင်ယောက်ဟာ
အင်မော်တယ်သွေးတစ်စက်ကို ဖိနှိပ်နိုင်ခဲ့သည်။

ထိုအချိန်တွင်၊ ရှန်းကုတာအိုရေကန်၏
အခွင့်အရေးများအားလုံးက ကျွင်းရှောင်ယောက်နှင့်
အခြားသူများလက်ထဲသို့ ကျရောက်သွားခဲ့ရပေသည်။

အခြားသော ပါရမီရှင်များနှင့်
ရှန်းကုသတ္တဝါများအတွက်မူ ၎င်းတို့က
မည်သည့်အကျိုးကျေးဇူးမှ မရရှိခဲ့ပေ။

ထိုမျှသာမကဘဲ ၎င်းတို့နှလုံးသားတွင်
မနာလိုမှုများကိုသာ အဆစ်ရခဲ့သည်။

"ငါ အခု တကယ်ကြောက်နေပြီ။ ကျွင်းမိသားစုရဲ့
နတ်ဘုရားတော်နဲ့ အတူတူ မနေရဲတော့ဘူး"

"ဟုတ်တယ်၊ သူနဲ့ဆိုရင် ငါက အမှိုက်တစ်စပဲ။
မဟုတ်ဘူး၊ ငါက ရုပ်ဆိုးတယ်လို့ ခံစားရတယ်"

ပတ်ဝန်းကျင်ရှိ ပါရမီရှင်များအားလုံး
တုန်တုန်ယင်ယင် ဖြစ်သွားခဲ့ကြသည်။

ယခင်က နှိုင်းယှဉ်၍မရလောက်အောင် မာနကြီးသော
ရှန်းကုသတ္တဝါများလည်း ယခုအခါ သူတို့၏
မျက်လုံးများက ကြောက်ရွံ့မှုများ ပြည့်နှက်နေခဲ့ပြီ။

ဤကဲ့သို့ ရှန်းကုမျိုးနွယ်များကို ရန်စဝံ့သော
ပြင်ပကမ္ဘာမှ ပါရမီရှင်များမှာ တစ်ခါမျှမရှိခဲ့ဘူးပေ။

ကျွင်းရှောင်ယောက်က ပထမဆုံး ဖြစ်သည်။

ရှန်းကုတာအိုရေကန်၏ အခွင့်အရေးအားလုံးကို ရရှိပြီးနောက် ကျွင်းရှောင်ယောက်ဟာ နောက်ထပ်ခြေလှမ်းကို စတင်စဉ်းစားခဲ့သည်။

ထိုအချိန်တွင် ဘေးမှရပ်နေကာ ထွက်မသွားသေးသော မင်းသမီးလုံကျိုက စကားစလာသည်။

"နင်... တစ်ခုခု ရှိတယ်..."

မင်းသမီးလုံကျို၏ မျက်နှာမှာ ချီတုံချတုံ ဖြစ်နေသည်။ သူမက တစ်ခုခုကို ပြောချင်သော်လည်း ဆက်မပြောဘဲ ရပ်လိုက်၏။

"ဟမ်"

ကျွင်းရှောင်ယောက်က မင်းသမီးလုံကျိုကို

ကြည့်လိုက်သည်။

"အဲဒီနဂါးအလောင်းကို ငါတကယ်လိုချင်တယ်"

မင်းသမီးလုံကျိ အသက်ပြင်းပြင်းရှူလိုက်သည်။ သူမ၏ ကျောက်စိမ်းနှင့်တူသော တောင်ထိပ်များကလည်း ကြွတက်လာပြီး ပြန်ကျလာလေသည်။

ယင်းကို အလွန်လိုချင်၍မဟုတ်လျှင် မင်းသမီးလုံကျိက ဤမျှ အောက်ကျခံနေမည်မှာ မဟုတ်ပေ။

ယခုတော့ သူမသည် ဤနဂါးအလောင်းကို အမှန်တကယ် လိုအပ်နေသည်။

မင်းသမီးလုံကျိက အိုလွှမ်ကို သူ့လက်ဖြင့်

ကိုယ်တိုင်သတ်လိုသည်။

သို့ရာတွင် အိုလွမ်၏ ဝမ်းကွဲတော်စပ်သူမှာ နဂါးလူသားမျိုးနွယ်မှ အိမ်ရှေ့မင်းသား အိုကွမ် ဖြစ်နေခဲ့၏။ ၎င်းက ဘုရင်ငယ်လေးပါးထဲမှ တစ်ပါးလည်း ဖြစ်သည်။

အိုလွမ်ကို သတ်လိုက်ခြင်းက အိုကွမ်ကို ထိခိုက်စေမည်မှာ အသေချာပင်။

မင်းသမီးလုံကျိုက ယခုအချိန်တွင် အားမနည်းသော်လည်း အိုကွမ်နှင့် ရင်ဆိုင်ရန်တော့ အနည်းငယ်ခက်ခဲမည် ဖြစ်သည်။

အကယ်၍ ဤနဂါးအလောင်းမှ တောင်ပံနဂါးသွေးကို သန့်စင်နိုင်ခဲ့လျှင် မင်းသမီးလုံကျို၏

စွမ်းအားကလည်း သိသိသာသာ
အားကောင်းလာလိမ့်မည်။

ထို့အပြင် သူမက ရှေးဟောင်းလူထူးဆန်းဖြစ်သည်။
သူမတွင် အတွေ့အကြုံအများကြီးရှိ၏။ သူမအနေဖြင့်
ဤအရာကို ကောင်းကင်နတ်ဘုရားနယ်ပယ်သို့
ဖြတ်ကျော်ရာတွင် အသုံးပြုနိုင်သည်။

မင်းသမီးလုံကျို၏ စကားကိုကြားတော့
ကျွင်းမူလန်နှင့် အခြားသူများ အံ့သြသွားကြသည်။

မင်းသမီးလုံကျိုက ဘိုးဘွားနဂါးသိုက်၏
ပါရမီရှင်ဖြစ်သော်လည်း ယခုအခါ
နဂါးအလောင်းအတွက် ကျွင်းရှောင်ယောက်ကို
တောင်းဆိုနေသလော။

ယင်းက မထင်မှတ်နိုင်လောက်အောင် ဖြစ်ရသည်။

ကျွင်းမူလန်နှင့် တခြားသူများလည်း မင်းသမီးလုံကျို၏ ဦးနှောက်တွင် တစ်ခုခုမှားနေပြီဟု ထင်မှတ်သွားမိသည်။

ကျွင်းရှောင်ယောက်က မအံ့သြသော်လည်း အပေါ်ယံတွင် မျက်ခုံးပင့်ကာ ပြောလိုက်သည်။

"မင်းသမီးလုံကျို၊ ငါက မင်းအတွက် အရူးတစ်ယောက်လို ဖြစ်နေလို့လား"

မင်းသမီးလုံကျို တိတ်ဆိတ်သွား၏။ သူမ ခေါင်းခါယမ်းလိုက်သည်။

"ဒါဆို မင်းကိုယ်တိုင်က အရူးတစ်ယောက်လား"

ကျွင်းရှောင်ယောက်က ဆက်ပြောသည်။

မင်းသမီးလုံကျိုလည်း တိတ်ဆိတ်နေပြီးမှ ခေါင်းကို
အနည်းငယ်ခါယမ်းလိုက်ပြန်သည်။

"ဘယ်လိုအခြေအနေမျိုးမှမရှိဘဲ နဂါးအလောင်းကို
ငါက မင်းကိုပေးမယ်လို့ တကယ်ပဲ
ထင်နေသေးတာလား"

ကျွင်းရှောင်ယောက်က အနည်းငယ် ပြုံးလိုက်သည်။

ဤသည်မှာ အနည်းငယ် ရယ်စရာကောင်း၏။

ကျွင်းရှောင်ယောက်က နဂါးအလောင်းကို
အမှန်တကယ် မလိုအပ်သော်လည်း
မင်းသမီးလုံကျိုကိုတော့ လွယ်လွယ်ကူကူ

မပေးနိုင်ပေ။

သူက ကြင်နာသူမဟုတ်ပါ။

ထို့အပြင် မင်းသမီးလုံကျိက ယခုအခါ သူနှင့် ဆန့်ကျင်ဘက်တွင် ရှိနေသည်။

"ကောင်းပြီ၊ မင်းက မင်းနဲ့ ငါ့ကြားက ရန်စတွေကို အမြဲတမ်း အဆုံးသတ်ချင်နေတာ မဟုတ်ဘူးလား၊ အခု ငါ မင်းကို အခွင့်အရေး ပေးနေပြီ။ မင်းရဲ့ သိုင်းကွက်ထုတ်ပါ"

ကျွင်းရှောင်ယောက်က လက်နှစ်ဖက်ကို နောက်ပစ်လိုက်သည်။

မင်းသမီး လုံကျိ၏ လှပသော မျက်လုံးများက အရောင်လက်သွားသော်လည်း

ခေါင်းယမ်းလိုက်ပြန်သည်။

"ငါ အခု နင့်ရဲ့ပြိုင်ဘက် မဟုတ်ဘူး"
မင်းသမီးလုံကျလည်း နောက်ဆုံးတော့ အဖြစ်မှန်ကို လက်ခံသွားခဲ့သည်။

သူမသည် ယခင်က အလွန်မာနကြီးပြီး အဆင့်အတန်းမြင့်မားသူဖြစ်သည်။ သူဟာ ဘယ်သူ့ကိုမှ အလေးအနက်မထားခဲ့ဘူးပေ။

သို့သော်လည်း ယခုအချိန်တွင် ကျွင်းရှောင်ယောက်၏နောက်ကို ခဏလိုက်ပြီးနောက် ကျွင်းရှောင်ယောက်အရှေ့တွင် သူမ၏အခြေအနေက ဘာမှမဟုတ်သေးကြောင်း နားလည်လာခဲ့သည်။

"မင်းနားလည်ပုံပဲ"

ကျွင်းရှောင်ယောက်က ပြုံးလိုက်သည်။

သူက မင်းသမီးလုံကျိုကိုကြည့်ကာ

စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"နဂါးအလောင်းကို လိုချင်ရင် မဖြစ်နိုင်တာ

မဟုတ်ပါဘူး။ ဒါပေမယ့် ဒီနတ်ဘုရားသားတော်မှာ

အခြေအနေတစ်ခု ရှိတယ်"

ထိုစကားကြောင့် မင်းသမီးလုံကျို၏ မျက်လုံးများက

တောက်ပလာသည်။

"ပြောပါ"

သူမ ကမန်းကတန်း ပြောလိုက်၏။

ကျွင်းရှောင်ယောက်၏ရှေ့တွင် အကြိမ်ကြိမ် အရှက်ရနေပြီမို့ နောက်တစ်ကြိမ် သခင်ဟုခေါ်ရန် မတွန့်ဆုတ်တော့ပေ။

"ဒါဟာ အရမ်းရိုးရှင်းပါတယ်။ ဒီနတ်ဘုရားသားတော်မှာ လောလောဆယ် စီးတော်မရှိဘူး ဖြစ်နေတယ်။ မင်းသာ လုပ်နိုင်မယ်ဆိုရင် ဒီအတွက် အရည်အချင်းပြည့်မီပြီ" ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

ထိုစကားကြောင့် မင်းသမီးလုံကျီ၏ စိတ်ထဲတွင် တုန်လှုပ်သွား၏။

အချိန်အတော်ကြာပြီးမှ မင်းသမီးလုံကျီ၏ အနီရောင်နှုတ်ခမ်းများက ပွင့်ဟလာကာ ပြောလိုက်သည်။

"နင်က ဒီမင်းသမီးကို စီးချင်နေလို့လား"

---------

အခန်း ( ၄၃၂ ) မင်းသမီးလုံကျိကို လုံးဝအောင်နိုင်ပြီ၊ ရှန်းကုတာအိုရေကန်တိုက်ပွဲ ပြီးဆုံးသွားသည်။

မင်းသမီးလုံကျိသည် ကျွင်းရှောင်ယောက်က သူမကို အမှန်တကယ်စီးချင်မည်ဟု မမျှော်လင့်ထားပေ။

သူ့အရင် ဒေါသကြီးပုံမျိုးဖြင့် ပါးဖြတ်ရိုက်ပြီးပြီ ဖြစ်သည်။

သို့သော်လည်း ယခုတော့ သူမ လုပ်ချင်လျှင်ပင် မလုပ်နိုင်ပါချေ။ သူမက သူ့ပြိုင်ဘက် မဟုတ်သေးပါ။

ကျွင်းရှောင်ယောက်၏ ချောမောသည့် မျက်နှာပေါ်က အပြုံးကို မြင်လိုက်ရတော့ မင်းသမီးလုံကျိ မျက်လုံး ဝင်းလက်သွားသလို ခံစားလိုက်ရသည်။

ကျွင်းရှောင်ယောက်က အတော်ကြည့်ကောင်းသည်။

"ဒီကမ္ဘာမှာ မင်း တစ်ခုခုရချင်ရင် ထိုက်သင့်တဲ့ တန်ကြေးကို ပေးရမယ်။ အဖိုးတန်တဲ့ နဂါးအလောင်းနဲ့ နှိုင်းယှဉ်ရင် ဒီအခြေအနေက သိပ်မများဘူးလို့ ငါထင်တယ်"

ကျွင်းရှောင်ယောက်က အေးဆေးတည်ငြိမ်စွာ ပြောလိုက်သည်။

မင်းသမီးလုံကျိ တိတ်ဆိတ်သွား၏။

ယင်းက အမှန်ပင်။

အဖိုးတန် နဂါးအလောင်းနှင့် နှိုင်းယှဉ်ကြည့်ပါက
အချိန်တခဏမှာ ဘာမျှမဖြစ်ပေ။

တခြားသူသာဆိုလျှင် ဤနဂါးအလောင်းအတွက်
ကျွင်းရှောင်ယောက်၏ စီးတော်ဖြစ်ရန်ပင်
သေချာပေါက် တိုက်ပွဲဝင်ကြပေလိမ့်မည်။

သို့ရာတွင် သူမ ဘယ်သူလဲ။

မြင့်မြတ်သောသွေးနှင့် နဂါးမျိုးနွယ်၏ မင်းသမီး၊
ဘိုးဘွားနဂါးသိုက်၏ ရှေးဟောင်းလူထူးဆန်း။

ဤသည်မှာ အရည်အချင်းကိစ္စမဟုတ်ဘဲ
ဂုဏ်သိက္ခာပိုင်းကို ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

၎င်းက ရှန်းကုကမ္ဘာ၌သာ ကျွင်းရှောင်ယောက်၏
စီးတော် ဖြစ်ခဲ့သည်။

သို့သော်လည်း အနာဂတ်တွင် နဂါးမျိုးနွယ်မှ
မင်းသမီးအဖြစ် သူမ၏ ဂုဏ်သိက္ခာက
ညှိုးနွမ်းသွားလိမ့်မည်။

မင်းသမီးလုံကျို၏ ပြောင်းလဲလာသော
အမူအရာကိုမြင်တော့ ကျွင်းရှောင်ယောက်က
ခေါင်းကို အနည်းငယ်ခါယမ်းပြီး ပြောလိုက်သည်။
"ဒါဆိုရင်လည်း မေ့လိုက်ပါ၊ ငါ ဘယ်သူ့ကိုမှ
အတင်းအကြပ် မလုပ်ဘူး"

ယခု အကူအညီတောင်းနေသူမှာ သူမဟုတ်ဘဲ
မင်းသမီးလုံကျို ဖြစ်သည်။

မင်းသမီးလုံကျိုလည်း
အံကိုကြိတ်ထားလိုက်လေသည်။
ဤနဂါးအလောင်း၏ ဆွဲဆောင်မှုမှာ
သေစေလောက်အောင်ပင် ဖြစ်သည်။

၎င်းကို သန့်စင်နိုင်လျှင်
ကောင်းကင်နတ်ဘုရားနယ်ပယ်သို့ ဖြတ်ကျော်ရန်မှာ
မဖြစ်နိုင်တာ မဟုတ်ပေ။

မင်းသမီးလုံကျိုအနေဖြင့် အိုလွမ်ကိုသတ်လျှင်
အိုကွမ်နှင့် နဂါးမျိုးနွယ်၏ လက်စားချေခြင်းကို
ဆွဲဆောင်မိသွားမည် ဖြစ်သည်။

သူမအနေဖြင့် ၎င်းတို့နှင့်ယှဉ်ပြိုင်နိုင်စွမ်းကို
ရရှိလိုပါက နဂါးရုပ်အလောင်းကို ရယူရလိမ့်မည်။

ထိုအတွက်ကြောင့်......

မင်းသမီးလူ့ကျို၏ မျက်နှာပေါ်တွင်
စိတ်ပိုင်းဖြတ်ထားသည့် အကြည့်များ
တောက်ပလာသည်။

"ကောင်းပြီ၊ ငါနင့်ကို ကတိပေးတယ်"

စကားတစ်ခွန်းဖြင့် ကမ္ဘာကြီးတစ်ခုလုံး
တိတ်ဆိတ်သွားသည်။

ကျွင်းမူလန်နှင့် တခြားသူ အားလုံးလည်း

အံ့သြသွားကြ၏။

ပြင်ပကမ္ဘာမှ ပါရမီရှင်များလည်း သရဲတစ္ဆေကို နေ့ခင်းကြောင်တောင် မြင်လိုက်ရသကဲ့သို့ပင်။

"ဒါဆို မင်းမှာ ဘာရှိလဲ ငါ့ကို ပြပါ" ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

မင်းသမီးလုံကျိုလည်း အံ့ကြိတ်ကာ လှပသော မျက်လုံးများဖြင့် ကျွင်းရှောင်ယောက်ကို စိုက်ကြည့်လိုက်၏။

သူမ၏ သိမ်မွေ့သော ခန္ဓာကိုယ်က တုန်ယင်သွားကာ အလင်းရောင်များ တောက်ပ တောက်ပလာသည်။

ခဏအကြာတွင် ကြည်လင်သော နဂါးဟိန်းဟောက်သံ ထွက်ပေါ်လာခဲ့၏။

မင်းသမီးလုံကျိက သူမရဲ့ ပုံစံအစစ်အမှန်ကို ထုတ်ဖော်ခဲ့ပေပြီ။

သူမက သွယ်လျသော နတ်နဂါးအဖြစ်သို့ ပြောင်းလဲသွားသည်။

ဤနတ်နဂါးသည် သေးသွယ်လျသော ရုပ်ပုံမျိုးရှိ၏။ သူမသည် ရှေးဟောင်း နဂါးပြာကေရာဇ် သွေးမျိုးဆက်ကို ပိုင်ဆိုင်ထားသောကြောင့် သူမ၏ နဂါးအကြေးခွံများကလည်း အပြာရောင်ဖျော့ဖျော့ဖြစ်ကာ သက်တန့်ရောင်များဖြင့် ရောယှက်နေသည်။

နတ်နဂါးတစ်ကောင်လုံးက တစ်ခုလုံးသည်
အလွန်မြင့်မြတ်ပြီး လှပခဲ့ပေသည်။

၎င်းတွင် နဂါးမျိုးနွယ်၏ ခမ်းနားသော ရောင်ဝါကိုပင်
ထင်ရှားစေခဲ့သည်။

"တော်တော်လှတာပဲ"

ကျွင်းရှောင်ယောက်လည်စ ခြေတစ်ချက်လှမ်းကာ
နတ်နဂါး၏ ဦးခေါင်းပေါ်သို့
တိုက်ရိုက်တက်လိုက်သည်။

မင်းသမီး၏ နဂါးမျက်လုံးများမှာလည်း ဒေါသနှင့်
ပြည့်နှက်သွား၏။

တစ်စုံတစ်ယောက်က သူမ၏ ဦးခေါင်းထက်

တက်စီးခြင်းမှာ ဒါ ပထမဆုံးအကြိမ် ဖြစ်သည်။

ပတ်ဝန်းကျင်ရှိလူတိုင်း အံ့အားသင့်သွားခဲ့ကြသည်။

ဘိုးဘွားနဂါးသိုက်၏ ရှေးဟောင်းလူထူးဆန်း၊ နဂါးမင်းသမီးကို တစ်ရက်တွင် ကျွင်းရှောင်ယောက်၏ စီးတော်ဖြစ်လာမည်ဟု မည်သူက မျှော်လင့်ထားခဲ့ပါမည်နည်း။

"ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်က ကတယ် ကတိတည်တယ်၊ အရင်က မင်းသမီးလုံကျိကို ထိပ်တိုက်တွေ့တုန်းက သူ့စီးတော် ဖြစ်ထိုက်တယ်လို့ ပြောခဲ့တယ်။ ဒါက တကယ်ဖြစ်လာမယ်လို့ မမျှော်လင့်ထားဘူး"

အပြင်လူတော်တော်များများလည်း

တစ်ယောက်ကိုတစ်ယောက် ထိတ်လန့်တကြားဖြင့်
ကြည့်လိုက်ကြသည်။

ယခင်က ကျွင်းရှောင်ယောက်ပြောခဲ့စဉ်တွင်
လူတိုင်းက ဟာသဟု ထင်နေခဲ့ကြသည်။

ယင်းက တကယ်ဖြစ်လာလိမ့်ဟု
ဘယ်သူကထင်ထားခဲ့မည်နည်း။

တစ်ချိန်တည်းမှာပင်...

ရှန်းကုကမ္ဘာ အပြင်ဘက်မှာ ရှန်းကုကြေးမုံပြင်တွင်...

ဘိုးဘွားနဂါးသိုက်မှ လူတိုင်း ထုံကျဉ်နေကာ
သူတို့မြင်နေရသည်ကို မယုံကြည်နိုင်တော့ပေ။

လုံအိုထျန်းဟာ ကျွင်းရှောင်ယောက်ကို ရှုံးနိမ့်ခဲ့ပြီး
အဖိုးတန်နဂါးအနှစ်သာရ ခုနစ်ခုကိုပင်
လုယက်ခံခဲ့ရသည်။

မင်းသမီးလုံကျိုကမူ လုံအိုထျန်းကို
ဆန့်ကျင်ရုံသာမကဘဲ ယခုအခါ
ကျွင်းရှောင်ယောက်၏စီး စီးတော်ပင်
ဖြစ်လာခဲ့ချေပြီ။

"မဟုတ်ဘူး၊ ဒါက တကယ် မဟုတ်ဘူးလို့
ပြောကြစမ်းပါ"

"မဖြစ်နိုင်ဘူး၊ နဂါးနှစ်ကောင်မွေးရင်
ဘိုးဘွားနဂါးသိုက်ကြီး ကြီးပွားချမ်းသာလာမယ်ဆို၊
ငါ့ဘိုးဘွားနဂါးသိုက်ရဲ့ မာနက ဘယ်လိုလုပ်ပြီး

ဒီလောက် ထိုးကျသွားရတာလဲ"

ဘိုးဘွားနဂါးသိုက်၏ အကြီးအကဲများအားလုံး ဤရလဒ်ကို လက်မခံနိုင်ဘဲ အော်ဟစ်ခဲ့ကြသည်။

ကျွင်းရှောင်ယောက်၏ရှေ့မှာ သူတို့ ဘိုးဘွားနဂါးသိုက်၏ ပါရမီရှင်များက ဆိုးဆိုးရွားရွား ရှုံးနိမ့်ခဲ့ရပြီ။

"မင်းသမီးက တခြားသူရဲ့စီးတော် ဘယ်လိုဖြစ်သွားရတာလဲ"

နဂါးပြာမိုလ်ချုပ်၊ နဂါးနီမိုလ်ချုပ်၊ နဂါးဖြူမိုလ်ချုပ်နှင့် နဂါးဖြူမိုလ်ချုပ်ကဲ့သို့ မင်းသမီးလုံကျ၏ အစောင့်အရှောက်များလည်း မယုံနိုင်လောက်အောင် ဖြစ်သွားခဲ့ကြသည်။

"ဟားဟားဟား"

ဆန့်ကျင်ဘက်ကတော့ ကျွင်းမိသားစုပင်။

ကျွင်းကျန်းထျန်းနှင့် အခြား မျိုးနွယ်စု
အကြီးအကဲများအားလုံး နားစွင့်ကာ
ရယ်မောလိုက်ကြသည်။

ကျွင်းရှောင်ယောက်၏ နည်းလမ်းများက
၎င်းတို့၏မျှော်လင့်ချက်များကို ကျော်လွန်သွားခဲ့ပြီ။

အားလုံးကို ခြုံပြောရလျှင် ပြင်ပကမ္ဘာကြီးတစ်ခုလုံး
မငြိမ်းချမ်းနိုင်တော့ပေ။

ဘိုးဘွားနဂါးသိုက်နှင့် ကျွင်းမိသားစုမှ မျိုးဆက်သစ်
လူငယ်များကြား တိုက်ပွဲတွင် ဘိုးဘွားနဂါးသိုက်က

ဆိုးရွားစွာ ရှုံးနိမ့်ခဲ့ရသည်။

"ဒီရှန်းကုတိုက်ပွဲရဲ့ နောက်ဆုံးရလဒ်က ဘယ်လိုဖြစ်မလဲ”

လူအများက တွေးနေခဲ့မိသည်။

ယခုတွင် ကျွင်းရှောင်ယောက်က ရှန်းကုကမ္ဘာကို ဝင်ရောက်လာချိန်မှစ၍ ကျွင်းမိသားစု၏ မူလအားနည်းချက်သည် တိုက်ရိုက်ပြောင်းပြန်ဖြစ်သွားပုံရသည်။

သို့သော်လည်း မျက်လုံးထဲတွင် အရောင်အနည်းငယ်လက်နေသည့် လူများစွာလည်း ရှိသေးသည်။

ဘိုးဘွားနဂါးသိုက်နှင့် တခြားအင်အားစုများက

ဤကိစ္စကို လွယ်လွယ်နှင့် အလွတ်မပေးမှာကို
ကြောက်ရသည်။

အတွင်းဇာတ်လမ်းကို ယောင်ဝါးဝါးသိသော
အင်အားစုအချို့ကလည်း
စောင့်မျှော်နေနေခဲ့ကြပေသည်။

ရှန်းကုတာအိုရေကန်တွင်....

ကျွင်းရှောင်ယောက်က နတ်နဂါး၏ဦးခေါင်းထက်တွင်
ရပ်နေသဖြင့် နတ်တစ်ပါးနှင့်
ပို၍တူသယောင်ရှိခဲ့သည်။

"လုံလောက်ပြီလား"

နတ်နဂါးထံမှ မင်းသမီးလုံကျို၏အသံ

ထွက်ပေါ်လာသည်။

"ငါ့ကို ဘယ်လိုခေါ်ရမလဲဆိုတာ မေ့သွားပြီလား"
ကျွင်းရှောင်ယောက်က ပြောလိုက်၏။

"သ...သခင်..."
နတ်နဂါးလည်း ဒေါသကို ထိန်း၍ထပ်ခေါ်လိုက်သည်။

"ရှန်းကုကမ္ဘာရဲ့ ဒီလိုအချိန်မျိုးမှာ မင်းပိုပြီးသတိရှိဖို့နဲ့ မင်းတာဝန်ကို စီးတော်တစ်ခုအနေနဲ့ ကောင်းကောင်း လုပ်လိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်"
ကျွင်းရှောင်ယောက်က နတ်နဂါး၏ဦးခေါင်းမှ ထွက်ခွာသွားခဲ့သည်။

နတ်နဂါးလည်း သူ၏ ခန္ဓာကိုယ်ကို လှုပ်ခါလိုက်ရာ

နတ်အလင်းတန်းများ လင်းလက်သွားပြီး
မင်းသမီးလုံကျို အဖြစ်သို့
ပြောင်းလဲသွားပြန်တော့သည်။

ချစ်စရာကောင်းသော သူမ မျက်နှာပေါ်မှာတော့
ရှက်ရွံ့မှုဖြင့် မျက်နှာတစ်ခုလုံး နီမြန်းနေသည်။

"မင်းကိုပေးမယ်"

ကျွင်းရှောင်ယောက်က နဂါးအလောင်းကို
လွှင့်ပစ်လိုက်သည်။

ထိုမှသာ မင်းသမီးလုံကျိုက ဒေါသကို အနည်းငယ်
ထိန်းထားနိုင်ကာ လှပသော မျက်လုံးများတွင်လည်း
အလင်းရောင်တစ်ခု ထွက်ပေါ်လာခဲ့သည်။

သူမတွင် ဤနဂါးအလောင်းရှိနေသရွေ့

ကောင်းကင်နတ်ဘုရားနယ်ပယ်သို့ဖြတ်ကျော်ရန် မျှော်လင့်ချက် ရှိသည်။

"ရှောင်ယောက်၊ သူ့ခွန်အားတွေ တိုးလာရင်..."

ကျွင်းမူလန်နှင့် တခြားသူများက ပြောလိုသော်လည်း တွန့်ဆုတ်နေကြသည်။

"ကိစ္စမရှိပါဘူး၊ ငါ့နှလုံးသားထဲမှာ ဘာတွေလုပ်နေလဲဆိုတာ သေချာသိတယ်"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

ထုံးစံအတိုင်း၊ မင်းသမီးလုံကျိုကလည်း သူ့ကို ပြန်ကိုက်သည်အထိ တုံးအမည် မဟုတ်ပေ။

ထို့ပြင် သူကိုယ်တိုင်က အကြွင်းအကျန်

အင်မော်တယ်သွေးကို ရခဲ့သည်။

ဤအကြွင်းအကျန် အင်အော်တယ်သွေးက ထိုနဂါးရုပ်ထက် အဆများစွာ အဖိုးတန်ပေသည်။

ကျွင်းရှောင်ယောက်က အကြွင်းအကျန် အင်မော်တယ်သွေးကို သန့်စင်လိုက်လျှင် နဂါးအလောင်းကို သန့်စင်ထားသော မင်းသမီးလုံကျိုကို ဆက်တိုက်အနိုင်ယူနိုင်ဦးမည် ဖြစ်သည်။

"စကားမစပ်၊ နဂါးဒြပ်ခုနစ်က..."
မင်းသမီးလုံကျိုက ထပ်ပြောလိုက်သည်။

"အဲဒါကို မစဉ်းစားနဲ့တော့"

ကျွင်းရှောင်ယောက်က မင်းသမီးလုံကျို၏
အတွေးများကို ဖြတ်တောက်လိုက်သည်။

နဂါးအနှစ်သာရခုနစ်ခုသည်
ကျွင်းရှောင်ယောက်အတွက် အသုံးဝင်သောကြောင့်
မင်းသမီးလုံကျိုကိုပေးရန် သဘာဝအားဖြင့်
မဖြစ်နိုင်ပါချေ။

မင်းသမီးလုံကျိုလည်း ကျွင်းရှောင်ယောက်ကို
ဒေါသတကြီးဖြင့် စိုက်ကြည့်လိုက်သည်။ သို့ရာတွင်
သူမကလည်းသေွးတိုးစမ်းရုံဖြစ်ပြီး
နဂါးအနှစ်သာရများ ပေးအပ်မည်ဟု
မျှော်လင့်မထားပေ။

ရှန်းကုတာအိုရေကန်အတွက် တိုက်ပွဲကတော့ ယခု
ပြီးဆုံးသွားခဲ့ပြီ ဖြစ်သည်။

အကြီးမားဆုံး ရိတ်သိမ်းသူက ကျွင်းရှောင်ယောက်
ဖြစ်မည်မှာ သေချာသည်။

တခြားသူများကတော့ ဘာမှမရနိုင်ခဲ့ပေ။

ထို့နောက် ကျွင်းရှောင်ယောက်က နောက်အစီအစဉ်ကို
စဉ်းစားခဲ့သည်။

အစစ်အမှန်နတ်ဘုရားနယ်ပယ်
ကြီးမားသောပြီးပြည့်စုံမှုက မလုံလောက်ကြောင်း
သူခံစားခဲ့ရပေသည်။

ဘုရင်ငယ်လေးပါးကို မဆိုထားနှင့်...

နိုးထလာမည့် ရှေးဟောင်းလူထူးဆန်းများ၏
နယ်ပယ်ကပင် သူ့ထက် သန်မာနေနိုင်သည်။

'ဒါထက်၊ ရှန်းကုကမ္ဘာမှာ အိပ်စက်နေတဲ့ ငါ့ရဲ့
ကျွင်းမိသားစုက
ရှေးဟောင်းလူထူးဆန်းတွေရှိတယ်လို့
ကျွင်းလုံခန်းပြောတာ ကြားဖူးတယ်၊ ဒါပေမယ့်
ဘယ်မှာမှန်းမသိဘူး'
ကျွင်းရှောင်ယောက် သူ့ကိုယ်သူ တွေးလိုက်မိသည်။

သို့သော်လည်း ယခုအချိန်တွင် ကျွင်းရှောင်ယောက်
အလိုအပ်ဆုံးအရာက နောက်ဆုတ်ကျင့်ကြံခြင်းပင်။

နယ်ပယ်ကို ချိုးဖြတ်ရုံသာမကဘဲ
ထာဝရအင်မော်တယ်ခန္ဓာကိုယ်လည်း လေ့ကျင့်ရမည်
ဖြစ်သည်။

'ငါ တကယ်ကို စောင့်မျှော်နေမိတယ်၊ ဒီတစ်ခါ နောက်ဆုတ်ပြီးရင် ငါ့ရဲ့ ခွန်အားက ဘယ်လောက်ထိအောင် တိုးမြင့်လာမလဲ'

ကျွင်းရှောင်ယောက်၏ နှုတ်ခမ်းများက အပြုံးတစ်ခုလို တွန့်ကွေးသွားခဲ့သည်။

--------

အခန်း ( ၄၃၃ ) နောက်တဖန် ပြန်ဆုတ်ခွာသွားသည်၊ အင်အားစုအားလုံး လှုပ်ရှားလာကြခြင်း၊ ရှေးဟောင်းလူထူးဆန်းများ အိပ်စက်ရာ ရှေးဝိညာဉ်ရေးပြည်။

ကျွင်းရှောင်ယောက်က နောက်လာမည့် အစီအစဉ်များကို စဉ်းစားထားပြီးသား ဖြစ်သည်။

ပထမဦးစွာ တတ်နိုင်သမျှ ခွန်အားတိုးလာစေရန် တိတ်တဆိတ် လေ့ကျင့်ရပေမည်။

ထို့နောက် ကျွင်းမိသားစု၏ ရှေးဟောင်းလူထူးဆန်းများ အိပ်စက်နေသည့်နေရာကို သွားကြည့်ရမည်။

ဖြစ်နိုင်လျှင် အခြားရှေးဟောင်းတော်ဝင်မိသားစုနှင့် သတ္တများကို သင်ခန်းစာကောင်းကောင်း ပေးရပေလိမ့်မည်။

ထို့နောက်မှာတော့ အခွင့်အလမ်းများကို ရှာဖွေရန် ရှန်းကုကမ္ဘာ၏ နက်နဲရာသို့ သွားရောက်ရမည်။

သူက ကြေးအင်မော်တယ်နန်းတော်၏

သတင်းကိုလည်း အာရုံစိုက်ရပေဦးမည်။

'တိတ်တဆိတ်လေ့ကျင့်ဖို့အတွက်
ရှန်းကုတာအိုရေကန်ကို ရွေးမယ်"

ကျွင်းရှောင်ယောက်က အခြားနေရာများကို ရှာဖွေရန်
ပျင်းရိလွန်းလှသည်။

ထို့ပြင် ရှန်းကုတာအိုရေကန်တွင် ဝိညာဉ်စွမ်းအင်
ကြွယ်ဝ၏။ ဤနေရာက
တိတ်တဆိတ်ကျင့်ကြံခြင်းအတွက်
ပြီးပြည့်စုံသောနေရာ ဖြစ်ခဲ့သည်။

ကျွင်းရှောင်ယောက်က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။

"ဒီနေရာဟာ ငါနတ်ဘုရားသားတော်
တိတ်တဆိတ်ကျင့်ကြံတဲ့ နေရာဖြစ်လိမ့်မယ်။

တခြားလူအားလုံး ဆယ့်ငါးမိနစ်အတွင်း
ထွက်သွားလိုက်ပါ။ မဟုတ်ရင် မင်းတို့အားလုံးကို
ငါသတ်မယ်"

ကျွင်းရှောင်ယောက်၏ ရိုးရှင်းသော စကားလုံးများ
အင်မော်တယ်နယ်မြေကြီးမှ ပါရမီရှင်များနှင့်
ရှန်းကုသတ္တဝါများကို တုန်လှုပ်စေခဲ့သည်။

ထို့နောက်မှာတော့ အားလုံးသည်ပင် ကမန်းကတန်း
ပြန်ဆုတ်သွားတော့သည်။

ခဏလေးအတွင်းမှာပဲ ကျွင်းရှောင်ယောက်နှင့်
သူ့ပတ်ဝန်းကျင်မှ လူများသာ
ရှန်းကုတာအိုရေကန်တွင် ကျန်ရစ်ခဲ့ကြသည်။

မင်းသမီးလုံကျိုကတော့ စကားတစ်ခွန်းမှ မပြောဘဲ

တစ်နေရာရာကို သူ့ဘာသာသူ ရှာဖွေကာ
နဂါးအလောင်းကို သန့်စင်ရန် ပြင်ဆင်ခဲ့သည်။

လှဲ့မင်ယွမ်ကလည်း မိုးကြိုးသားရဲ၏
အကြွင်းအကျန်များကို သန့်စင်ရန် နေရာတစ်ခုကို
ရှာသွားခဲ့လေသည်။

သူက ကျွင်းရှောင်ယောက်၏
ကျွန်သာသာဖြစ်လျှင်ပင် သူ၏ခွန်အားက
ပိုမိုတိုးတက်သင့်သည်ဟု ခံစားမိခဲ့သည်။

ကျန်တာကတော့ ကျွင်းမူလန်တို့ စီကွမ်သုံးယောက်
ဖြစ်ချေသည်။

"ငါ့ရဲ့ ဆုတ်ခွာချိန်ဟာ
အချိန်အတိုင်းအတာတစ်ခုအထိ ကြာနိုင်တယ်။

ဒီအတောအတွင်းမှာ မင်းတို့
နောက်ဆုတ်လေ့ကျင့်နိုင်သလို
အခွင့်အလမ်းတွေကိုလည်း ရှာဖွေနိုင်ကြတယ်"

"ဒီနေရာက သတင်းတွေ ပြန့်နှံ့သွားပြီးနောက်မှာတော့
ကျွင်းမိသားစုကို နှိုးဆော်ဝံ့သူတွေ အများကြီး
မရှိလောက်တော့ပါဘူး"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"ကောင်းပြီလေ၊ အရေးကြီးဆုံးက နင့်ရဲ့ ခွန်အားကို
မြှင့်တင်ဖို့ပါပဲ။ ငါတို့အတွက် စိတ်မပူနဲ့"

ကျွင်းမူလန်နှင့် မိန်းကလေး သုံးယောက်လည်း
ပြောဆိုလိုက်ကြသည်။

ယခုအချိန်တွင် ကျွင်းရှောင်ယောက်က
ကျွင်းမိသားစု၏ မျိုးဆက်သစ်ကျောရိုးဖြစ်သည်ဟု

ဆိုလျှင် မှားမည်မဟုတ်ပေ။

ကျွင်းရှောင်ယောက်လည်း အနည်းငယ် ခေါင်းညိတ်လိုက်သည်။

ကျွင်းမူလန်က ပြုံးပြီးပြောလေသည်။

"ဒီအမက အရမ်းသိချင်နေမိတယ်၊ တံခါးပိတ်ကျင့်ကြံပြီးရင် နင့်ရဲ့ ခွန်အားက ဘယ်လောက်ထိ သန်မာလာမှာလဲ"

"ဘယ်လိုပြောရမလဲ၊ ရှန်းကုကမ္ဘာကို အလျားလိုက် တွန်းထုတ်ဖို့က ပြဿနာမဖြစ်သင့်ဘူး"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြုံးလိုက်၏။

ကျွင်းမူလန်တို့သုံးယောက်လည်း မျက်လုံးများ

တောက်ပသွားတော့သည်။

ကျွင်းရှောင်ယောက်က မာနကြီးပုံရသော်လည်း ဘယ်တော့မှ စကားကြီးစကားကျယ် မပြောတတ်ပေ။

သူက ရှန်းကုကမ္ဘာကို အလျားလိုက် တွန်းနိုင်သည်ဟု ပြောလာသောကြောင့် ရှန်းကုကမ္ဘာကို အလျားလိုက် သဘာဝအတိုင်း တွန်းနိုင်မည်။

ထို့နောက်တွင် ကျွင်းရှောင်ယောက်က တာအိုရေကန်လေးခုဆုံရာ အလယ်ဗဟိုသို့ ရောက်လာသည်။

ဤနေရာတွင် ဝိညာဉ်ချီက အလွန်သိပ်သည်း၍ မြူမှုန်များအဖြစ်သို့ပင် ပြောင်းလဲသွားရသည်။

"စလိုက်ရအောင်"

ကျွင်းရှောင်ယောက်လည်း သူ၏ စိတ်အခြေအနေကို
တည်ငြိမ်စေပြီးနောက် လေ့ကျင့်ရန်
စတင်ပြင်ဆင်ခဲ့သည်။

သူက နဂါးအနှစ်သာရခုနစ်ခုကို ဦးစွာ
ထုတ်ယူခဲ့လေသည်။

၎င်းသည် မူလက လုံအိုထျန်း၏ ဝှက်ဖဲများထဲမှ
တစ်ခုဖြစ်သည်။ ယခုတော့ ကျွင်းရှောင်ယောက်က
လုယူသွားခဲ့ပြီ။

'ကေရာဇ်နဂါးသွေးကို တစ်ခါတည်း မသန့်စင်နိုင်ခဲ့တာ
စိတ်မကောင်းစရာပဲ'

ကျွင်းရှောင်ယောက်က သက်ပြင်းချလိုက်သည်။

သို့သော်လည်း ၎င်းကို တွေးကြည့်ရလျှင် ဤနဂါးအနှစ်သာရ ခုနစ်မျိုးက လုံအိုထျန်းမှ သန့်စင်ထားခဲ့ခြင်း ဖြစ်သည်။ အတိအကျပြောရလျှင် ထိုအရာများက သူနှင့်မသက်ဆိုင်ပေ။

သို့ရာတွင် ဧကရာဇ်နဂါးသွေးကတော့ လုံအိုထျန်းနှင့်အတူ မွေးဖွားလာခဲ့သည့်အရာ ဖြစ်သည်။ သို့ဖြစ်ပေရာ သဘာဝအတိုင်း ထုတ်ယူရန် ဤမျှလွယ်ကူမည် မဟုတ်ပေ။

"လုံအိုထျန်း၊ မင်း မြန်မြန်ကြီးထွားလာရင် ပိုကောင်းမယ်။ မဟုတ်ရင် ငါ မကြိုက်ဘူး"

ကျွင်းရှောင်ယောက်က ရယ်မောလိုက်သည်။

ကျွင်းရှောင်ယောက်လည်း ဤနဂါးအနှစ်သာရ ခုနစ်ခုကို စတင် သန့်စင်လိုက်လေသည်။

သူ၏ ခွန်အားများ တိုးလာသည်နှင့်အမျှ ကောင်းကင်ပြာဘိုးဘေးနဂါးချုပ်ဝတ်၏ ခံစစ်စွမ်းအားမှာ အနည်းငယ် အားနည်းလာခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် ဤနဂါးအနှစ်သာရ ခုနစ်ခုကို အသုံးပြုကာ ကောင်းကင်ပြာဘိုးဘေးနဂါးချုပ်ဝတ်၏ ခံစစ်စွမ်းအားကို တိုးမြှင့်ရန်အတွက် သန့်စင်လိုက်ချင်သည်။

ထို့အပြင် ကျွင်းရှောင်ယောက်က ဤနဂါးအနှစ်သာရ ခုနစ်ခု၏ စွမ်းအားကိုလည်း အလိုအလျောက် ထိန်းချုပ်ရနိုင်သည်။

ရှန်းကုတာအိုရေကန်ကြီးတစ်ခုလုံး
တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။

သို့သော်လည်း ဤနေရာတွင် ဖြစ်ပျက်ခဲ့သည်များက
လျင်မြန်စွာ ပျံ့နှံ့နေမည်မှာ သေချာလှပေသည်။

ကျွင်းရှောင်ယောက် လုပ်ခဲ့သမျှ အရာအားလုံးမှာ
အသေးအဖွဲမဟုတ်ပေ။

သို့ရာတွင် ဆန့်ကျင်ဘက်အနေဖြင့်
ကျွင်းရှောင်ယောက်ဟာ ထိုအရာကြောင့် ရန်သူများ
ပိုများလာရသည်။

မည်သို့ဆိုစေ၊ ရှန်းကုကမ္ဘာကြီးတွင် မုန်တိုင်းတစ်ခုက
အရှိန်ပြင်းပြင်းဖြင့် ဝင်လာသည်ကိုတော့ လူတိုင်း

သတိပြုမိနေခဲ့ပြီ။

.........

ရှန်းကုတာအိုရေကန်နှင့် မဝေးလှသော
နေရာတစ်ခုတွင်...

ဟင်းလင်းပြင်တွင်း၌ လှပသောရုပ်သွင်တစ်ခု
ထွက်ပေါ်လာသည်။ ၎င်းမှာ ရန်ယုမန်ပင်
ဖြစ်ချေသည်။

သူမ၏ လှပသော မျက်လုံးများမှ
နတ်ဆိုးအလင်းတန်းများကတော့ ကွယ်ပျောက်နေခဲ့ပြီ
ဖြစ်သည်။

သူမ၏ မျက်နှာကတော့ ဖြူဖျော့နေပြီး
အနအနည်းငယ်လည်း ပန်းနွမ်းနယ်လျက်ရှိသည်။

သို့ရာတွင် တစ်ချိန်တည်းမှာပဲ သူ့မျက်နှာပေါ်၌
ရှက်ရွံ့မှုတစ်ခု ပေါ်လာသည်။

"ငါ ကျွင်းရှောင်ယောက်ကို တကယ်နမ်းခဲ့တာ၊
ယုံတောင် မယုံနိုင်ဘူး...."

ရန်ယုမန်၏ ခံစားချက်များ ရှုပ်ထွေးနေခဲ့သည်။

သူမဟာ ရည်ရွယ်ချက်ရှိရှိ မဟုတ်သော်လည်း
ထူးဆန်းသည့်ခံစားချက်တစ်ခု အမြဲရှိနေခဲ့ရသည်။

"ငါတို့ဘာဆက်လုပ်ရမလဲ"

ရန်ယုမန် အနည်းငယ် စိတ်ရှုပ်သွားသည်။

ထိုအချိန်တွင် ရန်ယုမန်၏ စိတ်ထဲ၌ အမျိုးသမီး အသံတစ်ခု ထွက်ပေါ်လာသည်။

"ရှေးဝိညာဉ်ပြည်ကို သွားပါ။ နတ်ဆိုးမျိုးနွယ်ရဲ့ ရှေးဟောင်းလူထူးဆန်းက အဲဒီနေရာမှာ အိပ်နေပုံရတယ်။ သူ့ကို နှိုးဖို့ နည်းလမ်းကို နင်စဉ်းစားနိုင်တယ်။"

"ကောင်းပါပြီ၊ ကျွန်မ လိုက်နာမယ်၊ ဒါပေမယ့် မြင့်မြတ်တဲ့ နတ်ဆိုးမျိုးဆက်ကို ကျွင်းရှောင်ယောက်နဲ့ ဆက်ဆံခွင့်ပေးရမလား"

ရန်ယုမန်က မေးသည်။

"မလိုပါဘူး၊ ဒီလတ်ဆတ်တဲ့ အသားလေးတွေက အရသာရှိလွန်းတယ်။ သူ့မှာ တစ်သန်းမှာ

တစ်ယောက်၊ မြင်ရခဲ့တဲ့ မြင့်မြတ်ခန္ဓာတစ်ခုလည်း ရှိတယ်။ သူနဲ့ နှစ်ထပ်လေ့ကျင့်နိုင်မယ်ဆိုရင် ဒါက အရမ်းကောင်းလိမ့်မယ်"

ပျင်းရိသော အမျိုးသမီး၏အသံက တောင့်တမှု အရိပ်အမြွက်များ ရှိလာခဲ့ရသည်။

ရန်ယုမန်၏ လှပသော မျက်နှာလည်း အနည်းငယ်နီမြန်းသွားလေသည်။

ဤအသံပိုင်ရှင်ဟာ ယခင်က သူမခန္ဓာကိုယ်ကို အသုံးချပြီး ကျွင်းရှောင်ယောက်ကို နမ်းခဲ့သူ ဖြစ်သည်။

ထို့နောက်မှာတော့ ရန်ယုမန်ဟာ ရှေးဝိညာဉ်ပြည်သို့ ခရီးထွက်လာခဲ့တော့သည်။

တစ်ဖက်တွင် အလုံးစုံဖီးနစ်ဝိညာဉ်တောင်တန်းမှ
ဟွမ်ထျန်းကဲက အနည်းငယ်
သနားစရာကောင်းနေသည်။

"ကျွင်းရှောင်ယောက်က
အတော်မုန်းစရာကောင်းတာပဲ"

ဟွမ်ထျန်းကဲ၏ ပုံစံမှာ ဖရိုဖရဲဖြစ်နေသည်။

ကံကောင်းထောက်မစွာဖြင့် သူ့တွင်
နတ်မီးနစ်ထာဝရမီးရှိသည်။

ဤမီးကို အင်မော်တယ်မီးဟုလည်း လူသိများ၏။
၎င်းက ဟွမ်ထျန်းကဲ၏ ခန္ဓာကိုယ်အား
အလွန်လျင်မြန်သော အရှိန်ဖြင့်
ပြန်လည်ကောင်းမွန်လာစေခဲ့သည်။

သူ့နောက်ကျောပေါ်မှ အတောင်တစ်ဝက်ကို ကျွင်းရှောင်ယောက်က ဆုပ်ဖြဲပစ်လိုက်သည်။ သို့သော်လည်း ယခုအခါ အခြားတစ်ခုက သာမန်မျက်စိဖြင့် မြင်နိုင်သော အရှိန်ဖြင့် ပြန်လည် ကြီးထွားလာနေပြီ ဖြစ်သည်။

"ငါ ဖီးနစ်သမီးတော်ကို တို့ပြန်ဖြေရှင်းဖို့ သွားရှာရမယ်။ ဘိုးဘွားနဂါးသိုက်နဲ့ အခြားသူတွေကို အသိပေးပြီး အစီအစဉ်စဖို့ အချိန်တန်ပြီ"

ဟွမ်ထျန်းကဲက တစ်ယောက်တည်း ရေရွတ်လိုက်သည်။ ထို့နောက်မှာတော့ သူ့ပုံရိပ်ဟာ အလင်းတန်းတစ်ခုကဲ့သို့ အဝေးကို ပျံသန်း ပျောက်ကွယ်သွားတော့သည်။

တစ်ဖက်မှာတော့ ဗုဒ္ဓသားတော်ဟာ သူ့ဒဏ်ရာများမှ ပြန်လည်သက်သာလာခဲ့သည်။

သူ့မျက်နှာကတော့ အေးစက်နေဆဲပင်။

"ရှေးဝိညာဉ်ပြည်ကိုသွားရမယ်၊ အဲဒီမှာ ရှေးဟောင်းလူထူးဆန်းတချို့ အိပ်နေရုံသာမကဘဲ အဲဒီနေရာတွေမှာ မြှုပ်နှံထားတဲ့ အခွင့်အလမ်းတွေလည်း အများကြီးရှိတယ်။ ငါ ပိုအားကောင်းလာဖို့ အခွင့်အလမ်းတွေကို ရနိုင်ရင် ကျွင်းရှောင်ယောက်နဲ့ ယှဉ်ပြိုင်နိုင်လိမ့်မယ်"

ဗုဒ္ဓသားတော်ဟာ အရှုံးမပေးလိုဘဲ အံကိုတင်းတင်းကြိတ်လိုက်သည်။

သေချာပေါက် သူ လက်စားချေရမည်။

တစ်ချိန်တည်းမှာပင် လျှို့ဝှက်နေရာတစ်ခုတွင် အနက်ရောင်ဝတ် အမျိုးသားအများအပြား

စုရုံးရောက်ရှိလာကြသည်။

"ငါတို့ ဘာလုပ်သင့်လဲ။
အမှောင်နတ်ဘုရားသားတော်တောင် ကျဆုံးသွားခဲ့ပြီ"

"ကျွင်းရှောင်ယောက်က အရင်
ကြွေလွင့်နတ်ဘုရားသားတော်ကို သတ်ခဲ့တယ်၊ အခု
အမှောင်နတ်ဘုရားသားတော်ကို
ထပ်သတ်လိုက်ပြန်ပြီ။ သူ အရမ်းလွန်သွားပြီ"

အနက်ရောင်ဝတ် ဤလူအားလုံးက
ကြွေလွင့်နတ်ဘုရားနန်းတော်မှ ဖြစ်သည်။

သူတို့က အမှောင်နတ်ဘုရားသားတော်နှင့်အတူ
ရှန်းကုကမ္ဘာထဲသို့ လိုက်လာခဲ့ကြသည်။

သို့ရာတွင် အမှောင်နတ်ဘုရားသားတော်က ကျွင်းရှောင်ယောက်၏လက်ထဲတွင် ထပ်မံကျဆုံးသွားသည့်သတင်းကို ကြားရမည်ဟု မျှော်လင့်မထားခဲ့ပေ။

သူတို့၏ ခွန်အားကလည်း အမှောင်နတ်ဘုရားသားတော်လောက် မသန်မာပါ။ ဤအခြေအနေဖြင့် ကျွင်းရှောင်ယောက်ကို ရှာကြည့်ခြင်းက မိမိကိုယ်ကို သတ်သေခြင်းနှင့် အတူတူပင် ဖြစ်သည်။

"ငါတို့ရဲ့ အရင်အစီအစဉ်အတိုင်း ဆက်သွားကြတာပေါ့။ ရှေးဝိညာဉ်ပြည်ကိုသွားပြီး ကြွေလွင့်နတ်ဘုရားနန်းတော်ရဲ့ ရှေးဟောင်းလူထူးဆန်းတွေကို နိုးထစေရမယ်"

"ဟုတ်တယ်၊ ကြွေလွင့်နတ်ဘုရားနန်းတော်ရဲ့
ရှေးဟောင်းလူထူးဆန်းတွေပဲ ကျွင်းရှောင်ယောက်နဲ့
ယှဉ်ပြိုင်နိုင်လိမ့်မယ်"

ဆုံးဖြတ်ချက်ချပြီးနောက်
ကြွေလွင့်နတ်ဘုရားနန်းတော်၏ ပါရမီရှင်များလည်း
ရှေးဝိညာဉ်ပြည်ကို ဦးတည် ထွက်လာကြတော့သည်။

တခဏချင်းမှာပင် ကျွင်းရှောင်ယောက်ကို
ဆန့်ကျင်သည့် အင်အားစုအားလုံး စတင်
လှုပ်ရှားခဲ့ကြသည်။

ဤပုံစံအရ ရှန်းကုကမ္ဘာကြီးတွင် ကြီးမားသည့်
ဖရိုဖရဲအခြေအနေဖြစ်မည်ကို စိတ်ကူးကြည့်နိုင်သည်။

၎င်းတို့ထဲတွင် ကျွင်းရှောင်ယောက်ကို
အမုန်းဆုံးသူကတော့ သဘာဝအတိုင်း
လုံအိုထျန်းပင်…

အိုလွမ်ဟာ လုံအိုထျန်းကို ကယ်တင်ပြီးနောက်
ပိုင်မေအာ၊ လူ့ပိကျစ်၊ အိုကျန်းနှင့်
အခြားသူများနှင့်အတူ ထွက်ခွာသွားခဲ့သည်။

--------

အခန်း ( ၄၃၃ ) နောက်တဖန် ပြန်ဆုတ်ခွာသွားသည်၊
အင်အားစုအားလုံး လှုပ်ရှားလာကြခြင်း၊
ရှေးဟောင်းလူထူးဆန်းများ အိပ်စက်ရာ
ရှေးဝိညာဉ်ရေးပြည်။

ကျွင်းရှောင်ယောက်က နောက်လာမည့်

အစီအစဉ်များကို စဉ်းစားထားပြီးသား ဖြစ်သည်။

ပထမဦးစွာ တတ်နိုင်သမျှ ခွန်အားတိုးလာစေရန် တိတ်တဆိတ် လေ့ကျင့်ရပေမည်။

ထို့နောက် ကျွင်းမိသားစု၏ ရှေးဟောင်းလူထူးဆန်းများ အိပ်စက်နေသည့်နေရာကို သူသွားကြည့်ရမည်။

ဖြစ်နိုင်လျှင် အခြားရှေးဟောင်းတော်ဝင်မိသားစုနှင့် သတ္တများကို သင်ခန်းစာကောင်းကောင်း ပေးရပေလိမ့်မည်။

ထို့နောက်မှာတော့ အခွင့်အလမ်းများကို ရှာဖွေရန် ရှန်းကုကမ္ဘာ၏ နက်နဲရာသို့ သူသွားရောက်ရမည်။

သူက ကြေးအင်မော်တယ်နန်းတော်၏
သတင်းကိုလည်း အာရုံစိုက်ရပေဦးမည်။

'တိတ်တဆိတ်လေ့ကျင့်ဖို့အတွက်
ရှန်းကုတာအိုရေကန်ကို ရွေးမယ်"
ကျွင်းရှောင်ယောက်က အခြားနေရာများကို ရှာဖွေရန်
ပျင်းရိလွန်းလှသည်။

ထို့ပြင် ရှန်းကုတာအိုရေကန်တွင် ဝိညာဉ်စွမ်းအင်
ကြွယ်ဝ၏။ ဤနေရာက
တိတ်တဆိတ်ကျင့်ကြံခြင်းအတွက်
ပြီးပြည့်စုံသောနေရာ ဖြစ်ခဲ့သည်။

ကျွင်းရှောင်ယောက်က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။

"ဒီနေရာဟာ ငါနတ်ဘုရားသားတော်
တိတ်တဆိတ်ကျင့်ကြံတဲ့ နေရာဖြစ်လိမ့်မယ်။
တခြားလူအားလုံး ဆယ့်ငါးမိနစ်အတွင်း
ထွက်သွားလိုက်ပါ။ မဟုတ်ရင် မင်းတို့အားလုံးကို
ငါသတ်မယ်"

ကျွင်းရှောင်ယောက်၏ ရိုးရှင်းသော စကားလုံးများ
အင်မော်တယ်နယ်မြေကြီးမှ ပါရမီရှင်များနှင့်
ရှန်းကုသတ္တဝါများကို တုန်လှုပ်စေခဲ့သည်။

ထို့နောက်မှာတော့ အားလုံးသည်ပင် ကမန်းကတန်း
ပြန်ဆုတ်သွားတော့သည်။

ခဏလေးအတွင်းမှာပဲ ကျွင်းရှောင်ယောက်နှင့်
သူ့ပတ်ဝန်းကျင်မှ လူများသာ
ရှန်းကုတာအိုရေကန်တွင် ကျန်ရစ်ခဲ့ကြသည်။

မင်းသမီးလုံကျိုကတော့ စကားတစ်ခွန်းမှ မပြောဘဲ
တစ်နေရာရာကို သူ့ဘာသာသူ ရှာဖွေကာ
နဂါးအလောင်းကို သန့်စင်ရန် ပြင်ဆင်ခဲ့သည်။

လဲ့မင်ယွမ်ကလည်း မိုးကြိုးသားရဲ၏
အကြွင်းအကျန်များကို သန့်စင်ရန် နေရာတစ်ခုကို
ရှာသွားခဲ့လေသည်။

သူက ကျွင်းရှောင်ယောက်၏
ကျွန်သာသာဖြစ်လျှင်ပင် သူ၏ခွန်အားက
ပိုမိုတိုးတက်သင့်သည်ဟု ခံစားမိခဲ့သည်။

ကျန်တာကတော့ ကျွင်းမူလန်တို့ စီကွမ်သုံးယောက်
ဖြစ်ချေသည်။

"ငါ့ရဲ့ ဆုတ်ခွာချိန်ဟာ
အချိန်အတိုင်းအတာတစ်ခုအထိ ကြာနိုင်တယ်။
ဒီအတောအတွင်းမှာ မင်းတို့
နောက်ဆုတ်လေ့ကျင့်နိုင်သလို
အခွင့်အလမ်းတွေကိုလည်း ရှာဖွေနိုင်ကြတယ်"

"ဒီနေရာက သတင်းတွေ ပြန့်နှံ့သွားပြီးနောက်မှာတော့
ကျွင်းမိသားစုကို နှိုးဆော်ဝံ့သူတွေ အများကြီး
မရှိလောက်တော့ပါဘူး"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

"ကောင်းပြီလေ၊ အရေးကြီးဆုံးက နင့်ရဲ့ ခွန်အားကို
မြှင့်တင်ဖို့ပါပဲ။ ငါတို့အတွက် စိတ်မပူနဲ့"

ကျွင်းမူလန်နှင့် မိန်းကလေး သုံးယောက်လည်း
ပြောဆိုလိုက်ကြသည်။

ယခုအချိန်တွင် ကျွင်းရှောင်ယောက်က ကျွင်းမိသားစု၏ မျိုးဆက်သစ်ကျောရိုးဖြစ်သည်ဟု ဆိုလျှင် မှားမည်မဟုတ်ပေ။

ကျွင်းရှောင်ယောက်လည်း အနည်းငယ် ခေါင်းညိတ်လိုက်သည်။

ကျွင်းမူလန်က ပြုံးပြီးပြောလေသည်။

"ဒီအမက အရမ်းသိချင်နေမိတယ်၊ တံခါးပိတ်ကျင့်ကြံပြီးရင် နင့်ရဲ့ ခွန်အားက ဘယ်လောက်ထိ သန်မာလာမှာလဲ"

"ဘယ်လိုပြောရမလဲ၊ ရှန်းကုကမ္ဘာကို အလျားလိုက် တွန်းထုတ်ဖို့က ပြဿနာမဖြစ်သင့်ဘူး"

ကျွင်းရှောင်ယောက်က ပေါ့ပေါ့ပါးပါး ပြုံးလိုက်၏။

ကျွင်းမူလန်တို့သုံးယောက်လည်း မျက်လုံးများ တောက်ပသွားတော့သည်။

ကျွင်းရှောင်ယောက်က မာနကြီးပုံရသော်လည်း ဘယ်တော့မှ စကားကြီးစကားကျယ် မပြောတတ်ပေ။

သူက ရှန်းကုကမ္ဘာကို အလျားလိုက် တွန်းနိုင်သည်ဟု ပြောလာသောကြောင့် ရှန်းကုကမ္ဘာကို အလျားလိုက် သဘာဝအတိုင်း တွန်းနိုင်မည်။

ထို့နောက်တွင် ကျွင်းရှောင်ယောက်က တာအိုရေကန်လေးခုဆုံရာ အလယ်ဗဟိုသို့ ရောက်လာသည်။

ဤနေရာတွင် ဝိညာဉ်ချီက အလွန်သိပ်သည်း၍

မြူမှုန်များအဖြစ်သို့ပင် ပြောင်းလဲသွားရသည်။

"စလိုက်ရအောင်"

ကျွင်းရှောင်ယောက်လည်း သူ၏ စိတ်အခြေအနေကို
တည်ငြိမ်စေပြီးနောက် လေ့ကျင့်ရန်
စတင်ပြင်ဆင်ခဲ့သည်။

သူက နဂါးအနှစ်သာရခုနစ်ခုကို ဦးစွာ
ထုတ်ယူခဲ့လေသည်။

၎င်းသည် မူလက လုံအိုထျန်း၏ ဝှက်ဖဲများထဲမှ
တစ်ခုဖြစ်သည်။ ယခုတော့ ကျွင်းရှောင်ယောက်က
လုယူသွားခဲ့ပြီ။

'ကေရာဇ်နဂါးသွေးကို တစ်ခါတည်း မသန့်စင်နိုင်ခဲ့တာ

စိတ်မကောင်းစရာပဲ'

ကျွင်းရှောင်ယောက်က သက်ပြင်းချလိုက်သည်။

သို့သော်လည်း ၎င်းကို တွေးကြည့်ရလျှင် ဤနဂါးအနှစ်သာရ ခုနစ်မျိုးက လုံအိုထျန်းမှ သန့်စင်ထားခဲ့ခြင်း ဖြစ်သည်။ အတိအကျပြောရလျှင် ထိုအရာများက သူနှင့်မသက်ဆိုင်ပေ။

သို့ရာတွင် ကေရာဇ်နဂါးသွေးကတော့ လုံအိုထျန်းနှင့်အတူ မွေးဖွားလာခဲ့သည့်အရာ ဖြစ်သည်။ သို့ဖြစ်ပေရာ သဘာဝအတိုင်း ထုတ်ယူရန် ဤမျှလွယ်ကူမည် မဟုတ်ပေ။

"လုံအိုထျန်း၊ မင်း မြန်မြန်ကြီးထွားလာရင် ပိုကောင်းမယ်။ မဟုတ်ရင် ငါ မကြိုက်ဘူး"

ကျွင်းရှောင်ယောက်က ရယ်မောလိုက်သည်။

ကျွင်းရှောင်ယောက်လည်း ဤနဂါးအနှစ်သာရ
ခုနစ်ခုကို စတင် သန့်စင်လိုက်လေသည်။

သူ၏ ခွန်အားများ တိုးလာသည်နှင့်အမျှ
ကောင်းကင်ပြာဘိုးဘေးနဂါးချပ်ဝတ်၏
ခံစစ်စွမ်းအားမှာ အနည်းငယ် အားနည်းလာခဲ့ပြီ
ဖြစ်သည်။

ထို့ကြောင့် ဤနဂါးအနှစ်သာရ ခုနစ်ခုကို အသုံးပြု၍
ကောင်းကင်ပြာဘိုးဘေးနဂါးချပ်ဝတ်၏
ခံစစ်စွမ်းအားကို တိုးမြှင့်ရန်အတွက်
သန့်စင်လိုက်ချင်သည်။

ထို့အပြင် ကျွင်းရှောင်ယောက်က ဤနဂါးအနှစ်သာရ
ခုနစ်ခု၏ စွမ်းအားကိုလည်း အလိုအလျောက်

ထိန်းချုပ်ရနိုင်သည်။

ရှန်းကုတာအိုရေကန်ကြီးတစ်ခုလုံး
တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။

သို့သော်လည်း ဤနေရာတွင် ဖြစ်ပျက်ခဲ့သည်များက
လျင်မြန်စွာ ပျံ့နှံ့နေမည်မှာ သေချာလှပေသည်။

ကျွင်းရှောင်ယောက် လုပ်ခဲ့သမျှ အရာအားလုံးမှာ
အသေးအဖွဲမဟုတ်ပေ။

သို့ရာတွင် ဆန့်ကျင်ဘက်အနေဖြင့်
ကျွင်းရှောင်ယောက်ဟာ ထိုအရာကြောင့် ရန်သူများ
ပိုများလာရသည်။

မည်သို့ဆိုစေ၊ ရှန်းကုကမ္ဘာကြီးတွင် မုန်တိုင်းတစ်ခုက အရှိန်ပြင်းပြင်းဖြင့် ဝင်လာသည်ကိုတော့ လူတိုင်း သတိပြုမိနေခဲ့ပြီ။

.........

ရှန်းကုတာအိုရေကန်နှင့် မဝေးလှသော နေရာတစ်ခုတွင်...

ဟင်းလင်းပြင်တွင်း၌ လှပသောရုပ်သွင်တစ်ခု ထွက်ပေါ်လာသည်။ ၎င်းမှာ ရန်ယုမန်ပင် ဖြစ်ချေသည်။

သူမ၏ လှပသော မျက်လုံးများမှ နတ်ဆိုးအလင်းတန်းများကတော့ ကွယ်ပျောက်နေခဲ့ပြီ ဖြစ်သည်။

သူမ၏ မျက်နှာကတော့ ဖြူဖျော့နေပြီး
အနအနည်းငယ်လည်း ပန်းနွမ်းနယ်လျက်ရှိသည်။

သို့ရာတွင် တစ်ချိန်တည်းမှာပဲ သူ့မျက်နှာပေါ်၌
ရှက်ရွံ့မှုတစ်ခု ပေါ်လာသည်။

"ငါ ကျွင်းရှောင်ယောက်ကို တကယ်နမ်းခဲ့တာ၊
ယုံတောင် မယုံနိုင်ဘူး...."

ရန်ယုမန်၏ ခံစားချက်များ ရှုပ်ထွေးနေခဲ့သည်။

သူမဟာ ရည်ရွယ်ချက်ရှိရှိ မဟုတ်သော်လည်း
ထူးဆန်းသည့်ခံစားချက်တစ်ခု အမြဲရှိနေခဲ့ရသည်။

"ငါတို့ဘာဆက်လုပ်ရမလဲ"

ရန်ယုမန် အနည်းငယ် စိတ်ရှုပ်သွားသည်။

ထိုအချိန်တွင် ရန်ယုမန်၏ စိတ်ထဲ၌ အမျိုးသမီး အသံတစ်ခု ထွက်ပေါ်လာသည်။

"ရှေးဝိညာဉ်ပြည်ကို သွားပါ။ နတ်ဆိုးမျိုးနွယ်ရဲ့ ရှေးဟောင်းလူထူးဆန်းက အဲဒီနေရာမှာ အိပ်နေပုံရတယ်။ သူ့ကို နှိုးဖို့ နည်းလမ်းကို နင်စဉ်းစားနိုင်တယ်။"

"ကောင်းပါပြီ၊ ကျွန်မ လိုက်နာမယ်၊ ဒါပေမယ့် မြင့်မြတ်တဲ့ နတ်ဆိုးမျိုးဆက်ကို ကျွင်းရှောင်ယောက်နဲ့ ဆက်ဆံခွင့်ပေးရမလား"

ရန်ယုမန်က မေးသည်။

"မလိုပါဘူး၊ ဒီလတ်ဆတ်တဲ့ အသားလေးတွေက

အရသာရှိလွန်းတယ်။ သူ့မှာ တစ်သန်းမှာ တစ်ယောက်၊ မြင်ရခဲတဲ့ မြင့်မြတ်ခန္ဓာတစ်ခုလည်း ရှိတယ်။ သူနဲ့ နှစ်ထပ်လေ့ကျင့်နိုင်မယ်ဆိုရင် ဒါက အရမ်းကောင်းလိမ့်မယ်"

ပျင်းရိသော အမျိုးသမီး၏အသံက တောင့်တမှု အရိပ်အမြွက်များ ရှိလာခဲ့ရသည်။

ရန်ယုမန်၏ လှပသော မျက်နှာလည်း အနည်းငယ်နီမြန်းသွားလေသည်။

ဤအသံပိုင်ရှင်ဟာ ယခင်က သူမခန္ဓာကိုယ်ကို အသုံးချပြီး ကျွင်းရှောင်ယောက်ကို နမ်းခဲ့သူ ဖြစ်သည်။

ထို့နောက်မှာတော့ ရန်ယုမန်ဟာ ရှေးဝိညာဉ်ပြည်သို့ ခရီးထွက်လာခဲ့တော့သည်။

တစ်ဖက်တွင် အလုံးစုံဖီးနစ်ဝိညာဉ်တောင်တန်းမှ ဟွမ်ထျန်းကဲက အနည်းငယ် သနားစရာကောင်းနေသည်။

"ကျွင်းရှောင်ယောက်က အတော်မုန်းစရာကောင်းတာပဲ"

ဟွမ်ထျန်းကဲ၏ ပုံစံမှာ ဖရိုဖရဲဖြစ်နေသည်။

ကံကောင်းထောက်မစွာဖြင့် သူ့တွင် နတ်မီးနစ်ထာဝရမီးရှိသည်။

ဤမီးကို အင်မော်တယ်မီးဟုလည်း လူသိများ၏။ ၎င်းက ဟွမ်ထျန်းကဲ၏ ခန္ဓာကိုယ်အား အလွန်လျင်မြန်သော အရှိန်ဖြင့် ပြန်လည်ကောင်းမွန်လာစေခဲ့သည်။

သူ့နောက်ကျောပေါ်မှ အတောင်တစ်ဝက်ကို ကျွင်းရှောင်ယောက်က ဆုပ်ဖြဲပစ်လိုက်သည်။ သို့သော်လည်း ယခုအခါ အခြားတစ်ခုက သာမန်မျက်စိဖြင့် မြင်နိုင်သော အရှိန်ဖြင့် ပြန်လည် ကြီးထွားလာနေပြီ ဖြစ်သည်။

"ငါ ဖီးနစ်သမီးတော်ကို တံ့ပြန်ဖြေရှင်းဖို့ သွားရှာရမယ်။ ဘိုးဘွားနဂါးသိုက်နဲ့ အခြားသူတွေကို အသိပေးပြီး အစီအစဉ်စဖို့ အချိန်တန်ပြီ"

ဟွမ်ထျန်းကဲက တစ်ယောက်တည်း ရေရွတ်လိုက်သည်။ ထို့နောက်မှာတော့ သူ့ပုံရိပ်ဟာ အလင်းတန်းတစ်ခုကဲ့သို့ အဝေးကို ပျံသန်း ပျောက်ကွယ်သွားတော့သည်။

တစ်ဖက်မှာတော့ ဗုဒ္ဓသားတော်ဟာ သူ့ဒဏ်ရာများမှ

ပြန်လည်သက်သာလာခဲ့သည်။

သူ့မျက်နှာကတော့ အေးစက်နေဆဲပင်။

"ရှေးဝိညာဉ်ပြည်ကိုသွားရမယ်၊ အဲဒီမှာ ရှေးဟောင်းလူထူးဆန်းတချို့ အိပ်နေရုံသာမကဘဲ အဲဒီနေရာတွေမှာ မြှုပ်နှံထားတဲ့ အခွင့်အလမ်းတွေလည်း အများကြီးရှိတယ်။ ငါ ပိုအားကောင်းလာဖို့ အခွင့်အလမ်းတွေကို ရနိုင်ရင် ကျွင်းရှောင်ယောက်နဲ့ ယှဉ်ပြိုင်နိုင်လိမ့်မယ်"

ဗုဒ္ဓသားတော်ဟာ အရှုံးမပေးလိုဘဲ အံကိုတင်းတင်းကြိတ်လိုက်သည်။

သေချာပေါက် သူ လက်စားချေရမည်။

တစ်ချိန်တည်းမှာပင် လျှို့ဝှက်နေရာတစ်ခုတွင်

အနက်ရောင်ဝတ် အမျိုးသားအများအပြား စုရုံးရောက်ရှိလာကြသည်။

"ငါတို့ ဘာလုပ်သင့်လဲ။
အမှောင်နတ်ဘုရားသားတော်တောင် ကျဆုံးသွားခဲ့ပြီ"

"ကျွင်းရှောင်ယောက်က အရင်
ကြွေလွင့်နတ်ဘုရားသားတော်ကို သတ်ခဲ့တယ်၊ အခု
အမှောင်နတ်ဘုရားသားတော်ကို
ထပ်သတ်လိုက်ပြန်ပြီ။ သူ အရမ်းလွန်သွားပြီ"

အနက်ရောင်ဝတ် ဤလူအားလုံးက
ကြွေလွင့်နတ်ဘုရားနန်းတော်မှ ဖြစ်သည်။

သူတို့က အမှောင်နတ်ဘုရားသားတော်နှင့်အတူ
ရှန်းကုကမ္ဘာထဲသို့ လိုက်လာခဲ့ကြသည်။

သို့ရာတွင် အမှောင်နတ်ဘုရားသားတော်က ကျွင်းရှောင်ယောက်၏လက်ထဲတွင် ထပ်မံကျဆုံးသွားသည့်သတင်းကို ကြားရမည်ဟု မျှော်လင့်မထားခဲ့ပေ။

သူတို့၏ ခွန်အားကလည်း အမှောင်နတ်ဘုရားသားတော်လောက် မသန်မာပါ။ ဤအခြေအနေဖြင့် ကျွင်းရှောင်ယောက်ကို ရှာကြည့်ခြင်းက မိမိကိုယ်ကို သတ်သေခြင်းနှင့် အတူတူပင် ဖြစ်သည်။

"ငါတို့ရဲ့ အရင်အစီအစဉ်အတိုင်း ဆက်သွားကြတာပေါ့။ ရှေးဝိညာဉ်ပြည်ကိုသွားပြီး ကြွေလွင့်နတ်ဘုရားနန်းတော်ရဲ့ ရှေးဟောင်းလူထူးဆန်းတွေကို နိုးထစေရမယ်"

"ဟုတ်တယ်၊ ကြေးလွှင့်နတ်ဘုရားနန်းတော်ရဲ့
ရှေးဟောင်းလူထူးဆန်းတွေပဲ ကျွင်းရှောင်ယောက်နဲ့
ယှဉ်ပြိုင်နိုင်လိမ့်မယ်"

ဆုံးဖြတ်ချက်ချပြီးနောက်
ကြေးလွှင့်နတ်ဘုရားနန်းတော်၏ ပါရမီရှင်များလည်း
ရှေးဝိညာဉ်ပြည်ကို ဦးတည် ထွက်လာကြတော့သည်။

တခဏချင်းမှာပင် ကျွင်းရှောင်ယောက်ကို
ဆန့်ကျင်သည့် အင်အားစုအားလုံး စတင်
လှုပ်ရှားခဲ့ကြသည်။

ဤပုံစံအရ ရှန်းကုကမ္ဘာကြီးတွင် ကြီးမားသည့်
ဖရိုဖရဲအခြေအနေဖြစ်မည်ကို စိတ်ကူးကြည့်နိုင်သည်။

၎င်းတို့ထဲတွင် ကျွင်းရှောင်ယောက်ကို
အမုန်းဆုံးသူကတော့ သဘာဝအတိုင်း
လုံအိုထျန်းပင်...

အိုလွမ်ဟာ လုံအိုထျန်းကို ကယ်တင်ပြီးနောက်
ပိုင်မေအာ၊ လူ့ပိကျစ်၊ အိုကျန်းနှင့်
အခြားသူများနှင့်အတူ ထွက်ခွာသွားခဲ့သည်။

--------

အခန်း ( ၄၃၄ ) ခုနစ်ရောင် မြင့်မြတ်
နဂါးချပ်ဝတ်တန်ဆာ၊ နဂါးမျိုးနွယ်၏ ဘိုးဘွားမြေ၊
မင်းသား အိုကွမ် ပေါ်လာသည်။

"ချီးပဲဟေ့"

လုံအိုထျန်းဟာ ကောင်းကင်ကို မော့ကြည့်ပြီး

ကျိန်ဆဲလိုက်သည်။

သူ့မျက်နှာက ဖြူဖျော့နေကာ မျက်လုံးများကလည်း အမုန်းတရားများဖြင့် ပြည့်နှက်နေလေသည်။

အမြဲတမ်း မာနကြီးခဲ့သည့် လုံအိုထျန်းဟာ ကြီးမားသည့် ထိုးနှက်ချက်အား ရင်ဆိုင်ခဲ့ရသည်။

ကျွင်းရှောင်ယောက်က သူ့ကို အနိုင်ယူခဲ့ရုံမကဘဲ နဂါးအနှစ်သာရ ခုနစ်ခုကိုလည်း သိမ်းယူသွားခဲ့ပါသေးသည်။

ပို၍အရေးကြီးသည်မှာ ကျွင်းရှောင်ယောက်က သူ၏တရားဝင်ဇနီးမယားဖြစ်လာမည့် မိန်းကလေးကို အပိုင်မသွားခဲ့ခြင်း ဖြစ်သည်။

စိတ်အတွေးများဖြင့်သာ လူသတ်နိုင်လျှင် ကျွင်းရှောင်ယောက်ဘဝက အကြိမ်ကြိမ် သေဆုံးသွားခဲ့ပြီး ဖြစ်သည်။

"သခင်လေးလုံ၊ ဆန္ဒမစောပါနဲ့၊ ရှုံးနိမ့်တာက ဘာမှမဖြစ်ပါဘူး"

အိုလွမ်က သူ့ကို နှစ်သိမ့်လိုက်သည်။

"ဟုတ်ပါတယ် အစ်ကိုအိုထျန်း၊ အဲဒါက ရှင့်အပြစ် မဟုတ်ဘူး"

လုံပိကျစ်ကလည်း သူ့ကို နှစ်သိမ့်ပေးလိုက်လေသည်။

အိုကျန်းကတော့ ခေါင်းကို အနည်းငယ်ခါယမ်းကာ ပြောလိုက်သည်။

"ပြင်ပကမ္ဘာမှာ ဒီလို မကောင်းဆိုးရွားမျိုးရှိမယ်လို့ မမျှော်လင့်ထားဘူး။ အိမ်ရှေ့မင်းသားကလွဲလို့ တခြားဘယ်သူမှ သူ့ကို မနိုမ်နင်းနိုင်ဘူးလို့ ထင်ရတယ်"

လုံအိုထျန်းလည်း အလျှော့မပေးလိုဘဲ အံကြိတ်လိုက်လေသည်။

သူ၏မာနအရ အခြားသူများမှတဆင့် ကလှဲစားချေခြင်းကို မလိုလားပေ။ ဤအရှက်တရားများကို သူ့လက်နှင့် ဆေးကြောပစ်ချင်သည်။

သို့သော်လည်း လုံအိုထျန်းအနေဖြင့် ယခုအချိန်တွင် ထို့ထက် ပို၍ကောင်းသောနည်းလမ်းကို မစဉ်းစားနိုင်သေးပေ။

အိုလွမ် ရုတ်တရက် ပြောလိုက်သည်။

"သခင်လေးလုံ၊ ဘိုးဘွားပိုင်မြေကို ဘာလို့ မပြန်ရမှာလဲ။ ဝမ်းကွဲအိုကွမ်လည်း အဲဒီနေရာမှာ သီးခြားလေ့ကျင့်နေပြီး အခွင့်အလမ်းတွေ ရနိုင်တယ်"

ယခုအခါ အိုလွမ်က လုံအိုထျန်းအကြောင်းကို စိတ်နှလုံးအကြွင်းမဲ့ တွေးပေးနေခဲ့ပြီ ဖြစ်သည်။

လုံအိုထျန်း၏ မျက်လုံးများလည်း တောက်ပလာလေသည်။

နဂါးလူသားမျိုးနွယ်၏ ဘိုးဘွားပိုင်မြေသည်လည်း အခွင့်အလမ်းကောင်းများ ဖြစ်သင့်ပြီး ပြင်ပလူများ ဝင်ရောက်ရန် လုံးဝ မဖြစ်နိုင်ပေ။

သို့ရာတွင် အိုလွမ်နှင့် ဆက်ဆံရေးကြောင့် သူ ဝင်ရောက်နိုင်တော့မည် ဖြစ်သည်။

ယင်းက သူ့အတွက် သီးခြားအခွင့်အရေးတစ်ခုပင်။

"ဒါပေမဲ့... ဒါက နည်းနည်းတော့ မသင့်တော်ဘူး မဟုတ်လား"

သို့သော်လည်း လုံအိုထျန်းက တုံ့ဆိုင်းနေဟန်ဖြင့် ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ၊ သခင်လေးလုံ... ရှင် ကျွန်မကို အပြင်လူလို ဆက်ဆံနေစရာ မလိုပါဘူး။ နောက်ပြီး ရှင့်မှာ နဂါးလူသားမျိုးနွယ်ရဲ့ သွေးမျိုးဆက်လည်း ရှိတယ်"

အိုလွမ်က အနည်းငယ် ရှက်ရွံ့ဟန်ဖြင့်

ပြောလိုက်သည်။

"မင်း ငါတို့နဲ့အတူ လိုက်လာခဲ့သင့်တယ်။
နောက်ဆုံးမှာတော့ ငါတို့အားလုံးမှာ ဘုံရန်သူရှိတယ်"
အိုကျန်းကလည်း ဝင်ပြောသည်။

"ဒါ... ကောင်းပါပြီ"
လုံအိုထျန်းလည်း ခေါင်းညိတ်လိုက်သည်။

သူက မှန်ကန်သော အလောင်းအစားကို
ပြုလုပ်နိုင်ခဲ့ပြီ။

အိုလွမ်ကို ကာကွယ်ပေးခဲ့သရွေ့
နဂါးလူသားမျိုးနွယ်၏ အခွင့်အလမ်းများက
သူ့လက်ဖျားတွင် ရှိနေမည်ဖြစ်သည်။

'ကျွင်းရှောင်ယောက်၊ မင်းငါ့ကို စောင့်နေချည်၊ ငါ ပိုပြီးသန်မာလာတဲ့အခါ မင်းသာမကဘဲ ရှန်းကုကမ္ဘာက ကျွင်းမိသားစုထဲက လူအားလုံးလည်း ပျက်စီးကိန်းဆိုက်သွားရလိမ့်မယ်'

လုံအိုထျန်းက စိတ်ထဲမှ အေးစက်စက်ဖြင့် ပြောလိုက်သည်။

ထိုအကြံအစည်ကို ရှန်းကုကမ္ဘာထဲကို မဝင်မီကတည်းက ကြိုတင်စီစဉ်ထားပြီးသား ဖြစ်သည်။

ယင်းက ကျွင်းမိသားစု၏ မျိုးဆက်သစ်လူငယ်များကို ကြီးမားသော ထိုးနှက်ချက်တစ်ခု ဖြစ်လာစေလိမ့်မည်။

ထို့နောက် လုံအိုထျန်း၊ လုံပိကျစ်၊ ပိုင်မေအာနှင့် အခြားသူများလည်း အိုလွမ်နှင့် အိုကျန်းတို့၏ ဘိုးဘွားပိုင်နယ်မြေသို့ လိုက်သွားကြလေတော့သည်။

…………

ရှန်းကုတာအိုရေကန်အပြင် အခြားနေရာများ၌ ရေလှိုင်းများက တဟုန်ထိုး တက်လာကြသည်။

နေရာတိုင်းတွင် ပါရမီရှင်များ နိုးထလာကြပြီး ပါရမီရှင်များစွာလည်း ကျဆုံးသွား၏။

ရှန်းကုကမ္ဘာကြီးတစ်ခုလုံးက အခွင့်ကောင်းတစ်ခုဖြစ်သော်လည်း အလွန်ရက်စက်လွန်းလှသည်။

အခြားသူများ မဆိုထားဘိ၊ ကျွင်းမိသားစု၏ စိတ်ကွမ်များသည်ပင် ကျဆုံးသွားခဲ့ရသည်။

ဟုတ်ပေသည်၊ ထိပ်တန်းကို ရောက်လာကြသည့် ပါရမီရှင်များလည်း ရှိခဲ့သည်။

ဥပမာအားဖြင့်၊ ရီယုဟာ ရှန်းကုကမ္ဘာ၌ နာမည်ကျော်ကြားလာခဲ့သည်။

သူဟာ မူလက ရွှမ်ထျန်းအင်မော်တယ်နယ်မြေကြီး၏ ရှေးဟောင်းဧကရာဇ်မျိုးနွယ်မှ ဆင်းသက်လာသူဖြစ်ချေသည်။ သူ့ဟာ ပါရမီထူးကဲပြီး နတ်ဘုရားစွမ်းရည်များစွာကို ကျွမ်းကျင်ပိုင်နိုင်သူဖြစ်သည်။

ရှန်းကုကမ္ဘာတွင် ကံကောင်းခြင်းအမျိုးမျိုးကို ရှာဖွေတွေ့ရှိပြီးနောက် သူ၏ခွန်အားက တဟုန်ထိုးတက်လာကာ အစစ်အမှန်နတ်ဘုရားနယ်ပယ် နှောင်းပိုင်းအဆင့်သို့ ရောက်ရှိသွားခဲ့သည်။

ကျူုးရှင်း ဖျက်ဆီးခြင်းလေးဖြင့် သူ၏ မြှားတံများက အရပ်ရပ်ကို ပျံသန်းသွားပေသည်။

ရီယုအပြင် ဆမ်ဆာရာနတ်ဆိုးဂိုဏ်းမှ ရှေးဟောင်းလူထူးဆန်း ဝမ့်ချွမ်ကလည်း နာမည်ကြီးခဲ့သည်။

နောက်ဆုံးမှာတော့ သူဟာ ရှေးဟောင်းလူထူးဆန်း တစ်ယောက်ပင်။ သူ၏ ဆမ်ဆာရာမြင့်မြတ်ခန္ဓာကလည်း

တာအိုခန္ဓာသုံးထောင်အနက် ထိပ်တန်း
သုံးထောင်စာရင်း၌ ပါဝင်သည်။

ထို့ကြောင့်၊ သူ၏ ခွန်အားသည်လည်း
အလွန်အားကောင်းကာ
အစစ်အမှန်နတ်ဘုရားနယ်ပယ် သေးငယ်သော
အောင်မြင်ခြင်းသို့ ရောက်ရှိသွားသည်။

ကြံ့ခိုင်မှုအရ ဝမ့်ချွမ်ဟာ ကျွင်းမိသားစု၏ ပထမနှင့်
ဒုတိယကို ယှဉ်ပြိုင်နိုင်လောက်သည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က သူ့စိတ်ထဲတွင်
ကျွန်အမှတ်အသားကို စိုက်ထူထားသောကြောင့်
ကျွင်းရှောင်ယောက်၏ ကိုယ်ပိုင်အစေခံအဖြစ်သာ
ရှိနေပါသေးသည်။

ထို့အပြင် သတင်းအမျိုးမျိုးလည်း ရှိခဲ့သည်။

ဥပမာအားဖြင့်၊ ကျွင်းမိသားစု၏
ဒုတိယစီကွမ်ဖြစ်သော ကျွင်းဝူရှန့်ဟာ
ရှေးဟောင်းတော်ဝင်မိသားစု၏ ပါရမီရှင်
ခုနစ်ယောက်ကို ဆက်တိုက်သတ်ဖြတ်ပစ်ခဲ့သည်။

ထို့အပြင် ကျွင်းမိသားစု၏ ပထမစီကွမ်ဖြစ်သော
နှစ်သွယ်မျက်လုံးကျွင်းလုံခန်းက
ချီလင်ရှေးဟောင်းဂူမှ ချီလင်သားတော်နှင့်
အပြင်းအထန် တိုက်ခိုက်ခဲ့ကြသည်။

နောက်ဆုံးတွင် ချီလင်သားတော် ရှုံးနိမ့်သွားပြီး
ပြန်ဆုတ်သွားခဲ့ရပေသည်။

ဝမ့်မိသားစုမှ ကေရာဇ်ငယ် ဝမ့်ထန့်ကလည်း

ထူးကဲလွန်းလှသည်။ သူဟာ
ကံကောင်းခြင်းတစ်ခုအတွက် ပါရမီရှင်
အယောက်တစ်ရာကို တစ်ယောက်တည်း ရင်ဆိုင်
တိုက်ခိုက်ခဲ့ပေသည်။ အဆုံးတွင် သူက လူတိုင်းကို
အနိုင်ယူပြီး ကံကောင်းခြင်းကိုရယူကာ အားလုံးကို
တုန်လှုပ်သွားစေခဲ့သည်။

ရှန်းကုကမ္ဘာကြီးတစ်ခုလုံးက ပူပြင်းသည့်အဆင့်သို့
ရောက်ရှိသွားပြီဟု ဆို၍ရပေသည်။

တစ်ဖက်တွင်၊ ရှန်းကုတာအိုရေကန်များက
တိတ်ဆိတ်ငြိမ်သက်နေဆဲ ဖြစ်သည်။

ရှန်းကုတာအိုရေကန်၏ ဗဟိုအကျဆုံးရေိယာတွင်...

ကျွင်းရှောင်ယောက်က တစ်ယောက်တည်း

တင်ပျဉ်ခွေထိုင်သည်။

ထိုအခိုက်တွင် သူ့ခန္ဓာကိုယ်ထဲမှ ခုနစ်ရောင်
အလင်းတန်းများ ရုတ်တရက် ထွက်ပေါ်လာခဲ့၏။

ထို့နောက်မှာတော့ ကျွင်းရှောင်ယောက်၏
မျက်လုံးများက ရုတ်တရက်ပွင့်လာကာ သူ့ခန္ဓာကိုယ်
အပေါ်ယံမှာလည်း အလင်းရောင်များ
တောက်ပလာပြီး ရောင်စုံမီးများဖြင့်
တောက်ပနေသည့် ချပ်ဝတ်တန်ဆာအဖြစ်သို့
ပြောင်းလဲသွားတော့သည်။

ချပ်ဝတ်တန်ဆာတစ်ခုလုံးက အလွန်ပါးလွှာပြီး
ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်နှင့် လိုက်ဖက်သည်။

မျက်နှာပြင်က ငွေရောင်ဖြစ်ပြီး တစ်ချိန်တည်းမှာပင်

၎င်းကို ခုနစ်ရောင်ရှိသော နတ်အလင်းများဖြင့် ပေါင်းစပ်ထား၏။

၎င်းမှာ ရောင်စုံငွေနှင့် ခပ်ဆင်ဆင်တူသည်။

ဤချပ်ဝတ်တန်ဆာက ယခင်က ရွှေပြာရောင် ကောင်းကင်ပြာ ဘိုးဘွားနဂါး ချပ်ဝတ်တန်ဆာနှင့် ဆင်တူသည်။

သို့ရာတွင် ၎င်း၏ ခုခံနိုင်စွမ်း သို့မဟုတ် အရှိန်အဝါဖြစ်ပါစေ၊ ယခင်ကထက် များစွာ အားကောင်းလာခဲ့ပြီ။

"နောက်ဆုံးတော့ နဂါးအနှစ်သာရ ခုနစ်ခုကို ငါ အပြီးအပိုင် သန့်စင်နိုင်ခဲ့ပြီ"

ကျွင်းရှောင်ယောက်ဟာ ချပ်ဝတ်တန်ဆာကို
ထုတ်လိုက်သည်နှင့် ဤချပ်ဝတ်တန်ဆာ၏
ခံနိုင်စွမ်းမှာ
ကောင်းကင်ပြာဘိုးဘွားနဂါးချပ်ဝတ်တန်ဆာထက်
ဆယ်ဆပိုကြီးမားသည်ဟု ခံစားမိနိုင်သည်။

သို့သော် ယင်းက တစ်ခုတည်းသော
အကျိုးသက်ရောက်မှုမဟုတ်ပေ။

ကျွင်းရှောင်ယောက်က သူ့လက်ကို
မြှောက်လိုက်သည်နှင့် နဂါးခုနစ်ကောင်၏
ဟိန်းဟောက်သံကို ကြားလိုက်ရသည်။

အရောင်အမျိုးမျိုးရှိသော နဂါးပုံရိပ်
ခုနစ်ကောင်ကလည်း ကောင်းကင်သို့ ပျံတက်သွား၏။

၎င်းတို့က အလွန်အစွမ်းထက်လှသည်။

ဤသည်ကား လုံအိုထျန်း၏ ဝှက်ဖဲတစ်ခုဖြစ်သော ကမ္ဘာဖျက် နဂါးခုနစ်ကောင် ဖြစ်သည်။

"မဆိုးပါဘူး၊ ဒီ နဂါးအနှစ်သာရ ခုနစ်ခုက ငါ့ကို စိတ်မပျက်စေဘူး။ ဒါကို ခုနစ်ရောင်ခြယ် မြင့်မြတ် နဂါးချပ်ဝတ်လို့ ခေါ်ရမယ်"

ကျွင်းရှောင်ယောက်က ပြောလိုက်သည်။

အသုံးမဝင်တော့သော ကောင်းကင်ပြာ ဘိုးဘွားနဂါးချပ်ဝတ်နှင့် နှိုင်းယှဉ်ပါက ခုနစ်ရောင် မြင့်မြတ် နဂါးချပ်ဝတ်က ကျွင်းရှောင်ယောက်၏ ကာကွယ်ရေးတွင် ကြီးမားသော စွမ်းအားကို ပေးစွမ်းနိုင်ကြောင်း ထင်ရှားသည်။

ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်က တုန်ခါသွားကာ
ခုနစ်ရောင် မြင့်မြတ် နဂါးချပ်ဝတ်က
ရောင်စုံအလင်းတန်းများအဖြစ်သို့ ပြောင်းလဲသွားပြီး
သူ့ခန္ဓာကိုယ်ထဲသို့
ပြန်လည်ဝင်ရောက်ပျောက်ကွယ်သွားခဲ့သည်။

နဂါးအနှစ်သာရခုနစ်ခုကို သန့်စင်ခြင်းက ဘေးထွက်
အကျိုးကျေးဇူးတစ်ခုမျှသာ ဖြစ်သည်။

ကျွင်းရှောင်ယောက် အမှန်တကယ်
လေ့ကျင့်လိုသည်က ထာဝရအင်မော်တယ်ခန္ဓာနှင့်
အကြွင်းအကျန် အင်မော်တယ်သွေးတစ်စက်ကို
သန့်စင်ပေးခြင်း ဖြစ်ချေသည်။

ကျွင်းရှောင်ယောက်လည်း
တာအိုအရင်းအမြစ်များစွာကို ထုတ်ယူကာ

ထာဝရအင်မော်တယ်ခန္ဓာကို စတင်သန့်စင်ခဲ့သည်။

ထာဝရအင်မော်တယ်ခန္ဓာကို အောင်မြင်စွာ လေ့ကျင့်ပြီးနောက် သူ့ခန္ဓာကိုယ်က မည်မျှ သန်မာလာမည်ကို သူ အလွန် သိချင်ခဲ့ပေသည်။

ကျွင်းရှောင်ယောက်လည်း ဆက်လက် လေ့ကျင့်နေခဲ့သည်။

...........

တစ်ချိန်တည်းမှာပင် လုံအိုထျန်းနှင့် အခြားသူများက နဂါးလူမျိုးနွယ်၏ ဘိုးဘွားပိုင်မြေသို့ ရောက်ရှိလာသည်။

ပတ်ပတ်လည်ကို ကြည့်လိုက်ပါက နဂါးလူမျိုးနွယ်၏ ဘိုးဘွားပိုင်မြေဟာ ရှေးကျပြီး လူဆိတ်ညံသည့် အရိပ်အယောင်များ ရှိပေသည်။

လေထဲတွင် နဂါးချီများလည်း ရှိသည်။

အိုလွမ်နှင့် အိုကျန်းတို့၏ ဦးဆောင်မှုဖြင့် လုံအိုထျန်းလည်းနဂါးလူမျိုးနွယ်၏ ဘိုးဘွားပိုင်မြေသို့ ဝင်ရောက်လာခဲ့သည်။

၎င်းတို့က ချိုင့်ဝှမ်းတစ်ခုအပြင်ဘက်သို့ ရောက်ရှိလာခဲ့ကြပေသည်။

“ဒါက…”

လုံအိုထျန်း တုံ့ဆိုင်းသွားခဲ့သည်။

"ဒီနေရာမှာ ဝမ်းကွဲအိုကွမ်က တိတ်တဆိတ် လေ့ကျင့်နေတယ်"

အိုလွမ်က ပြောလိုက်သည်။

"အဲဒီဘုရင်ငယ်..."

လုံအိုထျန်း၏ မျက်လုံးများ အရောင်လက်သွားခဲ့လေသည်။

ရှန်းကုမျိုးနွယ်များကို ကောင်းကင်နှင့်မြေပြင်၏ စည်းမျဉ်းများဖြင့် ကန့်သတ်ထားသောကြောင့် မျိုးဆက်ဟောင်းများက ဘိုးဘွားမြေမှ မထွက်ခွာနိုင်ပေ။

ထို့ကြောင့် နဂါးမျိုးနွယ်၏ အကြီးအကဲများကို ရှာဖွေရန်မှာ အသုံးမဝင်ဘဲ

အိမ်ရှေ့မင်းသားအိုကွမ်ကိုသာ ရှာသင့်သည်။

ဤအခိုက်တွင် ချိုင့်ဝှမ်းထဲမှ အရှိန်အဟုန်ပြင်းပြင်းနှင့် အလင်းတန်းများက ကောင်းကင်ကို လွှမ်းခြုံသွားသည်။

ရွှေရောင်နေတစ်စင်းက ကောင်းကင်သို့ တက်လာခဲ့၏။

အနီးကပ်စစ်ဆေးကြည့်လိုက်ပါ နေအတွင်း၌ ပုံရိပ်တစ်ခုရှိနေကြောင်း မြင်တွေ့ကြရမည် ဖြစ်သည်။

၎င်းက သူ့နဖူးမှာ ရွှေရောင်နဂါး ဦးချိုများပါသည့် လူငယ်တစ်ဦး ဖြစ်ပေသည်။ သူ့အသားအရည်က ဖြူစင်ပြီး အလင်း၏ နတ်ဘုရားကဲ့သို့ပင် ဖြစ်သည်။

လုံအိုထျန်းပင်လျှင် သူ၏ အရှိန်အဝါကြောင့် အနည်းငယ် ထိတ်လန့်သွားလေသည်။

ကောင်းကင်နတ်ဘုရားနယ်ပယ်။

ဤလူငယ်က နဂါးလူမျိုးနွယ်မှ ဘုရင်ငယ်ဖြစ်သော အိမ်ရှေ့မင်းသား အိုကွမ် ဖြစ်သည်မှာ သေချာသည်။

--------

အခန်း ( ၄၃၅ ) လုံအိုထျန်း၏ အခွင့်အလမ်း၊ ရှေးဟောင်းနဂါးဂူ၊ ကျန်းစန်းယီကို ချဉ်းကပ်လာသော ဝမ့်ထန့်။

ပြင်ပကမ္ဘာတွင်၊ မျိုးဆက်သစ်လူငယ်များအတွက် ဤအသက်အရွယ်တွင် ကောင်းကင်နတ်ဘုရားနယ်သို့ ရောက်ရှိရန်မှာ မဖြစ်နိုင်သလောက်ပင်။

သို့ရာတွင် ရှန်းကုကမ္ဘာရှိ ပတ်ဝန်းကျင်က ပြင်ပကမ္ဘာထက် များစွာသာလွန်ကောင်းမွန်သည်။ ထိုအတွက် နားလည်၍တော့ ရပေသည်။

အိမ်ရှေ့မင်းသား အိုကွမ်က ရှေ့ခြေတစ်လှမ်းတိုးလိုက်သည်နှင့် လူတိုင်းအရှေ့တွင် ပေါ်လာသည်။

"ဝမ်းကွဲအစ်ကို"

"တော်ဝင်မင်းသား"

အိုလွမ်နှင့် အိုကျန်းလည်း ဦးညွတ်လိုက်ကြသည်။

"မင်း ဒီကို ဘာဖြစ်လို့ ရောက်နေတာလဲဆိုတာ ငါသိတယ်။ ဒါဟာ အပြင်လောက က ပုရွက်ဆိတ်ကြောင့်ပဲ မဟုတ်လား"

အိုကွမ်က တည်ငြိမ်စွာ ပြောသည်။

"မှန်ပါတယ်။ ကျွင်းရှောင်ယောက်အပြင် မင်းသမီးလုံကျိုလို့ခေါ်တဲ့ အဲဒီအမျိုးသမီးလည်း သေရမယ်"

အိုလွမ်၏ လေသံတွင် အမုန်းတရားများဖြင့် ပြည့်နှက်နေသည်။

"စိတ်မပူပါနဲ့၊ ရှန်းကုမျိုးနွယ်ရဲ့ ခေါင်းဆောင်အနေနဲ့၊ ငါတို့ဟာ ဒီလို ရန်စမှုမျိုးကို ငြိမ်ခံနေလို့ ဘယ်ရပါ့မလဲ"

အိုကွမ်က အေးစက်စက်ဖြင့် ပြောသည်။

အိုကွမ်၏ ဖိအားများနှင့် သတ်ဖြတ်ရန် ရည်ရွယ်ချက်ကို ခံစားလိုက်ရသောအခါ ပိုင်မေအာလည်း စိတ်မပူပင်ဘဲ မနေနိုင်တော့ပေ။

သူမက ကျွင်းရှောင်ယောက်ကို ယုံကြည်မှုအပြည့်ရှိသော်လည်း... အိုကွမ်၏ အငွေ့အသက်က ကြောက်စရာကောင်းလှသည်။

ယင်းက ပြင်ပကမ္ဘာမှ ပါရမီရှင်များ တိုက်ခိုက်နိုင်သည့် အခြေအနေမျိုး မဟုတ်တော့ပါချေ။

"ဒါထက် အစ်ကိုဝမ်းကွဲ၊ သူက သခင်လေးလုံပါ၊ သူအရင်က ကျွန်မကို ကယ်ခဲ့တာ"

အိုလွမ်က လုံအိုထျန်းနှင့် အိုကွမ်ကို
မိတ်ဆက်ပေးခဲ့သည်။

သူမက အိုကွမ်ကို အတိတ်မှ
အဖြစ်အပျက်အချို့ကိုလည်းပြောပြလိုက်လေသည်။

ထိုစကားကို ကြားရပြီးနောက် အိုကွမ်က အနည်းငယ်
ခေါင်းညိတ်လိုက်သည်။ သူက လုံအိုထျန်းကို
ကြင်နာသော မျက်လုံးများဖြင့်
လှည့်ကြည့်လိုက်လေသည်။

"ငါ့ဝမ်းကွဲကို ကယ်ပေးလို့ ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်စရာ မလိုပါဘူး။ မိန်းကလေးအိုလွမ်ကို
သဘာဝအတိုင်းပဲ ကယ်တင်ခဲ့တာ။ ဒါက
ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်၊ ငါ

နောင်တရမှာတော့ မဟုတ်ဘူး"
လုံအိုထျန်းက ဖြောင့်မတ်စွာဖြင့် ပြောလိုက်သည်။

ယင်းကို မြင်လိုက်ရတော့ အိုလွမ်၏ နှလုံးသားက ပို၍ပင် တုန်လှုပ်သွားလေသည်။ သူမက ပြောသည်။
"အစ်ကိုဝမ်းကွမ်၊ ရှင် သခင်လေးလုံကို ကူညီရမယ်နော်"

လုံအိုထျန်း၏ မျက်လုံးများမှာလည်း မျှော်လင့်ချက်များဖြင့် ပြည့်နှက်သွားသည်။

သူ့ကံက ဤမျှ မဆိုးဘူးဟုလည်း ယုံကြည်ခဲ့လေသည်။

သူက အရာများကို လှည့်ပတ်ရန် သေချာပေါက်

အခွင့်အရေးကောင်းများ ရှိသည်။

အိုကွမ်က ခဏစဉ်းစားပြီးနောက် ပြောလိုက်သည်။

"အခွင့်အရေးတွေအကြောင်းပြောရင် နဂါးလူသားမျိုးနွယ်ရဲ့ ဘိုးဘွားမြေမှာ အဲဒါတွေရှိပါတယ်။ ဒါပေမယ့် အဲဒီမတိုင်ခင်မှာ နဂါးလူသားမျိုးနွယ်အတွက် တစ်ခုခုလုပ်ပေးမယ်လို့ ကတိပေးနိုင်မလား"

"အဲဒါက ဘာများလဲ"

လုံအိုထျန်းလည်း မျက်လုံး အရောင် တောက်ပလာခဲ့၏။

ဤသည်မှာ သူစောင့်မျှော်နေသည့် အခွင့်အရေးပင်။

"ရှန်းကုကမ္ဘာရဲ့ အတွင်းပိုင်းမှာ ရှေးဝိညာဉ်ပြည်တစ်ခုရှိတယ်၊ အဲဒီနေရာမှာ အခွင့်အလမ်း အများကြီးရှိပြီး ရှေးဟောင်းလူထူးဆန်းတွေကို မြှုပ်နှံထားတဲ့ နေရာဆိုရင်လည်း မမှားဘူး"

"တစ်ချိန်တည်းမှာပဲ၊ ရှေးဝိညာဉ်ပြည်ရဲ့ အတွင်းပိုင်းမှာ ကောင်းကင်တားမြစ် အကြွင်းအကျန်တွေ ရှိနေတယ်။ အဲဒီနေရာမှာ အထူးစည်းမျဉ်းတွေ ရှိတာကြောင့် ငါတို့ ရှန်းကုသတ္တဝါတွေ ဝင်လို့မရဘူး"

"မင်းသာ ကောင်းကင်တားမြစ် နယ်မြေထဲကို ဝင်နိုင်ပြီး ရှန်းကုတံဆိပ်ပြား ရှာတွေ့အောင် ကူညီပေးနိုင်ရင် မင်းကို အခွင့်အရေးတွေရှာဖို့ ဘိုးဘွားမြေထဲ ဝင်ခွင့်ပြုနိုင်တယ်"

အိုကွမ်က ပြောလိုက်သည်။

"ရှေးဝိညာဉ်ပြည်၊ ကောင်းကင်တားမြစ်နယ်မြေ"

လုံအိုထျန်း မျက်ခုံးပင့်လိုက်၏။

ရှန်ကုတံဆိပ်ပြားကလည်း ဘယ်လိုအရာမှန်း

လုံအိုထျန်း မသိရသေးပေ။

ယင်းကိုမြင်တော့ အိုကွမ်က ဆက်ပြောလိုက်သည်။

"ရှန်းကုတံဆိပ်ပြားက ငါတို့ ရှန်းကုသတ္တဝါငယ်တွေကို

ရှန်းကုကမ္ဘာကနေ ထွက်ခွာသွားခွင့်ရစေနိုင်တယ်"

ဤအကြောင်းများပြောသောအခါ အိုကွမ်၏လေသံက

အနည်းငယ်ပြောင်းသွားသည်။

၎င်းတို့ ရှန်းကုဘုရင်ငယ်များသည် ပါရမီမြင့်မားကြသော်လည်း ဤနေရာမှာ ဆက်နေလျှင်တော့ ရှန်းကုကမ္ဘာကြီးတွင်သာ ပိတ်မိနေနိုင်သည်။

ထို့ကြောင့် လွတ်လပ်မှုကို တောင့်တကြပေသည်။ သူတို့လည်း အပြင်ထွက်ကာ ဧကရာဇ်၏လမ်းကို စိန်ခေါ်၍ ကောင်းကင်ကံကြမ္မာအတွက် တိုက်ပွဲဝင်ချင်ကြသည်။

ရှန်းကုကမ္ဘာတွင်၊ ၎င်းတို့၏ ကျင့်ကြံခြင်းအဆင့်က ပြင်ပကမ္ဘာ၏ ပါရမီရှင်များထက် ယေဘုယျအားဖြင့် မြင့်မားသည်။

သို့သော်လည်း ဤအတွက် သူတို့၏ လွတ်လပ်မှုကို ပေးဆပ်ခဲ့ကြရပေသည်။

"ကောင်းပြီ၊ ငါနားလည်ပါပြီ"

လုံအိုထျန်း သဘောတူလိုက်သည်။

အဆုံးတွင် သူရနိုင်သည်ဖြစ်စေ၊
မရနိုင်သည်ဖြစ်စေ… ယခု သဘောတူလိုက်ခြင်းက
အမှားအယွင်းမရှိပေ။

"ဟမ့်၊ မင်းငါ့ကိုစိတ်မပျက်စေဖို့တော့
ငါမျှော်လင့်တယ်" အိုကွမ်က လုံအိုထျန်းကို
လေးလေးနက်နက် ကြည့်လိုက်သည်။

လုံအိုထျန်းလည်း အနည်းငယ် တုန်လှုပ်သွား၏။

သူ လက်လျှော့လိုက်လျှင် အိုကွမ်က သူ့ကို

အလွတ်ပေးမည် မဟုတ်ပေ။

'ဟမ်၊ ငါအခွင့်အရေးရရင် ကျွင်းရှောင်ယောက်ဒါမှမဟုတ် အိုကွမ်ပဲဖြစ်ဖြစ်၊ ငါ့အပေါ်မှာ ဘယ်သူမှ ရပ်တည်နိုင်မှာ မဟုတ်ဘူး'

လုံအိုထျန်းက တစ်ယောက်တည်း တွေးလိုက်သည်။

သူက ကောင်းကင်ကံကြမ္မာ၏ အဓိကဇာတ်ကောင်အဖြစ် မွေးဖွားလာသူ ဖြစ်ပေသည်။

သူသာလျှင် သူတပါး၏ဦးခေါင်းကို နင်းနိုင်သည်၊ သူတစ်ပါးက သူ့ဦးခေါင်းကို မနင်းစေနိုင်ပေ။

လုံအိုထျန်းမှ သဘောတူသောအခါ အိုကွမ်လည်း ၎င်းတို့အဖွဲ့ကို နဂါးမျိုးနွယ်၏ နက်ရှိုင်းသောနေရာသို့

ဦးဆောင်သွားခဲ့သည်။

အဝေးမှ လှမ်းကြည့်လိုက်လျှင် လေထဲက ကျွန်းတစ်ကျွန်းကို မြင်တွေ့ရနိုင်သည်။

ကျွန်းပေါ်မှာတော့ ဂူတစ်ခု ရှိပေသည်။

"ဒါက နဂါးမျိုးနွယ်ရဲ့ ရှေးနဂါးဂူရဲ့ အခွင့်အလမ်းပဲ။ ငါကိုယ်တိုင်လည်း အရင်က ဝင်ဖူးပေမယ့် အနက်ရှိုင်းဆုံးနေရာကို ရောက်ဖို့ကတော့ ခက်ခဲတယ်"

"ဒါပေမယ့် မင်း ဝင်လိုက်တာနဲ့ သေဆုံးနိုင်ခြေရှိတယ်ဆိုတာကိုလည်း ငါသတိပေးထားမယ်။ အနက်ရှိုင်းဆုံးအပိုင်းကတော့ သေဖို့ရာနှုန်းပြည့်နီးပါး ရှိနေတယ်"

အိုကွမ်က သတိပေးလိုက်သည်။

ယင်းကိုကြားတော့ အိုလွမ် အနည်းငယ် ထိတ်လန့်သွား၏။

"သခင်လေးလုံ၊ ကိုယ့်ကိုကိုယ် အတင်းအကြပ်မလုပ်ပါနဲ့"

"စိတ်ချပါ"

လုံအိုထျန်း၏ မျက်လုံးများက တောက်ပစွာ လင်းလက်နေသည်။

မစွန့်စားဘဲ ဘာမှျမရနိုင်ပေ။

သူကြောက်နေလျှင်၊ လုံအိုထျန်း ဖြစ်လာနိုင်မှာ မဟုတ်ပေ။

'ကျွင်းရှောင်ယောက်၊ မင်းငါ့ကိုစောင့်နေ။
ငါလုံအိုထျန်းက မင်းကို အမြဲရှုံးမှာမဟုတ်ဘူး'

လုံအိုထျန်းဟာ စိတ်ထဲမှ အေးစက်စက်ဖြင့် ပြောလိုက်သည်။ ထို့နောက်မှာတော့ ကောင်းကင်သို့ ပျံတက်လာကာ မဆိုင်းမတွဘဲ ရှေးနဂါးဂူထဲသို့ ဝင်သွားလေတော့သည်။

"အကိုဝမ်းကွဲ၊ သူ့အဆင်ပြေပါ့မလား"

အိုလွှမ်က စိုးရိမ်တကြီး မေးသည်။

"ဒါက သူ့ကံပေါ်မှာပဲ မူတည်လိမ့်မယ်။ သူ့အတွက် ကောင်းတဲ့အရာတွေကို သိပြီး အနက်ရှိုင်းဆုံးအပိုင်းကို အရောက်မသွားဘဲနေမယ်လို့ မျှော်လင့်ပါတယ်"

အိုကွမ်လည်း ခေါင်းခါယမ်းလိုက်သည်။

အနက်ရှိုင်းဆုံးအပိုင်းတွင်၊ သူ၏ ကောင်းကင်နတ်ဘုရားနယ်ပယ် ကျင့်ကြံခြင်းဖြင့်ပင် ရှင်သန်ရန်အခွင့်အလမ်းမရှိပေ။

လုံအိုထျန်းက နှောင်းပိုင်း အစစ်အမှန်နတ်ဘုရားတစ်ပါးသာ ဖြစ်သည်။
အနက်ရှိုင်းဆုံးနေရာကို ရောက်သွားပါက သေရမည်မှာ အသေချာပင်။

အိုလွမ်၏ စိုးရိမ်ပူပန်မှုများနှင့် ယှဉ်လျှင် ပိုင်မေအာကတော့ လုံအိုထျန်းကို ရှေးဟောင်းနဂါးဂူမှာ သေဆုံးရလိမ့်မည်ဟု မျှော်လင့်နေခဲ့သည်။

ထိုအခြေအနေမျိုးတွင် ကျွင်းရှောင်ယောက်အတွက်

ပြဿနာတစ်ခု နည်းသွားပါလိမ့်မည်။

လုံအိုထျန်းကတော့ သူ့ကိုယ်ပိုင်အခွင့်အလမ်းကို စတင်ရှာဖွေခဲ့သည်။ ကျွင်းရှောင်ယောက်ကို လက်စားချေပြီး တစ်ကျော့ပြန် နိုးထချင်ပေသည်။

…………

ရှန်းကုကမ္ဘာ၏အခြားဒေသတွင်…

တာအိုတေးသွားများနှင့် ဝိညာဉ်ချီများ ပြည့်နှက်နေသော ဝိညာဉ်တောင်တန်းတစ်ခု ရှိနေသည်။

ဝိညာဉ်တောင်ထိပ်မှာတော့

လေပဟုန်ကိုစီးမျောနေပဟန်တူသော မိန်းမပျိုတစ်ဦး ထိုင်လျက်ရှိပေသည်။

သူမတစ်ကိုယ်လုံးက အပြစ်အနာအဆာကင်းပြီး နတ်သမီးတစ်ပါးကဲ့သို့ပင် ဖြစ်နေသည်။ သူမ၏ ကျောက်စိမ်းနှင့်တူသော ခန္ဓာကိုယ်သည် အရပ်ရှည်ရှည်နှင့် သွယ်လျမှုရှိသည်။

သူမ၏ အနက်ရောင်ဆံပင်များကမူ သူမ၏ တင်ပါးပေါ်သို့ တွဲကျနေသော ရေတံခွန်များအလား။

သူမ၏ မသေမျိုး မျက်နှာကလည်း ဖြူဥနေကာ အလွန်ကြည်လင်လှပေသည်။ သူမသည် ကမ္ဘာခြားမှ အလှတရားများဖြင့် အလွန်လှပနေခဲ့သည်။

သူမ ခန္ဓာကိုယ်မှ ဖုန်မှုန့်များကင်းစင်သော

ကမ္ဘာပေါ်တွင် တစ်ယောက်တည်းရပ်တည်နေသည့် နှင်းကြာပန်းကဲ့သို့ တာအို စည်းချက်တစ်ခုလည်း ထွက်ပေါ်နေပြန်သည်။

ထိုမိန်းကလေးသည်ကား ကျန်းစန်းယီပင် ဖြစ်ချေသည်။

ထိုအချိန်တွင် သူမ၏ ကြည်လင်သော မျက်လုံးများက ပြန်ပွင့်လာပြီး ရေရွတ်လိုက်သည်။

"ဒီနေရာရဲ့ တာအိုတေးသွားတွေက တကယ်ကို အကျိုးရှိပတယ်"

ထိုအချိန်တွင် ကျန်းစန်းယီက တစ်ခုခုကို ခံစားလိုက်ရပုံရသည်။ အဝေးကို လှမ်းကြည့်ရင်း လှပသော သူ့မျက်လုံးများမှာ အေးစက်သွားခဲ့၏။

"ထွက်လာခဲ့"

"ဟားဟားဟား၊ ကျုပ်က နတ်သမီးရဲ့ လေ့ကျင့်မှုကို မနှောင့်ယှက်ချင်ပါဘူး"

အဝေးမှ ကောင်းကင်ပြင်တွင် ပုံရိပ်တစ်ခု ပေါ်လာသည်။

၎င်းက အရပ်ရှည်ပြီး ချောမောသည့် နဂါးတစ်ကောင်၊ ဖီးနစ်တစ်ကောင်၏ ရုပ်သွင်ရှိသော လူငယ်တစ်ဦးဖြစ်သည်။

သူ၏အရေပြားသည် ကျောက်စိမ်းနှင့်တူပြီး နတ်အလင်းရောင်များကလည်း ထွက်ပေါ်နေကာ သူ့တစ်ကိုယ်လုံးကို ကောင်းကင်တာအိုမှ ကာကွယ်ပေးထားပုံရသည်။

သူ့ကို နတ်သားရဲလေးကောင်ကလည်း ဝိုင်းရံထား၏။

၎င်းက အစစ်အမှန်နဂါး၊ ဖီးနစ်၊ ချီလင်နှင့် လိပ်နက်တို့ပင် ဖြစ်ချေသည်။

ပတ်ဝန်းကျင်ရှိ သဘာဝစွမ်းအင်များပင် သူ့ကြောင့် အနှောင့်အယှက် ဖြစ်ခဲ့ရသည်။

ကောင်းကင်ဧကရာဇ် ဆင်းသက်လာသကဲ့သို့ သူ့တစ်ကိုယ်လုံးကို အဆုံးမဲ့အလင်းရောင်ဖြင့် ဖုံးလွှမ်းထားခဲ့ပေသည်။

၎င်းမှာ ဝမ့်မိသားစု၏ ဧကရာဇ်ငယ်၊ ဝမ့်ထန့်ပင် ဖြစ်သည်။

"ဝမ့်ထန့်၊ ရှင်ဒီကို ဘာလာလုပ်နေတာလဲ"

ထိုလူကို မြင်လိုက်ရတော့ ကျန်းစန်းယီ၏ အမူအရာမှာ ရေခဲကဲ့သို့ အေးစက်သွားခဲ့သည်။

သူမခန္ဓာကိုယ်မှ စွမ်းအင်များလည်း
စိမ့်ထွက်လာခဲ့၏။

"ကျန်းစန်းယီ၊ မင်းငါ့ကို အပြင်လူလို ဆက်ဆံနေစရာ
မလိုပါဘူး။ ငါ မင်းအပေါ်မှာ ရန်ငြိုးရန်စလည်း
မရှိဘူး"

ဝမ့်ထန့်က လက်နှစ်ဖက်ကို နောက်ပစ်ပြီး လေထဲတွင်
ရပ်နေသည်။ သူ့နှုတ်ခမ်းများကတော့
နူးညံ့သည့်အပြုံးတစ်ခုကို ဆင်မြန်းထားပေသည်။

ဝမ့်ထန့်က တကယ်ကို ကြီးမြတ်သူဟု ဝန်ခံရပေမည်။
သူ၏ စိတ်နေစိတ်ထားက ထူးထူးခြားခြားဖြစ်ပြီး
လူတိုင်းကို အနိုင်ယူနိုင်သည်။

သို့သော်လည်း ကျန်းစန်းယီက ဂရုမစိုက်ဘဲ
သူ့အမူအရာမှာ ပြောင်းလဲမှုမရှိပေ။

"ကျွန်မက ရှင်နဲ့ ဘာပတ်သက်မှုမှ မရှိဘူး၊ ရှင့်ကို ပြောစရာစကားလည်း မရှိဘူး"

ကျန်းစန်းယီ၏ လေသံက အေးစက်သွားသည်။

အကယ်၍ ဝမ့်မိသားစုမှ လက်ထပ်ခွင့်တောင်းခြင်း မပြုခဲ့ပါက ကျွင်းရှောင်ယောက်ဟာ ထာဝရသင်္ချိုင်းမြေသို့ ဝင်ရောက်ရန် စွန့်စားရမည်မဟုတ်ပေ။

ထို့အတွက် ကျန်းစန်းယီဟာ ဝမ့်ထန့်နှင့် ဝမ့်မိသားစုအပေါ် ကောင်းသောအမြင် မရှိပါ။ ယင်းအစား သူမဟာ အလွန်ရွံရှာပြီး ရန်လိုနေခဲ့သည်။

"ဟင်း၊ ဘယ်လောက်တောင် စိတ်မကောင်းစရာကောင်းလိုက်ပါလိမ့်၊ ဒါပေမဲ့ မင်း

ဒါကို လိုအပ်မှာ သေချာတယ် မဟုတ်လား"

ဝမ့်ထန့်က စကားပြောနေစဉ်တွင် ထူးခြားသော တာအိုတေးသွားများကို ထုတ်လွှတ်နေသည့် ကျောက်စိမ်းစလစ်တစ်ခုကို ထုတ်ယူလိုက်သည်။

“ဒါက...”

ကျန်းစန်းယီ၏ မျက်လုံးများ အနည်းငယ်ကျဉ်းမြောင်းသွားခဲ့သည်။

--------

အခန်း ( ၄၃၆ ) ဝမ့်ထန့် ဒေါသဖြစ်သွားခြင်း၊ ဘုရင်သတ်အစီစဉ်၊ ထျန်းချန်တော်ဝင်မိသားစု။

ဝမ့်ထန့် ထုတ်ယူလိုက်သော ကျောက်စိမ်းစလစ်မှာ

ရှေးဟောင်းတာအိုရစ်သမ်များ ပြည့်နှက်နေပြီး လူများကို နိမ့်ကျသကဲ့သို့ ဖြစ်စေသည်။

ကျန်းစန်းယီ၏ အရောင်ပြောင်းသွားသော မျက်လုံးများကို မြင်ရသောအခါ ဝမ့်ထန့်က ပြုံးပြီး ဆက်ပြောလိုက်လေသည်။

"ဒါကို အခွင့်အလမ်းတစ်ခုကနေ အမှတ်တမဲ့ ရလာခဲ့တာပါ။ ဒီမှာ ကောင်းကင်အသျှင်တစ်ပါးရဲ့ ဉာဏ်အလင်းကို မှတ်တမ်းတင်ထားတယ်"

"မင်းမှာ သန္ဓောစွမ်းအင် တာအိုသန္ဓေခန္ဓာရှိတယ်။ ဒီလို ထိုးထွင်းသိမြင်မှုမျိုးက မင်းအတွက် အလိုအပ်ဆုံးမို့ သတိတရနဲ့ လာပေးချင်ခဲ့တာပါ"

ဝမ့်ထန့်က နူးညံ့သိမ်မွေ့စွာ ပြုံးလိုက်သည်။

အမှန်အတိုင်းပြောရလျှင် လက်ရှိ ဝမ့်ထန့်၏

လှူပ်ရှားမှုက မည်သည့်အမျိုးသမီးမဆို စိတ်လှူပ်ရှားစေမည် ဖြစ်သည်။

ထို့ပြင် ဝမ့်ထန့်၏ အဆင့်အတန်းအရ မည့်သည့်မိန်းကလေးကိုမဆို ဤမျှပိုးပန်းနေရန် မလိုပေ။

သူ ဤမျှလှူပ်ရှားခြင်းမျိုးက အလွန်ပင် ရှားသည်။

"မဟာကောင်းကင်အသျှင်ရဲ့ ဉာဏ်အလင်းလား" ကျန်းစန်းယီ၏ လှပသော မျက်လုံးများလည်း အနည်းငယ် လှူပ်ရှားသွားလေသည်။

ယင်းက သာမာန် ဉာဏ်အလင်းမဟုတ်ဘဲ မဟာကောင်းကင်အသျှင်၏ ဉာဏ်အလင်း ဖြစ်သည်။

အဓိပဓိခုနစ်ဆင့်တွင် မဟာကောင်းကင်အသျှင်က အဆင့်လေးတွင် ရှိသည်။

ဤအဆင့်မှ တန်ခိုးရှင်တစ်ဦး၏ တာအိုဉာဏ်အလင်းက မည်မျှ အဖိုးတန်သည်ဟု စိတ်ကူးကြည့်ရန်ပင် မလွယ်ပေ။

ကျန်းစန်းယီကို လိုက်နိုင်စေရန်အတွက် ဝမ့်ထန့်က အကောင်းဆုံး ကြိုးစားနေကြောင်း ထင်ရှားသည်။

"ယူပါ၊ ဒါက မင်းလိုအပ်တာဘဲ"
ဝမ့်ထန့်က ပြုံးပြီး ပြောလိုက်သည်။

ကျန်းစန်းယီက အေးစက်စက်ဖြင့် ပြန်ပြောလိုက်၏။

"နင်က သန္တာစွမ်းအင်တာအိုခန္ဓာကို
စိတ်ကူးယဉ်နေတာပဲ"

ဝမ့်ထန့်က မျက်ခုံးပင့်ပြီး ပြောလိုက်သည်။

"ဒါကို ငါမငြင်းပါဘူး၊ ဒါပေမယ့်
ကျွင်းရှောင်ယောက်ကကော နင့်ရဲ့ သန္တာစွမ်းအင်
တာအိုသန္ဓေခန္ဓာကို စိတ်မဝင်စားဘူးဆိုတာ
ဘယ်လိုသိမှာလဲ"

"နင်... နင်ဘာတွေပြောနေတာလဲ"

ကျန်းစန်းယီ၏ မျက်လုံးများက မတည်မငြိမ်
ဖြစ်သွားသည်။

ဤမြင်ကွင်းကို မြင်လိုက်ရတော့ ဝမ့်ထန့်၏
မျက်လုံးတွင် အနည်းငယ်အေးစက်သွား၏။

ကျန်းစန်းယီက ကျွင်းရှောင်ယောက်နှင့် အမှန်တကယ် ပတ်သက်နေသည်။

"ကျွင်းရှောင်ယောက်က ရှေးဟောင်းမြင့်မြတ်ခန္ဓာဖြစ်ပြီး မင်းကတော့ သန္ဓောစွမ်းအင် တာအိုခန္ဓာပဲ။ သူက မင်းရဲ့ သန္ဓောစွမ်းအင် တာအိုခန္ဓာကြောင့် မင်းကို ချစ်နေတယ်ဆိုတာ ဘယ်လိုသိမှာလဲ"

"နောက်ပြီးတော့ ကျန်းမိသားစုက ကျန်းလော့လီကို ကျွင်းရှောင်ယောက်နဲ့ လက်ထပ်စေချင်တယ်လို့ ကြားတယ်၊ ဒါပေမဲ့ မင်းကကော..."

"နောက်ပြီးတော့ ကျွင်းရှောင်ယောက်နဲ့ မင်းရဲ့ ဆက်ဆံရေးက နည်းနည်းထူးခြားတယ်။

ကျွင်းရှောင်ယောက်က မင်းကို
သူ့ဘဝရဲ့အဆင့်အတန်းတစ်ခုကိုမှ ပေးထားခဲ့တာ
မဟုတ်ဘူး၊ ဒီလို အနှိမ်ခံရတဲ့ဘဝနဲ့ ဆက်နေဖို့အတွက်
မင်း ဆန္ဒရှိရဲ့လား"

ဝမ့်ထျန်း၏ စကားလုံးတိုင်းက ကျန်းစန်းယီ၏
နှလုံးသားကို တိုက်ရိုက်ညွှန်ပြနေသော
ဓားတစ်လက်ကဲ့သို့ပင်။

ဝမ့်ထန့်က အလွန်ဉာဏ်ကောင်းသည်ဟု ဆိုရမည်။

သူဟာ မလာခင်ကတည်းက အိမ်စာများ
လုပ်ထားပြီးသား ဖြစ်ချေသည်။

ကျန်းစန်းယီကဲ့သို့ မိန်းကလေးမျိုးနှင့် ရင်ဆိုင်ရာတွင်
အင်အားကို အသုံးပြုခြင်းက အသုံးမဝင်ကြောင်း
သူသိသည်။

ဤအခိုက်တွင် ဝမ့်ထန့်က ဘေးအိမ်မှ ဘုရင်အိုကြီး ဖြစ်လာခဲ့ပြီး နံ့ရံ့ကို ဖောက်ရန် အသည်းအသန်ကြိုးစားနေသည့်ပုံ ရသည်။

ကျန်းစန်းယီ၏ မျက်နှာမှာလည်း ဖြူဖျော့သွားခဲ့သည်။

ဝမ့်ထန့်၏ စကားများက ပူးပေါင်းကြံစည်မှုတစ်ခုရှိသော်လည်း မှန်ကန်ပြီး အဓိကအချက်ကို တိုက်ရိုက်ထိမှန်သည်။

ကျွင်းရှောင်ယောက်၏ အမြင်တွင် သူမက မည်သည့် အထောက်အထားရှိသနည်း။

ထို့အပြင် ကျန်းစန်းယီအနေဖြင့် အနာဂတ်တွင်

ကျန်းလော့လီကို မည်သို့ ရင်ဆိုင်ရမည်အား မသိရှိသေးပေ။

သူမ စိတ်ထဲတွင် ကမောက်ကမ ဖြစ်လာသည်။

ယင်းကိုမြင်တော့ ဝမ့်ထန့်က သူ့လက်ကိုဝှေ့ယမ်းကာ ကျောက်စိမ်းစလစ်ကို ကျန်းစန်းယီထံသို့ ပစ်ပေးလိုက်သည်။

ကျန်းစန်းယီလည်း ကျောက်စိမ်းစလစ်ထံသို့ သူမလက်ကို ဆန့်ထုတ်လိုက်၏။

ဝမ့်ထန့်၏ မျက်နှာတွင်လည်း အပြုံးတစ်ခု ပေါ်လာခဲ့လေသည်။ သို့ရာတွင် သူ့နှလုံးသားထဲမှာတော့ အထင်အမြင်သေးသော အရိပ်အမြွက်တို့ဖြင့် ပြောလိုက်သည်။

'အို၊ မိန်းမဆို…'

သို့သော်လည်း နောက်အခိုက်အတန့်မှာတော့ ဝမ့်ထန့်၏ မျက်နှာပေါ်ရှိ အပြုံးမှာ အေးခဲသွားခဲ့သည်။

ကျန်းစန်းယီက ကျောက်စိမ်းစလစ်ကို မကြည့်ဘဲ လက်ကိုတစ်ချက်လှုပ်ကာ အမှုန့်ချေပစ်လိုက်၏။

"ကျန်းစန်းယီ၊ မင်း…"

ဝမ့်ထန့်၏ မျက်လုံးများက အေးစက်စက်အလင်းများ တောက်ပလာခဲ့သည်။

"နင့်ရဲ့စကားနဲ့ နင့်ရဲ့ အပြုမူတွေက ငါ့အတွက်တော့ ရွံစရာတွေချည်းပဲ"

ကျန်းစန်းယီ၏မျက်နှာက ဒေါသများဖြင့် ပြည့်နှက်သွားခဲ့သည်။

သူမ၏ စိတ်က တည်ငြိမ်ရင့်ကျက်နေခဲ့ပြီ။ ဤသို့သော စကားလုံးတချို့ဖြင့် သူမကို မည်သို့ အနိုင်ယူနိုင်မည်နည်း။

ဝမ့်ထန့်က သူမအား ကမ္ဘာကြီးကို မသိနားမလည်သော ကလေးမလေးတစ်ယောက်အဖြစ် မှတ်ယူထားသည့်ပုံ ရသည်။

ဝမ့်ထန့် လက်သီးဆုပ်လိုက်သည်။ သူ့နှလုံးသားထဲတွင်လည်း တွန်းအားတစ်ခု တိုးလာခဲ့၏။

ကျန်းစန်းယီကို အတင်းအကြပ်
ဖိနှိပ်လိုက်ရလျှင်ဖြင့်....

ဝမ့်ထန့်ဟာ ထိုသို့တွေးနေရင်းဖြင့် သူ့အကြည့်က
ကျန်းစန်းယီ၏ အနောက်ဘက်မှ ဟင်းလင်းပြင်ထဲကို
ကျရောက်သွားခဲ့သည်။

နောက်အခိုက်အတန့်မှာတော့ ဝမ့်ထန့်၏ မျက်နှာပေါ်မှ
အေးစက်မှုများ ပျောက်သွားခဲ့ပေသည်။ သူက
ပြုံးကာ ပြောလိုက်သည်။

"မင်းမှာ မိတ်ဆွေတွေ ရှိနေပြီမို့ ဝမ်ါထန့်
သွားလိုက်ပါဦးမယ်"

ပြောပြီးသည်နှင့် ဝမ့်ထန့်ဟာ ရှေ့သို့
ခြေတစ်ချက်လှမ်းပြီး
တိုက်ရိုက်ထွက်ခွာသွားတော့သည်။

ဝမ့်ထန့် ထွက်သွားပြီးနောက် ကျန်းစန်းယီ၏
အနောက်တွင် ပန်းပွင့်ပုံထိုးထားသော
ပိုးထည်ဝတ်စုံဖြင့် လှပသော မိန်းကလေးတစ်ယောက်
ထွက်ပေါ်လာခဲ့သည်။

ထိုမိန်းကလေးသည် အလွန်လှပ၏။ သူမ၏
အသားရေက ဖြူစင်ပြီး
ကြည်လင်တောက်ပနေပေသည်။ အထူးသဖြင့်
ဆောင်းဦးရေစက်ကဲ့သို့ လှိုင်းထသော မျက်လုံးများမှာ
အရောင်လဲ့နေပုံ ရသည်။

ထိုမိန်းကလေးက အလွန်လှပသော
နတ်သမီးတစ်ပါးနှင့်ပင် ဆင်တူလှပေသည်။

သို့သော်လည်း သူမဟာ ပန်းအိုးထဲမှ ပိန်းတစ်ပွင့်

မပာတ်ပေ။ သူမထံမှ ထွက်ပေါ်နေသော အရှိန်အဝါများက ကောင်းကင်နတ်ဘုရားနယ်ပယ်ကို ရောက်ရှိနေကြောင်း ထင်ရှားသည်။

“အဲဒီလူက တကယ်ကို စိတ်အနှောက်အယှက်ဖြစ်ရတာပဲ"

မိန်းကလေးက ပြောလိုက်သည်။ သူမ၏ မျက်လုံးများမှာတော့ ရွံရှာမှုများဖြင့် ပြည့်နှက်နေပေသည်။

"ကျေးဇူးတင်ပါတယ်၊ ချိုးရွှေ"

ကျန်းစန်းယီက ပြုံးပြလိုက်သည်။

ဤမိန်းကလေးမှာ ရှန်းကုမျိုးနွယ်ကြီးလေးခုထဲမှ တစ်ခုဖြစ်သော ဗျူတီမျိုးနွယ်၏ ဘုရင်ငယ်၊ လီချိုးရွှေ ဖြစ်သည်။

လီချိုးရှေ့ကလည်း ပြန်ပြုံးပြပြီး ပြောလေသည်။

"ဒါက ဘာမှမဟုတ်ပါဘူး၊ အရင်က ငါ့ရဲ့ မျိုးနွယ်စုဝင် တော်တော်များများ အန္တရာယ်တွေ ကြုံခဲ့ရတယ်။ အဲဒီအချိန်က နင့်အတွက်ကြောင့်ပဲ ရှင်သန်နိုင်ခဲ့တာပါ"

"နောက်ပြီးတော့ ကောင်းကင်တားမြစ်အပျက်ယွင်းကိုသွားပြီး ရှန်းကုတံဆိပ်ပြားကို ရှာဖွေဖို့အတွက် နင့်ကို လိုအပ်သေးတယ်"

"စိတ်မပူပါနဲ့၊ ငါ ဒါကို သေချာပေါက်လုပ်မယ်"

ကျန်းစန်းယီက ခေါင်းညိတ်လိုက်သည်။

သူမက ဗျူတီမျိုးရိုး၏ အဖွဲ့ဝင်များစွာကို

မတော်တဆ ကယ်တင်ခဲ့သောကြောင့်
ဗျူတီမျိုးနွယ်နှင့် ကောင်းမွန်သောဆက်ဆံရေးအား
ထူထောင်နိုင်ခဲ့သည်။

ဗျူတီမျိုးနွယ်က ကျန်းစန်းယီကို ဘိုးဘွားနယ်မြေသို့
ဝင်ခွင့်ပေးခဲ့၍ သူမ၏ ကျင့်ကြံခြင်းမှာ များစွာ
တိုးတက်ခဲ့ပေသည်။

ကျန်းစန်းယီကလည်း
ကောင်းကင်တားမြစ်အပျက်ယွင်းတွင်
ရှန်းကုတံဆိပ်ပြားကို ရှာပေးရန်အတွက်
သဘောတူခဲ့သည်။

"စကားမစပ်၊ နင်စိတ်ဝင်စားမယ်ထင်တဲ့ သတင်းတစ်ခု
ရှိတယ်"

လီချိုးရှေက ရုတ်တရက် ပြောလိုက်တယ်။

"ဘာသတင်းလဲ"

ကျန်းစန်းယီ မေးလိုက်၏။

ထို့နောက်မှာတော့ လီချိုးရှွေဟာ ကျွင်းရှောင်ယောက်အကြောင်း သတင်းအားလုံးကို ပြောပြလိုက်တော့သည်။

ရှန်းကုမျိုးနွယ်များမှာ ဒေသခံမြွေဖြစ်သောကြောင့် ၎င်းတို့၏ သတင်းအချက်အလက် ကွန်ရက်က အပြင်လူများထက် ပိုမြန်သည်။

ကျွင်းရှောင်ယောက်က ရှန်းကုတာအိုရေကန်တွင် အားလုံးကို သုတ်သင်ခဲ့ကြောင်း ကြားလိုက်ရပြီးနောက် ကျန်းစန်းယီ၏မျက်နှာမှာ ပြုံးရွှင်သွားခဲ့သည်။ ဤသတင်းကို ကြားရခြင်းက

သူမကိုယ်တိုင် အခွင့်အရေးရခဲ့သည်ထက်ပင် ပို၍ ပျော်ရွှင်ရပေသည်။

"ရှောင်ယောက်က ဘယ်သူ့ကိုမှ စိတ်မပျက်စေခဲ့ဘူး"

ကျန်းစန်းယီကိုယ်တိုင်ပင် သတိမပြုမိဘဲ သူမ၏ မျက်လုံးများ၌ ချစ်ခြင်းမေတ္တာများ ပြည့်နှက်သွားခဲ့သည်။

"ဟင်း၊ အချစ်ကြီးနေတဲ့ မိန်းကလေးပဲ..."

လီချိုးရှေက သက်ပြင်းတစ်ချက် ချလိုက်သည်။

အခြားတစ်ဖက်တွင် ကျန်းစန်းယီထံမှ ထွက်လာပြီးနောက် ဝမ့်ထန့်ဟာ မနေနိုင်တော့ဘဲ ဒေါသပေါက်ကွဲသွားခဲ့သည်။

သူ့တစ်ကိုယ်လုံး တုန်ခါသွားကာ ဒေါသတကြီး ပေါက်ကွဲထုတ်လိုက်၏။ စွမ်းအင်လှိုင်းများက ပတ်ဝန်းကျင်သို့ ဖြာထွက်လာရာ ဖုန်တထောင်းထောင်း ထလာတော့သည်။

အချိန်အတော်ကြာပြီးမှ ဝမ့်ထန့် တည်ငြိမ်လာကာ ပြောလိုက်သည်။

"မင်းဒီမှာလား"

ရုတ်တရက် လေဟာပြင်ထဲတွင် လှိုင်းလုံးကြီးတစ်ခု ထွက်ပေါ်လာခဲ့၏။

အနက်ရောင်ဝတ် အမျိုးသားတစ်ဦးက ဝမ့်ထန့်အရှေ့တွင် ထွက်ပေါ်လာတော့သည်။

၎င်း၏ ပတ်ဝန်းကျင်မှ ဟင်းလင်းလင်းပြင်ကတော့

တွန့်လိမ်ကာ လှုပ်ရှားနေဆဲပင် ဖြစ်သည်။

"ကေရာဇ်ငယ် နှုတ်ခွန်းဆက်ပါတယ်"

အနက်ရောင်ဝတ် အမျိုးသားက နှိမ့်ချသောလေသံဖြင့် ပြောလိုက်သည်။

"ဒီအစီအစဉ်ကို အကောင်အထည်ဖော်တော့မယ်။ မင်းရဲ့ အထူးခန္ဓာအရ တခြားအင်အားစုတွေကို ဆက်သွယ်ဖို့ အဆင်ပြေလိမ့်မယ်"

ဝမ့်ထန့်က ပြော၏။

"နောက်ဆုံးမှာတော့ ဘုရင်သတ်အစီအစဉ် စတင်တော့မှာလား"

အနက်ရောင်ဝတ်လူက ခပ်တိုးတိုး ရေရွတ်လိုက်သည်။

"သွားတော့၊ ဒီကေရာဇ်ငယ်က ကျွင်းမိသားစုအားလုံးကို သွေးနဲ့ ပေးဆပ်စေချင်တယ်"

ဝမ့်ထန့်၏ မျက်လုံးများက အလွန်အေးစက်သွားခဲ့သည်။

ကျန်းစန်းယီထံတွင် သူခံစားခဲ့ရသော အရှက်တရားအတွက် ကျွင်းမိသားစုကို ပေးဆပ်ရစေမည်။

ဝမ့်ထန့်က ဘုရင်သတ်အစီအစဉ်ကို စလိုက်သည်နှင့် ရှန်းကုကမ္ဘာတစ်ခုလုံးရှိ ရေလှိုင်းများမှာ ပို၍ပင် တုန်လှုပ်ခြောက်ခြားဖွယ်ရာ ဖြစ်လာခဲ့ရသည်။

………

ရှန်းကုကမ္ဘာ၏ နေရာတစ်ခုတွင် လူငယ်တစ်ဦးက သူ၏ကိုယ်ပိုင်အခွင့်အလမ်းကို ချေဖျက်နေသည်။

သူသည် လူသားမျိုးနွယ်နှင့်တူသော်လည်း သူ့မျက်နှာတွင် ပေါင်းစပ်မျက်လုံးတစ်စုံရှိ၏။

ရုတ်တရက် သူ့အရှေ့မှ လေဟာပြင်ဟာ တွန့်လိမ်သွားပြီး အနက်ရောင်ဝတ် ပုံရိပ်တစ်ခု ထွက်ပေါ်လာခဲ့သည်။

လူငယ်ကလည်း ဤအခြေအနေကို ကြာမြင့်စွာကတည်းက မျှော်လင့်ထားပုံရပြီး မအံ့သြခဲ့ပေ။

“နောက်ဆုံးတော့ မင်း ရောက်လာခဲ့ပြီ"

လူငယ်က အနည်းငယ်ပြုံးကာ ပြောလိုက်သည်။

"ကူချန်ဇီ၊ အစီအစဉ် စပါပြီ။ အခု ကျွင်းမိသားစုရဲ့ ရှေးဟောင်းလူထူးဆန်းတွေ ဘယ်နေရာမှာ အိပ်စက်နေသလဲဆိုတာ သိရဖို့လိုတယ်"

အနက်ရောင်ဝတ်လူက ပြောလိုက်၏။

"ကိစ္စမရှိပါဘူး၊ ငါတို့ နောက်ဆုံးမှာတော့ စတင်နိုင်ကြပြီ"

ကူချန်ဇီ အမည်ရသော ထိုလူငယ်က အပြုံးမပျက်ဘဲ ပြောလိုက်သည်။

သူဟာ ရှေးဟောင်းတော်ဝင်မိသားစုတစ်ခုဖြစ်သော ထျန်းချန်တော်ဝင်မိသားစုမှ ဖြစ်သည်။

ဤမျိုးနွယ်တွင် တာအိုကို သက်သေပြု၍ ကေရာင်ဇ်ဖြစ်လာခဲ့သော ထျန်းချန်ဇီ အမည်ရှိသည့် ကျွမ်းကျင်သူတစ်ဦး ရှိဖူးသည်။

ထျန်းချန်မျိုးနွယ်ဝင်များက မေဒင်ဟောခြင်းစွမ်းရည်ဖြင့် မွေးဖွားလာခဲ့သူဖြစ်ကာ အကြောင်းအကျိုးနှင့် သက်ရောက်မှုများစွာကို ခန့်မှန်းနိုင်ကြသည်။

ထို့အတွက်ကြောင့်လည်း ထျန်းချန်တော်ဝင်မိသားစုမှာ အရေအတွက်က အလွန်ရှားပါးသည်။
မျိုးဆက်တစ်ခုစီမှာလည်း နှစ်ဦး သို့မဟုတ် သုံးဦးသာရှိကြပြီး အများစုမှာ တိတ်တဆိတ် နေထိုင်ခဲ့ပေသည်။

ယခုတစ်ကြိမ်မှာတော့ ရှန်းကုကမ္ဘာမဖွင့်မီတွင် ကျွင်းမိသားစု၏ ရန်ဘက်အင်အားစုအားလုံးက ပူးပေါင်းကြပြီး ဘုရင်သတ်အစီအစဉ်ကို လျှို့ဝှက်စီစဉ်ခဲ့ကြသည်။

ထိုအစီအစဉ်အတွက်ကြောင့်ပင် ဗေဒင်ပညာ ကျွမ်းကျင်မှုရှိသော ထျန်းချန်တော်ဝင်မိသားစုမှ ဆင်းသက်လာသူတစ်ဦးကို အထူး ရှာထားခဲ့ရသည်။

--------

အခန်း ( ၄၃၇ ) ဖီးနစ်သမီးတော်၊ လုံအိုထျန်း၏ မဟာအခွင့်အလမ်း၊ ရှေးနဂါးမျိုးနွယ်။

ကူချန်ဇီက ဤအစီအစဉ်၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်ပေသည်။

သူ့ကို အားကိုးခြင်းဖြင့်သာ ဝိညာဉ်ပြည်တွင် အိပ်စက်နေသော ကျွင်းမိသားစု၏ ရှေးဟောင်းလူထူးဆန်းကို ဖော်ထုတ်နိုင်ကြမည် ဖြစ်သည်။

ကူချန်ဇီကို အကြောင်းကြားပြီးနောက် အနက်ရောင်ဝတ် လူရိပ်က လေဟာပြင်ထဲတွင် ပြန်လည် ပျောက်သွားခဲ့သည်။

ကူချန်ဇီလည်း နက်ရှိုင်းသော မျက်လုံးများဖြင့် အဝေးကို လှမ်းကြည့်လိုက်လေသည်။

"ဘိုးဘွားနဂါးသိုက်၊ အလုံးစုံဖီးနစ်ဝိညာဉ်တောင်တန်း၊ ချီလင်ရှေးဟောင်းဂူ၊ မြောက်ပိုင်းဝမ့်မိသားစု၊ ကြွေလွင့်နတ်ဘုရားနန်းတော်နဲ့ အခြားအင်အားစုတွေ

ပါဝင်နေတာကြောင့် ဒီအစီအစဉ်က
ကောင်းမွန်တဲ့အခြေအနေမှာ ရှိသင့်တယ်"

"ဒါပေမယ့်၊ ကပ်ဆိုးနဲ့ ပျက်စီးခြင်းဆီကို
ဦးတည်သွားစေမယ့်
ထူးဆန်းတဲ့တည်ရှိမှုတစ်ခုရှိနေသလိုပဲ။ ဒီလို
ထူးဆန်းတဲ့အရာတစ်ခုရှိတယ်လို့ ငါ ဘာဖြစ်လို့
အမြဲတမ်းခံစားနေရတာလဲ"

ကူချန်ဇီက အနည်းငယ် မျက်မှောင်ကြုတ်လိုက်သည်။

ထျန်းချန်မျိုးနွယ်က ဗေဒင်တွက်နိုင်သော်လည်း
ယောင်ဝါးဝါးဖြင့်သာ ကောက်ချက်ချနိုင်သည်။

ဒုင်းတွင် ပို၍လေးနက်သော ကံတရားနှင့်
အကျိုးဆက်များ ရှိ၏။

ကူချန်ဇီက ထျန်းချန်မျိုးနွယ်မှ ဆင်းသက်လာသော
လူငယ်မျိုးဆက်သစ် တစ်ဦးအဖြစ်သာ
သတ်မှတ်၍ရသည်။ သူဟာ အရွယ်မရောက်သေး၍
အပေါ်ယံ အကြောင်းတရားနှင့်
အကျိုးသက်ရောက်မှုကိုသာ တွက်ချက်နိုင်ပေသည်။

ထို့နောက် အခြားဒေသတစ်ခုတွင်...

အနက်ရောင်ဝတ်လူက ဟွမ်ထျန်းကဲကို
ရှာဖွေတွေ့ခဲ့သည်။

သူ့ဘေးမှာတော့ ချောမောလှပသော
မိန်းကလေးတစ်ယောက် ရှိ၏။

မိန်းကလေးက အနီရောင် ဖီးနစ်ဝတ်စုံကို
ဝတ်ဆင်ထားပြီး မီးလျှံကဲ့သို့ အပူလှိုင်းတို့ဖြင့်

လှပသော ကိုယ်ဟန်မျိုး ရှိသည်။

သူမ၏ အသားအရည်က ကြည်လင်နေကာ
အနက်ရောင်ဆံပင်များကိုတော့ ဖီးနစ်ပျံသန်းနေဟန်
ဆံထုံး ထုံးထားသည်။

သူမ၏မျက်နှာသွင်ပြင်က ချစ်စရာကောင်းပြီး
နဖူးပေါ်မှာတော့ ဖီးနစ်အမှတ်အသားတစ်ခု ရှိသည်။

ဤမိန်းကလေးကတော့ အလုံးစုံ
ဖီးနစ်ဝိညာဉ်တောင်တန်းမှ ဖီးနစ်သမီးတော်
ဖြစ်ပေသည်

ဟွမ်ဇီ ဟွမ်ထျန်းကဲ၊

ဖုန်းနု ဖုန်းလော့ဖေး။

၎င်းတို့နှစ်ဦးမှာ အလုံးစုံ ဖီးနစ်ဝိညာဉ်တောင်တန်း၏ အဓိက ပါရမီရှင်များ ဖြစ်သည်။

"ဟွမ်ဇီ၊ ဖုန်းနု၊ အစီအစဉ်စတော့မယ်။"
အနက်ရောင်ဝတ်လူက ပြောလိုက်သည်။

"ငါတို့သိပါတယ်"
ဖုန်းလော့ဖေးက အနည်းငယ် ခေါင်းညိတ်လိုက်၏။

အနက်ရောင်ဝတ်လူလည်း နောက်ပြန်လှည့်ပြီး တိုက်ရိုက်ပြန်ထွက်သွားတော့သည်။

သူထွက်သွားပြီးနောက် ဖုန်းလော့ဖေးက

ဟွမ်ထျန်းကဲကိုလှည့်ကြည့်ကာ ပြောလိုက်သည်။

"ဒီတော့ ကျွင်းရှောင်ယောက်ရဲ့ ခွန်အားက တကယ်ကို အားကောင်းနေပြီပေါ့"

ဟွမ်ထျန်းကဲလည်း ခေါင်းညိတ်လိုက်လေသည်။

"ငါ ဝန်မခံချင်ပေမယ့် ကျွင်းရှောင်ယောက်က မျိုးဆက်သစ်ရဲ့ နံပါတ်တစ် ဘွဲ့နဲ့ ထိုက်တန်တယ်လို့ ဆိုရမယ်"

"ငါ၊ ဗုဒ္ဓဂိုဏ်းက ဗုဒ္ဓသားတော်နဲ့ နတ်ဆိုးနတ်ဘုရား နန်းတော်က နတ်သမီးတို့ အတူတူတိုက်ခိုက်ခဲ့ပေမဲ့ သူ့ကို ဒဏ်ရာရစေဖို့မပြောနဲ့၊ နောက်ဆုတ်သွားဖို့တောင် မလုပ်နိုင်ခဲ့ဘူး"

ဟွမ်ထျန်းကဲ၏ စကားကိုကြားတော့ ဖုန်းလော့ဖေးလည်း အနည်းငယ်

မျက်မှောင်ကြုတ်သွားသည်။

ယုတ္တိဗေဒအရ မျိုးဆက်တူ ပါရမီရှင်များအကြား ကွာဟချက်ရှိလျှင်ပင် ကွာဟချက် ကြီးမားသင့်သည်မဟုတ်ပေ။

ကျွင်းရှောင်ယောက်ကတော့ ထူးခြားသော ကွဲပြားမှုတစ်ခုဟု ပြောနိုင်သည်။

သူ၏တည်ရှိမှုက ပါရမီရှင်များ၏ဦးခေါင်းကို ဖိနှိပ်ထားသည့် ရှေးဟောင်းတောင်ကြီးတစ်လုံးကဲ့သို့ပင်။

အနာဂတ်တွင် ကျွင်းရှောင်ယောက်က ရှေးဟောင်းလူထူးဆန်းများကိုပင် ကျော်သွားနိုင်လောက်သည်။

"ကံမကောင်းစွာဖြင့်၊ ကျွန်ုပ်၏ ဖီးနစ်ဝိညာဉ်တောင်တန်းတစ်သောင်း၏ ရှေးခေတ်မသေနိုင်သော ရှေးခေတ်ကမ္ဘာတွင် မရှိပါ။" Feng Luofei သည် သူမ၏ ခေါင်းလေးကို ခါယမ်းလိုက်သည်။

"ကံမကောင်းချင်တော့ ငါတို့ အလုံးစုံ ဖီးနစ်ဝိညာဉ်တောင်တန်းရဲ့ ရှေးဟောင်းလူထူးဆန်းက ရှန်းကုကမ္ဘာမှာ မရှိဘူး"

ဖုန်းလော့ဖေးက ခေါင်းကို အနည်းငယ်ခါယမ်းလိုက်သည်။

ရှေးဟောင်းလူထူးဆန်းတိုင်းက ရှန်းကုကမ္ဘာတွင် အိပ်စက်နေခြင်း မဟုတ်ပေ။

ဥပမာအားဖြင့်၊ မင်းသမီးလုံကျိုဟာ
အင်မော်တယ်နယ်မြေကြီးရှိ တစ်နေရာရာတွင်
အိပ်စက်နေခဲ့သည်။

"ကိစ္စမရှိပါဘူး၊ ငါတို့အင်အားစုတွေ
ပေါင်းစည်းလိုက်ရင် ကျွင်းရှောင်ယောက်ကို မပြောနဲ့၊
ကျွင်းမိသားစုရဲ့ ရှေးဟောင်းလူထူးဆန်းတွေကိုတောင်
သတ်ပစ်နိုင်တယ်"

ဟွမ်ထျန်းကဲက ပြောလိုက်သည်။

"ဒါဆိုရင်းလည်း ရှေးဟောင်းဝိညာဉ်ပြည်ကို
သွားကြတာပေါ့"

ဖုန်းလော့ဖေးက ပြောလိုက်၏။

ထို့နောက်မှာတော့ ၎င်းတို့၏အနောက်မှ
အတောင်များက လှုပ်ရှားလာကာ ရှေးဝိညာဉ်ပြည်သို့

ဦးတည်ပျံသန်းသွားတော့သည်။

ရှန်းကုကမ္ဘာ၏ နောက်ထပ်ရေိယာတစ်ခု....

ခရမ်းရောင်များ ပြည့်နှက်နေသော
တောင်တန်းကြီးတစ်ခုတွင်...

ခရမ်းရောင်ဆံပင်နှင့် ထူးထူးခြားခြား
ချီလင်သဏ္ဌာန်ရှိသည့် အမျိုးသားတစ်ဦးက
တောင်ထိပ်ပေါ်တွင် တင်ပျဉ်ခွေထိုင်နေသည်။

သူ့ခေါင်းပေါ်တွင် ခရမ်းရောင် ချီလင်ဦးချိုတစ်စုံရှိပြီး
ခရမ်းရောင်ရွှေရောင် ချီလင်ချပ်ဝတ်ကိုလည်း
ဝတ်ထား၏။ သူ၏ အရှိန်အဝါကလည်း
အလွန်အစွမ်းထက်သည်။

သူ၏ မျက်လုံးအစုံကတော့
ခရမ်းရောင်ကြယ်ပွင့်များကဲ့သို့ လူများ၏
စိတ်ဝိညာဉ်ကို စွဲယူညှို့ငင်နိုင်လောက်သည်။

ဤလူက ချီလင်ရှေးဟောင်းဂူမှ ချီလင်သားတော်
ဖြစ်ပေသည်။

ယခင်က ချီလင်သားတော်ဟာ ကျွင်းမိသားစု၏
ပထမစီကွမ်ဖြစ်သော ကျွင်းလုံခန်းနှင့် တိုက်ခိုက်ခဲ့ပြီး
ရှုံးနိမ့်ခဲ့ဖူးသည်။ ထိုသတင်းများက ရှန်းကုကမ္ဘာတွင်
ပျံ့နှံ့သွားကာ မျက်နှာပျက်ခဲ့ရပေသည်။

သို့သော်လည်း ယခုအချိန်မှာတော့
ချီလင်သားတော်တွင် ဒဏ်ရာလက္ခဏာမရှိဘဲ
အရှိန်အဝါကလည်း ပြင်းထန်လွန်းလှသည်။

ထိုအချိန်တွင် သူ့ရှေ့ရှိ လေဟာပြင်က တုန်ခါသွားပြီး ပုံရိပ်တစ်ခု ပေါ်လာခဲ့လေသည်။ ၎င်းက အနက်ရောင်ဝတ်လူ ဖြစ်သည်။

၎င်းကိုမြင်သောအခါ ချီလင်သားတော်၏ ခရမ်းရောင်မျက်လုံးများက အလင်းရောင်တစ်ခု လင်းလက်လာခဲ့သည်။

"ချီလင်သားတော်၊ အစီအစဉ်စပါပြီ၊ ရှေးဟောင်းဝိညာဉ်ပြည်ကို သွားကြရအောင်" အနက်ရောင်ဝတ်လူက ပြောသည်။

"နောက်ဆုံးတော့ စတင်လာပြီပေါ့"

ချီလင်သားတော်လည်း ထိုင်နေရာမှ ထရပ်လိုက်သည်။ သူ့ထံမှ ကြောက်စရာကောင်းပြီး

အစွမ်းထက်သည့် အရှိန်အဝါများလည်း
ထွက်ပေါ်လာခဲ့၏။

သူ့ပတ်ဝန်းကျင်မှာ မရေမတွက်နိုင်အောင်
များပြားလှသည့် ချီလင်ပုံရိပ်များ
ထွက်ပေါ်လာတော့သည်။

"ကျွင်းလုံခန်း၊ မင်းကတော့ မင်းကို ငါရှုံးခဲ့တယ်လို့
ထင်ကောင်းထင်မှာပေါ့၊ တကယ်တော့ ငါဟာ
ငါ့ဝှက်ဖဲကို ထုတ်မပြခဲ့လို့ပဲ။ အခု မင်းရဲ့
ကျွင်းမိသားစုကို အဆုံးသတ်ဖို့ အချိန်ကျပြီ"
ချီလင်သားတော်က လှောင်ပြောင်လိုက်သည်။

အခြားတစ်ဖက်တွင် အနက်ရောင်ဝတ်လူက
ချီလင်သားတော်ထံမှ ထွက်လာပြီးနောက် နောက်ထပ်
အစီအစဉ်များကို ချမှတ်နေသည်။

"နောက်ထပ် ဘယ်သူ့ကို အကြောင်းကြားရပါ့မလဲ။ ဘိုးဘွားနဂါးသိုက်ရဲ့ လုံအိုထျန်းက ရှန်းကုတာအိုရေကန်မှာ ကျွင်းရှောင်ယောက်ကို ရှုံးနိမ့်ပြီးနောက် ဘယ်ကိုရောက်သွားမှန်း ဘယ်သူမှ မသိကြသေးဘူး"

"အဲဒီမင်းသမီးလုံကျိကျတော့ ကျွင်းရှောင်ယောက်ကို အညံ့ခံပြီး သူ့ရဲ့စီတော် ဖြစ်သွားခဲ့ရပြီ"

အနက်ရောင်ဝတ်လူ၏ လေသံက အေးဆေး တည်ငြိမ်နေသည်။ မကြာသေးမီကပင် ဤသတင်းကို သူရခဲ့ခြင်း ဖြစ်ပေသည်။

"ဘာပဲဖြစ်ဖြစ် ကျွင်းရှောင်ယောက်က ရှန်းကုကမ္ဘာမှာ သေဆုံးရမှာပဲ"

အနက်ရောင်ဝတ်လူက ပြောလိုက်သည်။
သူ့လေသံကတော့ လွန်စွာ အေးစက်လျက် ရှိ၏။
သူနှင့် ကျွင်းရှောင်ယောက်ကြားတွင် အမုန်းတရားများ
ရှိနေပုံရသည်။

"ဒါထက် ကျွင်းမိသားစုရဲ့ ရန်ဘက်တွေဖြစ်တဲ့
နတ်ဆိုးဘုရားနန်းတော်နဲ့ ဗုဒ္ဓဂိုဏ်းကလူတွေနဲ့လည်း
ပေါင်းစည်းလို့ရတယ်"

အနက်ရောင်ဝတ်လူက
လျှောင်ပြောင်ပြောဆိုလိုက်သည်။

ထို့နောက် သူဟာ ဗုဒ္ဓသားတော်နှင်
ရန်ယုမန်ကိုရှာဖွေရန် နည်းလမ်းရှာခဲ့သည်။

ဗုဒ္ဓဂိုဏ်း၏ ဗုဒ္ဓသားတော်က အလွန်ပြတ်သားပြီး
တိုက်ရိုက်သဘောတူခဲ့သည်။

ရန်ယုမန်ကတော့ တိုက်ရိုက်သဘောမတူဘဲ ခဏတာ ငြင်းပယ်ခဲ့သည်။

အမှန်အတိုင်းပြောရလျှင် သူမက နတ်ဆိုးတစ်ကောင်ဖြစ်သော ကျွင်းရှောင်ယောက်နှင့် နောက်တစ်ကြိမ် ထပ်မတွေ့ချင်တော့ပါ။

ထို့နောက် အနက်ရောင်ဝတ်လူဟာ ရှန်းကုမျိုးနွယ်များ၏ ဘိုးဘွားနယ်မြေအချို့သို့ ထွက်ခွာသွားခဲ့သည်။

အခြားတစ်ဖက်တွင်...

နဂါးလူမျိုးနွယ်၏ ဘိုးဘွားနယ်မြေမှ ရှေးနဂါးဂူ

အပြင်ဘက်တွင်...

အိုကွမ်၊ အိုလွမ်၊ လုံပိကျစ်၊ ပိုင်မေအာနှင့် အခြားသူများက ဤနေရာတွင် စောင့်နေခဲ့ကြသည်။

"ရက်တွေတော်တော်ကြာနေပြီ၊ ဒါပေမဲ့ သခင်လေးလုံက ထွက်မလာသေးဘူး။ သူ အထဲမှာ တစ်ခုခုဖြစ်နေတာပဲလား"

အိုလွမ်က စိုးရိမ်စွာဖြင့် ပြောလိုက်သည်။

"သူ သတိပေးတာကို နားမထောင်...."

အိုကွမ်က ပြောလိုက်သော်လည်း စကားမဆုံးမီ ရပ်သွားသည်။

ရှေးနဂါးဂူတည်ရှိရာ ဝေဟင်ကျွန်းတစ်ခုလုံးကလည်း

တုန်ခါစပြုလာခဲ့၏။ ရောင်စုံအလင်းများ
လင်းလက်နေပြီး လေထဲတွင်လည်း
နဂါးအငွေ့အသက်များ ပြည့်နှက်နေတော့သည်။

"ဘာတွေ ဖြစ်နေတာလဲ"

အိုလွမ် အံ့အားသင့်စွာ မေးလိုက်သည်။

"သူ ရှေးနဂါးဂူရဲ့ အနက်ရှိုင်းဆုံးအပိုင်းကို
ဆင်းသက်သွားခဲ့တာ"

အိုကွမ် မျက်မှောင်ကြုတ်လိုက်၏။

"ဘာ"

အိုလွမ်၏ မျက်နှာလည်း ဖြူဖျော့သွားတော့သည်။

ယင်းက လုံအိုထျန်း သေဆုံးနိုင်ချေ ရှိနေပြီဟူသော

အဓိပ္ပာယ်ပင် မဟုတ်ပါလား။

ပိုင်မေအာကတော့ အနည်းငယ် ဝမ်းသာသွားခဲ့သည်။

လုံအိုထျန်း ရှေးနဂါးဂူတွင် အမှန်တကယ်
သေဆုံးသွားခဲ့ပါက အကောင်းဆုံးပင် ဖြစ်လိမ့်မည်။

တစ်ချိန်တည်းမှာပင် ရှေးနဂါးဂူ၏
အနက်ရှိုင်းဆုံးနေရာတွင်...

လုံအိုထျန်း၏ ခန္ဓာကိုယ်က သွေးများဖြင့်
ဖုံးလွှမ်းနေပြီး ဝက်ပါတစ်ခုကို
ဖြတ်ကျော်သွားခဲ့သည်။

"ငါလုပ်ခဲ့တယ်။ နောက်ဆုံးတော့ ငါ လုပ်နိုင်ခဲ့ပြီ"

လုံအိုထျန်းက သူ့နှုတ်ခမ်းထောင့်မှ သွေးများကို သုတ်လိုက်သည်။

ရှေးနဂါးဂူက အမှန်တကယ်ပင် အန္တရာယ်များ အပြည့်ရှိ၏။ သတိမထားမိလျှင် အသက်ဆုံးရှုံးသွားနိုင်သည်။

သို့ရာတွင် သူက ဘယ်သူနည်း။

သူက လုံအိုထျန်း ဖြစ်သည်။

သူက ကောင်းကင်နှင့်မြေပြင်၏ အကာအကွယ်ပေးခံရသည့် ကံကောင်းခြင်း၏ သားတော်ပင်။ သူ့တွင် အဓိက ဇာတ်ဆောင်တစ်ယောက်ရဲ့ ရွှေထီးလည်း ရှိသည်။

ဤရှေးနဂါးဂူမှာက သူ့အသက်ကို
မည်သို့ယူဆောင်နိုင်မည်နည်း။

အခက်ခဲဆုံးလမ်းကို ဖြတ်ကျော်ပြီးနောက် လုံအိုထျန်း
အသက်ပြင်းပြင်းရှူကာ ပတ်ဝန်းကျင်ကို
လှည့်ပတ်ကြည့်လိုက်သည်။

သူ့ရှေ့တွင် ရှေးကျသော အရှိန်အဝါများ
ပြည့်နှက်နေသည့် ရောမနဂါးအရိုးစုတစ်ခုရှိ၏။

အရိုးတိုင်းသည် ကျောက်စိမ်းကဲ့သို့ ပြတ်သားပြီး
ကောင်းကင်နှင့်မြေကြီး၏
တံဆိပ်ခတ်ထားပုံရပေသည်။

"ဒါ...ဒါက... ရှေးနဂါးမျိုးနွယ်ပဲလား"

လုံအိုထျန်း၏ မျက်နှာတွင် မကြုံစဖူး ရှင်လန်းမှုများဖြင့် ပြည့်နှက်သွားခဲ့သည်။

---------

အခန်း ( ၄၃၈ ) ကောင်းကင်ကျမ်း ကိုးအုပ်အနက် ကျမ်းတစ်ခုဖြစ်သော ဟင်းလင်းပြင်ကျမ်း၊ ထာဝရအင်မော်တယ်ခန္ဓာ။

နဂါးမျိုးနွယ်ဟာ အမျိုးအနွယ်များစွာ ပါဝင်ပြီး အလွန်ကြီးမားသည့် မျိုးနွယ်တစ်ခု ဖြစ်သည်။

ဘိုးဘွားနဂါးသိုက်ပင်လျှင် နဂါးသတ္တဝါအားလုံးကို စုဆောင်းရန် မဖြစ်နိုင်ပါပေ။

နဂါးမျိုးနွယ်တွင် မတူညီသော မျိုးနွယ်များအလိုက် နဂါးကလန် အမျိုးအစားများစွာ ရှိကြသည်။

ထိုက်ရှီရှေးနဂါးမျိုးနွယ်စုကတော့ အလွန်ရှေးကျပြီး အင်အားကြီးမားသော နဂါးမျိုးနွယ်စုတစ်ခု ဖြစ်ချေသည်။

ဤမျိုးနွယ်စု၏သွေးက အလွန်ရှားပါးပြီး အရိပ်အမြွက်များကိုပင် ရှာရခက်လှသည်။

ဘိုးဘွားနဂါးသိုက်မှာပင် ထိုက်ရှီရှေးနဂါး တစ်ကောင်မရှိပေ။

သို့သော်လည်း ယခုအခါ လုံအိုထျန်း၏ရှေ့တွင်

ထိုက်ရှိရှေးနဂါးရုပ်ကြွင်း ရှိနေပြီ ဖြစ်သည်။

ယင်းက ဘာကိုဆိုလိုခဲ့သနည်း။

ဆိုလိုသည်မှာ လုံအိုထျန်းက ဒဏ္ဍာရီလာ ထိုက်ရှိ
ရှေးနဂါးအနွယ်၏အမွေကို ရရှိခဲ့ခြင်း
ဖြစ်နိုင်ပေတော့သည်။

ယင်းက မပြည့်စုံသောအမွေ ဖြစ်ခဲ့လျှင်ပင်
၎င်း၏တန်ဖိုးက တိုင်းတာ၍မရပါ။

ဤထိုက်ရှိရှေးနဂါး အကြွင်းအကျန်များက
ရှန်းကုတာအိုရေကန်တွင် တွေ့ခဲ့ရသော တောင်ပံနဂါး
သွေးမျိုးဆက်ပါသည့် နဂါးအလောင်းထက်
အားမနည်းဟု ဆိုနိုင်သည်။

ၶင်းက ပို၍ပင် အဖိုးတန်ဦးမည်။

"ဟားဟားဟား၊ ကောင်းကင်က ငါ့ကို
မစွန့်ပယ်ဘူးကွ"
လုံအိုထျန်းက ကောင်းကင်ကိုမော့၍
ဟားတိုက်ရယ်မောလိုက်သည်။

ကံကြမ္မာ၏ ဇာတ်လိုက်ဆိုသည်မှာ အဘယ်နည်း။

သူက တကယ့်ဇာတ်လိုက်ကျော်ကြီးပင် ဖြစ်သည်။

လုံအိုထျန်း၏ဘဝတွင် အဆင်မပြေမှုများနှင့်
ကြုံတွေ့ရလျှင်ပင် နောက်ဆုံးတွင်
သူပြန်ထလာပေဦးမည်။

ကျွင်းရှောင်ယောက်နှင့် ပတ်သက်လျှင်တော့...

၎င်းမှာ သူတိုးတက်ရာလမ်းမှ ခြေနင်းကျောက်
တစ်ခုမျှသာ ဖြစ်နိုင်သည်။

လုံအိုထျန်းလည်း သူ၏ စိတ်လှုပ်ရှားမှုကို မျိုသိပ်ကာ
ထိုက်ရှီ ရှေးနဂါးအကြွင်းအကျန်များထံသို့
ချဉ်းကပ်သွားခဲ့သည်။

ထိုအချိန်တွင် ထိုက်ရှီရှေးနဂါးရုပ်ကြွင်းများ၏
ဦးခေါင်းခွံပါးစပ်တွင် တစ်စုံတစ်ရာရှိနေပုံရကြောင်း
ရုတ်တရက် တွေ့လိုက်ရ၏။

လုံအိုထျန်းလည်း စူးစမ်းချင်စိတ်များဖြင့် ရှေ့သို့

တိုးဝင်သွားတော့သည်။

ထိုအခါ ထိုက်ရှီရှေးနဂါး၏ ပါးစပ်တွင်း၌ ရှေးကျသည့် အရှိန်အဝါများ ပြည့်နှက်နေသော စာလိပ်တစ်လိပ်ကို ရုတ်တရက် တွေ့လိုက်ရသည်။

ဤစာလိပ်က ထုထည်သည် ရွှေသားဖြင့် ပြုလုပ်ထားခဲ့ပုံရပြီး အနီးနားရှိ လေဟာပြင်ကို တုန်ခါသွားစေနိုင်သော အထူးအရှိန်အဝါတစ်မျိုး ရှိသည်။

"ဒါက......"

လုံအိုထျန်းလည်း အံ့အားသင့်သော မျက်လုံးများဖြင့် စာလိပ်ကို ယူဖြည်ကာ ကြည့်လိုက်၏။

တခဏအတွင်းမှာပင် မရေမတွက်နိုင်သော

ရှေးစာလုံးများ ထွက်ပေါ်လာတော့သည်။

ရှေးစာလုံးတိုင်းက အဆုံးမဲ့တောက်ပမှုကို ထုတ်လွှတ်နေပြီး ဟင်းလင်းပြင်ကိုပင် တွန့်လိပ်သွားစေခဲ့သည်။

ဤအခိုက်တွင် လုံအိုထျန်း၏တစ်ကိုယ်လုံး အေးခဲသွားပြီး အသက်ရှူရပ်သွားပုံရသည်။

"ဘုရား ဘုရား... ဘယ်လိုရတနာမျိုးကို ငါ ရှာတွေ့ခဲ့ရတာပါလိမ့်"

လုံအိုထျန်း၏ မျက်လုံးများက ပြူးကျယ်လာပြီး အသက်ရှူရခက်လာသည်။ သူ့လက်များကလည်း စိတ်လှုပ်ရှားမှုကြောင့် အနည်းငယ်တုန်ရင်လာလေသည်။

ဘိုးဘွားနဂါးသိုက်၏ ပထမမျိုးဆက်အနေဖြင့် ရတနာမျိုးစုံကို သူမြင်တွေ့ဘူးသည်။

သူ့ကိုပင် ဣန္ဒြေပျောက်စေနိုင်ခြင်းကို ကြည့်ခြင်းအားဖြင့် ဤကျမ်းစာအုပ်၏ အဖိုးတန်မှုကို သိမြင်နိုင်ခဲ့ပြီ။

အကြောင်းမူ ဤရွှေရောင်စာလိပ်က ဒဏ္ဍာရီလာ ကောင်းကင်ကျမ်းကိုးအုပ်အနက် ကျမ်းတစ်အုပ် ဖြစ်နေသောကြောင့်ပင်တည်း။

"တကယ်ပဲ ဒါက ကောင်းကင်ကျမ်းကိုးအုပ်ထဲက ဟင်းလင်းပြင်ကျမ်းပဲ။ သူ့မှာ အဆုံးစွန်သော ဟင်းလင်းပြင်တာအိုတွေ ပါဝင်တယ်"

လုံအိုထျန်းလည်း စိတ်လှုပ်ရှားလွန်း၍ တကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်သွားခဲ့လေသည်။

ကောင်းကင်ကျမ်းကိုးအုပ်က ဒဏ္ဍာရီတစ်ခုဟု ဆိုနိုင်သည်။

ရှေးခေတ်ကတည်းက မရေမတွက်နိုင်သောလူများဟာ ကောင်းကင်ကျမ်းကိုးအုပ်ကို ရယူလိုခဲ့ကြသည်။

သို့သော်လည်း ကောင်းကင်ဘုံကိုးအုပ်လုံးကို စုဆောင်းရန်မှာ လွန်စွာ ခက်ခဲ၏။ ကောင်းကင်ကျမ်းများထဲမှ တစ်အုပ်ကိုရရှိရန်ပင် ခက်ခဲလှပေသည်။

တစ်စုံတစ်ယောက်က ကြီးမားသော ကံကောင်းခြင်းများ မရှိခဲ့လျှင် ကောင်းကင်ကျမ်းများကို ရရှိရန် မဖြစ်နိုင်ပေ။

လုံအိုထျန်းလည်း ထိုအကြောင်းကို တွေးနေမိသည်။ ထိုက်ရှီရှေးနဂါးမျိုးနွယ်က ဟင်းလင်းပြင်တာအိုတွင် ကျွမ်းကျင်ခဲ့၏။ ၎င်းတို့က ဟင်းလင်းပြင်စွမ်းအားကို ထိန်းချုပ်နိုင်ကာ ၎င်းတို့၏ ကမ္ဘာများကို ချဲ့ထွင်ရန်အတွက် ဟင်းလင်းပြင်ကို ဖြတ်သန်းနိုင်ကြသည်။

"ဟားဟားဟား၊ ဒါက ဘာကိုဆိုလိုတာလဲ၊ ဘာကို ဆိုလိုတာလဲကွ။ ငါ လုံအိုထျန်းက သေချာပေါက် ရွေးချယ်ခံတစ်ယောက်ပဲ"

လုံအိုထျန်းလည်း ကျေနပ်အားရစွာဖြင့် ရယ်မောလိုက်သည်။

လုံအိုထျန်းဟာ အကြာကြီး ဖိနှိပ်ခံခဲ့ရပေသည်။

မင်းသမီးလုံကျိုကို လုယက်ခံရသည်။

ကျွင်းရှောင်ယောက်က သူ့ကို အနိုင်ယူခဲ့၏။

ထို့ပြင် နဂါးအနှစ်သာရ ခုနစ်ခုကိုပင်
လုယူသွားခဲ့သည်။

လုံအိုထျန်းကဲ့သို့ မာနကြီးသူတစ်ယောက်အတွက်၊
၎င်းမှာ သည်းမခံနိုင်စရာ ဖြစ်သည်။

ယခုမူ လုံအိုထျန်းအဖို့ နောက်ဆုံးမှာတော့
ခေါင်းပြန်မော့နိုင်ပြီ ဖြစ်သည်။

သူက ကံကြမ္မာ၏ အဓိက ဇာတ်ကောင် ဖြစ်နေဆဲပင်။

သို့ရာတွင် ဟင်းလင်းပြင်ကျမ်းစာလိပ်ကို ဂရုတစိုက်

စစ်ဆေးပြီးနောက် လုံအိုထျန်းလည်း အနည်းငယ် မျက်မှောင်ကြုတ်လိုက်မိသည်။

"ဒါပေမဲ့ ဘာဖြစ်လို့ တစ်ဝက်ပဲရှိရတာလဲ"

လုံအိုထျန်း ရေရွတ်လိုက်၏။

ဤစာလိပ်က မပြည့်စုံဘဲ တစ်ဝက်သာရှိကြောင်း သူ မြင်နိုင်သည်။

"မေ့လိုက်ပါ၊ ငါ့ရဲ့ ကံကောင်းမှုအရ အနာဂတ်မှာ နောက်ထပ် ကျမ်းတစ်အုပ် ထပ်မရနိုင်တော့မှာကို ကြောက်နေရမှာလား"

လုံအိုထျန်းလည်း ဂရုမစိုက်တော့ပေ။

ကျမ်းစာအုပ်က တစ်ဝက်သာရှိသော်လည်း

အနာဂတ်တွင် အားလုံးကို စုဆောင်းနိုင်မည်ဟု သူ ယုံကြည်သည်။

ယခု ဟင်းလင်းပြင်ကျမ်းတစ်ဝက်နှင့် ထိုက်ရှီရှေးနဂါးအကြွင်းအကျန်ကို ရရှိခဲ့ခြင်းကပင် အခွင့်အရေးကြီးတစ်ခု ဖြစ်နေပြီ။

'ထိုက်ရှီရှေးဟောင်းနဂါး အကြွင်းအကျန်တွေကို သန့်စင်လိုက်ပြီးရင် ကောင်းကင်နတ်ဘုရားနယ်ပယ်ကို တိုက်ရိုက်ဖြတ်ကျော်နိုင်တော့မှာ၊ ထိုက်ရှီရှေးနဂါးအကြွင်းအကျန်နဲ့ ဟင်းလင်းပြင်ကျမ်းတစ်ဝက်ကို ရယူနိုင်တဲ့ ငါလိုကောင်နဲ့ယှဉ်ရင် ကျွင်းရှောင်ယောက်က ဘာမို့လို့လဲ"

လုံအိုထျန်းက ဝံ့ကြွားစွာဖြင့် ပြုံးလိုက်သည်။

ကံကောင်းခြင်းများ ပြည့်နှက်နေသော သူ့ရှေ့တွင် ကျွင်းရှောင်ယောက်က ကံကောင်းရန် ကြိုးစားနေသည့် အမှိုက်တစ်စသာ ဖြစ်သည်။

ထို့နောက် လုံအိုထျန်းလည်း အခွင့်အလမ်းများကို သန့်စင်ရန်အတွက် ရှေးနဂါးဂူ၏ အနက်ရှိုင်းပိုင်းတွင် တိတ်တဆိတ် ဆက်နေလိုက်လေသည်။

.........

တစ်ချိန်တည်းမှာပင်၊ ရှန်းကုတာအိုရေကန်၏ တစ်ဖက်ခြမ်းတွင်...

ရှန်းကုတာအိုရေကန်၏ အနက်ရှိုင်းဆုံး အလယ်ဗဟိုမှ ကျွင်းရှောင်ယောက် တိတ်တဆိတ် လေ့ကျင့်နေသောနေရာတွင်...

ကျွင်းရှောင်ယောက်ကို ရွှေရောင်ပိုးအိမ်ကြီးဖြင့် ဝန်းရံထားသည်။

အဆိုပါ ရွှေပိုးအိမ်၏ အပြင်ဘက်မှာတော့ နတ်အလင်းများ ပြည့်နှက်နေသည့် အင်မော်တယ် အရှိန်အဝါများ ရှိပေသည်။

ကျွင်းရှောင်ယောက်၏ ထာဝရအင်မော်တယ်အရိုးများ အသွင်ကူးပြောင်းမှုက နောက်ဆုံးလမ်းဆုံသို့ ရောက်ရှိသွားကြောင်း ထင်ရှားသည်။

ဤကာလအတွင်း၌ သူဟာ ရှန်းကုတာအိုရေကန်မှ ရရှိသော တာအိုအရင်းမြစ်များနှင့် တာအိုအရင်းမြစ် ရှေးဟောင်းသစ်ပင်ပေါ်တွင် သီးနေကြသော တာအိုအရင်းအမြစ် ရာဂဏန်းကို တစ်ခါတည်း

သန့်စင်ပစ်ခဲ့သည်။

တာအိုအရင်းအမြစ်တစ်ခုစီက ထိပ်တန်း
အင်မော်တယ်ရင်းမြစ်တစ်ခုနှင့် နှိုင်းယှဉ်နိုင်ပြီး
စွမ်းအင်ကလည်း အလွန်ကြီးမားသည်။

ထာဝရအင်မော်တယ်အရိုးများကို
ကျေနပ်စေရန်အတွက် ထောင်ချီသော
တာအိုအရင်းအမြစ်အားလုံးကို သူ အသုံးပြုခဲ့၏။

ထာဝရအင်မော်တယ်အရိုးများက အနာဂတ်တွင်
အရင်းအမြစ်များ မည်မျှပင် သုံးစွဲနေစေကာမူ
လုံလောက်မည် ဖြစ်သည်။

နောက်ဆုံးတော့ ရွှေပိုးအိမ်က တဖျစ်ဖျစ်မြည်ကာ
အက်ကြောင်းများနှင့် ဖုံးလွှမ်းသွားခဲ့သည်။

ရွှေရောင်အလင်းများ တောက်ပလာကာ
အင်မော်တယ်အရှိန်အဝါများလည်း
ထွက်ပေါ်လာခဲ့၏။

အဆက်မပြတ် ကွဲအက်နေသည့် အသံများနှင့်အတူ
ရွှေပိုးအိမ်တစ်ခုလုံး ရုတ်တရက်
ကွဲအက်လာတော့သည်။

ပိုးအိမ်ကို ဖောက်ထွက်၍ လိပ်ပြာ ဖြစ်လာသကဲ့သို့…

အရပ်မြင့်မြင့်နှင့် ပြီးပြည့်စုံသော ပုံရိပ်တစ်ခုကို
ထွက်ပေါ်လာခဲ့သည်။

ကျွင်းရှောင်ယောက်၏ပုံရိပ်က အဆုံးမရှိ
တောက်ပနေသော အင်မော်တယ်အလင်းရောင်ထဲတွင်

နစ်မြုပ်သွားခဲ့သည်။ သူ့ထံမှ
ကြောက်စရာကောင်းသော အရှိန်အဝါများလည်း
ထွက်ပေါ်လာလေသည်။

သူ့ခန္ဓာကိုယ်တွင် ထာဝရအင်မော်တယ်အရိုး
နှစ်ရာခြောက်ခုကို လုံး၀ သန့်စင်ထားခဲ့သည်။
၎င်းတို့က တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထားကာ
ပြီးပြည့်စုံသော သံသရာစက်ဝန်းတစ်ခု
ဖြစ်ပေါ်စေခဲ့၏။

ထာဝရအင်မော်တယ်အရိုးတစ်ခုစီက
ကျွင်းရှောင်ယောက်ကို အလွန်
အားကောင်းလာစေသည်။ ယခုအချိန်တွင်
ထာဝရအင်မော်တယ်အရိုး နှစ်ရာခြောက်ခုက
အစစ်အမှန် ထာဝရအင်မော်တယ်ခန္ဓာအဖြစ်
ချိတ်ဆက်သွား၍ လှိုင်းလုံးများမှာ ဖော်ပြ၍ပင်
မရနိုင်တော့ပေ။

ကျွင်းရှောင်ယောက်၏ ရုပ်သွင်က
အပြစ်အနာအဆာကင်းလုနီးပါးဖြစ်ပြီး အရေပြား၏
တစ်လက်မတိုင်းတွင်လည်း နတ်အလင်းရောင်များဖြင့်
ပြည့်နေသည်။

သူက အနည်းငယ် လှုပ်ရှားလိုက်သည်နှင့်
ဟင်းလင်းပြင်က ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်
ကြံ့ခိုင်မှုကို မခံနိုင်သကဲ့သို့ တုန်ခါသွားရသည်။

ကျွင်းရှောင်ယောက်က သူ့လက်ကိုမြှောက်ပြီး
လေထဲကို ဖမ်းဆုပ်လိုက်သည်။ ထိုအခါ
ဟင်းလင်းပြင်က ပေါက်ကွဲသွားပုံရပြီး
ရွှေရောင်အလင်းများလည်း ထွက်ပေါ်လာလေသည်။

"ကမ္ဘာကြီး ပျက်သွားပေမယ့် ငါ မသေနိုင်ဘူး၊

အရာခပ်သိမ်း ပျက်သုဉ်းသွားပေမယ့် ငါ မပျက်စီးနိုင်ဘူး"

ကျွင်းရှောင်ယောက်က တစ်ယောက်တည်း ရေရွတ်လိုက်သည်။

သူ၏ခန္ဓာက အင်မော်တယ်တာအို၏ မြင့်မြတ်သောဝိညာဉ်ကဲ့သို့ အင်မော်တယ်အလင်းများ စီးဆင်းနေပေသည်။

ယခုဆိုလျှင် ရှေးသူတော်စင် လက်နက်များပင် ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်ပေါ်၌ ခြစ်ရာ အနည်းငယ်မျှ ချန်ထားနိုင်ရန် ခက်နေပြီ ဖြစ်သည်။

ထာဝရအင်မော်တယ်ခန္ဓာဖြင့် ကျွင်းရှောင်ယောက်က ရုပ်ခန္ဓာ၏ အကန့်အသတ်ကို ချိုးဖျက်ခဲ့ချေပြီ။

ယခုအခါ ကျွင်းရှောင်ယောက်က
မည်သည့်လှုပ်ရှားမှုမှ မလိုအပ်တော့ဘဲ လက်သီးနှင့်
ထိုးလိုက်ရုံသာ ဖြစ်သည်။

အစစ်အမှန်နတ်ဘုရားနယ်ပယ်တွင် သူ၏
လက်သီးတစ်ချက်ကို ခံနိုင်သူက အလွန်ရှားသွားပြီဟု
ဆိုလျှင်လည်း မှားမည်မဟုတ်ပေ။

ထိုအချိန်တွင် ကျွင်းရှောင်ယောက်၏ ခန္ဓာကိုယ်က
တုန်ခါသွားပြီး သူ့ခန္ဓာကိုယ်ရှိ
ထာဝရအင်မော်တယ်အရိုး နှစ်ရာခြောက်ခုက
အချင်းချင်း ဆက်သွယ်ပြောဆိုလာကြပုံရသည်။

တခဏချင်းမှာပဲ၊ သွေးစွမ်းအင်များနှင့်
ရောနှောနေသည့် ရွှေရောင်စွမ်းအင်များမှ
အင်မော်တယ် စွမ်းအင်များ ထွက်ပေါ်လာကာ

သူ့ခန္ဓာကိုယ်ကို လွှမ်းခြုံသွား၏။

"ဒါက..."

ကျွင်းရှောင်ယောက်၏ မျက်လုံးများလည်း တောက်ပလာတော့သည်။

--------

အခန်း ( ၄၃၉ ) အင်မော်တယ်ချီကြိုးမျှင်တစ်ခု၊ နတ်ဆိုးနတ်ဘုရားနန်းတော်၏ ရှေးဟောင်းလူထူးဆန်း၊ ကပ်ဘေးနတ်ဆိုးပူရှော။

ဤရွှေရောင်အလင်းနှင့် သွေးစွမ်းအင်မှ ထွက်ပေါ်လာသော အင်မော်တယ်ချီမျှင်က ကျွင်းရှောင်ယောက်ကို နဂါးတစ်ကောင်ကဲ့သို့

ရစ်ပတ်ထားထားခဲ့သည်။

၎င်းက အင်မော်တယ်ချီ ကြိုးတစ်ချောင်းပင်
ဖြစ်ချေသည်။

၎င်းက နာမဝိသေသနမဟုတ်ဘဲ စစ်မှန်သော
အင်မော်တယ်ချီကြိုးမျှင် ဖြစ်သည်။

"ကောင်းကင်ကျမ်းကိုးအုပ်စလုံးက
အကြွင်းမဲ့လမ်းကြောင်းတစ်ခုကို ကိုယ်စားပြုတယ်။
ထာဝရအင်မော်တယ်ခန္ဓာကတော့
အကြွင်းမဲ့ခန္ဓာတစ်ခုစီကို ရောက်စေခဲ့တာပဲ။
ဒါကြောင့်ပဲ အင်မော်တယ်ချီကြိုးမျှင်အဖြစ်
ပြောင်းလဲသွားရတယ်"

ကျွင်းရှောင်ယောက်က ရေရွတ်လိုက်သည်။

အစစ်အမှန်နတ်ဘုရား၊ ကောင်းကင်နတ်ဘုရား၊
တာအိုနတ်ဘုရား၊ သူတော်စင်တစ်ပိုင်း၊
သူတော်စင်နယ်ပယ်အထိ တာအိုများကို
နားလည်ဆင်ခြင်ရန် လိုသည်။

သို့ရာတွင် ဤအင်မော်တယ်ချီကြိုးမျှင်ကတော့
တာအိုဥပဒေသများထက် ပို၍ပင် အားကောင်း၏။

ရှေးကတည်းက မရေမတွက်နိုင်သော
ခေတ်များတစ်လျှောက်တွင် ကျွင်းရှောင်ယောက်ကဲ့သို့
အစစ်အမှန် နတ်ဘုရားနယ်ပယ်တွင်
အင်မော်တယ်ချီကြိုးမျှင်ကို မည်သူမျှ
မထုတ်နိုင်ခဲ့ပေ။

ယင်းက မဖြစ်နိုင်သည့် အံ့ဖွယ်တစ်ခုပင် ဖြစ်သည်။

"ဒီအင်မော်တယ်ချီကြိုးမျှင်က တကယ်ကောင်းလွန်းတယ်"

ကျွင်းရှောင်ယောက်လည်း မနေနိုင်ဘဲ သက်ပြင်းချလိုက်မိသည်။

ပြီးပြည့်စုံသော ထာဝရအင်မော်တယ်ခန္ဓာ တစ်ခုတည်းကပင် သူတော်စင်လက်နက်များက မထိခိုက်စေနိုင်လောက်အောင် အစွမ်းထက်နေပြီ။

ဤရုပ်ခန္ဓာ အင်မော်တယ်ချီဖြင့်ဆိုလျှင် ကျွင်းရှောင်ယောက်၏ ခန္ဓာကို ဖျက်ဆီးရန်က သူတော်စင်တစ်ဦးအတွက်ပင် မလွယ်ကူဟု ခံစားခဲ့ရသည်။

ပို၍ ကြောက်စရာကောင်းသည်မှာ ကျွင်းရှောင်ယောက်၏နယ်ပယ် တိုးတက်လာသည်နှင့်

အမျှ ထာဝရအင်မော်တယ်ခန္ဓာနှင့်
အင်မော်တယ်ချီကြိုးမျှကိုပါ မြှင့်တင်ပေးနိုင်ခြင်း
ဖြစ်သည်။

"ဒါက တကယ်ကို ကောင်းကင်ကျမ်းကိုးကျမ်းထဲက
တစ်အုပ် ဖြစ်ထိုက်ပါပေတယ်။ ပထမတွဲ
တစ်ခုတည်းကတင် ငါ့ကို
အင်မော်တယ်ချီကြိုးမျှင်ရအောင်
လေ့ကျင့်ပေးနိုင်စေခဲ့တယ်။ တကယ်လို့ တခြား
ကောင်းကင်ကျမ်းတွေကိုသာ ရလာခဲ့ရင်
အင်မော်တယ်ချီကိုးခုကို လေ့ကျင့်ဖို့
ဖြစ်နိုင်လောက်တယ် မဟုတ်လား"

ကျွင်းရှောင်ယောက်က တစ်ယောက်တည်း
ပြောလိုက်သည်။

ခေတ်အဆက်ဆက်မှ မရေမတွက်နိုင်သော
ခေတ်များတွင်၊ ငယ်ရွယ်စဉ်ကတည်းက

အင်မော်တယ်ချီကိုးခုကို လေ့ကျင့်နိုင်သော
ပါရမီရှင်ဟူ၍ မရှိသလောက်ပင် ဖြစ်သည်။

ချီကိုးခုကို မဆိုထားနှင့်၊
အင်မော်တယ်ချီကြိုးမျှင်တစ်ခု သို့မဟုတ် နှစ်ခုကို
လေ့ကျင့်နိုင်လျှင်ပင် အားလုံးကို ဖိနှိပ်ထားရန်
လုံလောက်မည် ဖြစ်သည်။

ကျွင်းရှောင်ယောက်ကတော့ ကေရာဇ်လမ်းစဉ်ကိုပင်
မစတင်ရသေးဘဲ အင်မော်တယ်ချီကို
လေ့ကျင့်ထားနိုင်ပြီ ဖြစ်သည်။

ဤရှုထောင့် တစ်ခုတည်းမှာပင်
ကျွင်းရှောင်ယောက်က သူ၏တစ်ခေတ်လုံးကို
ကျော်လွန်သွားခဲ့ပြီ။

"အင်မော်တယ်ချီကို အသုံးမပြုဘဲ
ထာဝရအင်မော်တယ်ခန္ဓာကို အသုံးပြုနေရင်တောင်
ကောင်းကင်နတ်ဘုရားလောက်က ငါ့အတွက်
ခြိမ်းခြောက်မှုတစ်ခု မဟုတ်တော့ဘူး"

"အင်မော်တယ်ချီကို ပေါင်းလိုက်မယ်ဆိုရင်
ကောင်းကင်နတ်ဘုရားကိုတောသ် သတ်နိုင်လိမ့်မယ်"

ကျွင်းရှောင်ယောက်က မျက်လုံးများကို အနည်းငယ်
မှိတ်လိုက်သည်။

အစစ်အမှန် နတ်ဘုရားနယ်ပယ်နှင့်
ကောင်းကင်နတ်ဘုရားနယ်ပယ်ကြားမှ ကွာဟချက်က
ရွှံ့နှင့်ရွှေကဲ့သို့ ကွာခြားလွန်းလှသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်ကတော့
ဤကွာဟချက်ကို ဖြည့်ဆည်းနိုင်ကာ

တန်ပြန်သတ်နိုင်စွမ်းပင် ရှိခဲ့သည်။

ထို့ကြ် အရေးကြီးဆုံးက ကျွင်းရှောင်ယောက်၏
အသွင်ကူးပြောင်းမှုဟာ မပြီးပြတ်သေးပေ။

"နောက်တစ်ခုက အကြွင်းအကျန် အင်မော်တယ်
သွေးတစ်စက်ပဲ"

ကျွင်းရှောင်ယောက်က သူ့လက်ကို
မြှောက်လိုက်သည်။

ထိုအခါ သန်မာသော စွမ်းအင် အတက်အကျများနှင့်
အကြွင်းအကျန် အင်မော်တယ် သွေးတစ်စက်
ထွက်ပေါ်လာလေသည်။

ဤသွေးတစ်စက်က ကမ္ဘာကြီးကို ရောင်ပြန်ဟပ်နေပုံ

ရသည်။

ဤအင်မော်တယ်သွေးတစ်စက်က ကျွင်းရှောင်ယောက်၏ အင်မော်တယ်စွမ်းအင်ကို အားကောင်းစေရုံသာမကဘဲ သူ့အတွက် အတိုင်းအဆမရှိ တန်ဖိုးရှိသည်။

"နတ်ဘုရားရဲ့မူလအစ၊ ငါ့ကိုယ်ပိုင်လမ်းဟာ ဘယ်တုန်းကမှ အောင်မြင်မှုကြီးကြီးမားမား မရရှိသေးဘူး၊ ဒီတစ်ကြိမ်တော့ အခွင့်အရေးတစ်ခု ဖြစ်နိုင်တယ်"

ကျွင်းရှောင်ယောက်၏ မျက်လုံးများက လေးနက်သွားခဲ့သည်။

"ငါသာ ထာဝရအင်မော်တယ်ခန္ဓာကို မလေ့ကျင့်ခဲ့ဘူးဆိုရင် ဒီသွေးတစ်စက်ကို သန့်စင်ဝံ့မှာ

မဟုတ်ပေမဲ့ အခုတော့ ဘာမှ စိတ်ပူနေစရာ
မလိုတော့ဘူး"
ကျွင်းရှောင်ယောက်က သူ့ကိုယ်သူ ပြောလိုက်သည်။

အကြွင်းအကျန် အင်မော်တယ်သွေး၏
သွေးစွမ်းအင်က ပြင်းထန်လွန်းလှသည်။
ကျွင်းရှောင်ယောက်၏
ရှေးဟောင်းမြင့်မြတ်ခန္ဓာပင်လျှင် ၎င်းကို
ခံနိုင်ရည်ရှိမည် မဟုတ်ပေ။

သို့ရာတွင် ထာဝရအင်မော်တယ်ခန္ဓာကို
လေ့ကျင့်ပြီးနောက် ကျွင်းရှောင်ယောက်၏ခန္ဓာက
အလွန် ထူးကဲလာခဲ့သည်။ သူ၏
ထာဝရအင်မော်တယ်ခန္ဓာနှင့် အင်မော်တယ်ချီကို
ပေါင်းလိုက်မည်ဆိုလျှင် ဤသွေးတစ်စက်ကြောင့်
သူ့ခန္ဓာကိုယ် ပေါက်ကွဲသွားမည်အား စိုးရိမ်နေရန်

မလိုတော့ပါ။

ကျွင်းရှောင်ယောက်လည်း ဤအကြွင်းအကျန်
အင်မော်တယ် သွေးတစ်စက်ကို သန့်စင်နိုင်ရန်
အာရုံစိုက်ကာ တစ်ဖန် တိတ်တဆိတ်
လေ့ကျင့်လိုက်သည်။

ဤတစ်ခါ တိတ်တဆိတ်ကျင့်ကြံခြင်းက
နဂါးအနှစ်သာရခုနစ်ခုနှင့်
ထာဝရအင်မော်တယ်ခန္ဓာကို လေ့ကျင့်ခြင်းထက် ပို၍
ကြာလိမ့်မည်။

အကြွင်းအကျန် အင်မော်တယ်သွေးက သန့်စင်ရန်
မလွယ်ကူပါ။ ကျွင်းရှောင်ယောက်ပင်လျှင်
အချိန်အတိုင်းအတာတစ်ခု ယူရပေလိမ့်မည်။

အချိန်ကြာလာသည်နှင့်အမျှ၊ ရှန်းကုကမ္ဘာထဲသို့
ဝင်ရောက်လာသော ပါရမီရှင်များသည်လည်း
တဖြည်းဖြည်းနှင့် ပြောင်းလဲလာကြသည်။

ထိုအထဲတွင် ပါရမီရှင် အများစုက ကျဆုံးသွားရ၏။

သို့ရာတွင် ခြွင်းချက်မရှိဘဲ
အသက်ရှင်ကျန်ရစ်သူများအားလုံးက
ကြီးစွာသောတိုးတက်မှုကို ရရှိခဲ့ကြသည်။

ဤပါရမီရှင်များက အနာဂတ်တွင် ၎င်းတို့၏
ကောရာဇ်လမ်းစဉ်၌ တောက်ပလာရန် အလားအလာ
ရှိသည်။

ရှန်းကုကမ္ဘာရှိ အခွင့်အလမ်းများကို
တစ်ယောက်ပြီးတစ်ယောက်

ရှာဖွေတွေ့ရှိခဲ့ကြပေသည်။

လက်ကျန် အခွင့်အလမ်းများမှာလည်း ပို၍
နည်းပါးလာခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း ပါရမီရှင်များအားလုံး
အာရုံစိုက်ခဲ့သော နေရာတစ်ခု ရှိသည်။

ယင်းက ရှေးဝိညာဉ်ပြည် ဖြစ်ချေသည်။

အကယ်၍ ရှန်းကုကမ္ဘာရှိ
ဝိညာဉ်စွမ်းအင်သိပ်သည်းမှုက အပြင်ဘက်တွင်ထက်
အဆတစ်ရာ ပိုကြွယ်ဝသည်ဟု ဆိုလျှင်...

ရှေးဝိညာဉ်ပြည်၌ စွမ်းအင်ကြွယ်ဝမှုက

ရှန်းကုကမ္ဘာထက် အဆတစ်ရာ ပို၍ကြွယ်ဝသည်။

ရှေးဝိညာဉ်ပြည်က ရှန်းကုကမ္ဘာ၏
နက်ရှိုင်းသောနေရာတွင်တည်ရှိသည်။ ၎င်းက
အမှန်ပင် နေရာကောင်းတစ်ခု ဖြစ်ပေသည်။

ထိုနေရာတွင် ဝိညာဉ်စွမ်းအင်များက
မယုံနိုင်လောက်အောင် ကြွယ်ဝသည်။

အမျိုးမျိုးသော အခွင့်အလမ်းများကလည်း
ကြွယ်ဝလွန်းပေသည်။

၎င်းမှာ ရှေးဝိညာဉ်ရေးပြည်ဟူသော
၎င်း၏ဘွဲ့အမည်နှင့် ထိုက်တန်သည်။

ထိုသို့ သာယာသော ပတ်ဝန်းကျင်ကြောင့်လည်း ရှေးဟောင်းလူထူးဆန်းများစွာက ရှေးဝိညာဉ်ပြည်တွင် အိပ်စက်နေရန် ရွေးချယ်ခဲ့ကြသည်။

ရှေးဝိညာဉ်ပြည်၏ ဧရိယာတစ်ခုလုံးကလည်း အလွန်ကျယ်ဝန်းကာ ရှန်းကုကမ္ဘာနှင့်ပင် ယှဉ်လုနီးပါး ဖြစ်ခဲ့သည်။

ထို့ကြောင့် ရှေးဟောင်းလူထူးဆန်းများဟာ အိပ်စက်နေစဉ်  အန္တရာယ်အယှက်ဖြစ်မှာကို မစိုးရိမ်ခဲ့ပေ။

ရှေးဝိညာဉ်ပြည်၏ နေရာတစ်ခုတွင်…

ပြီးပြည့်စုံသော မျက်နှာနှင့် ချောမောလှပသော ရန်ယုမန်၏ပုံရိပ် ထွက်ပေါ်လာသည်။

"အဲဒါက ဒီရေဲယာမှာရှိသင့်တယ်"

ရန်ယုမန်က ခပ်တိုးတိုး ရေရွတ်လိုက်လေသည်။

နတ်ဆိုးကောရာဇ်ခန္ဓာဖြင့် သူမဟာ
နတ်ဆိုးချီအမျိုးမျိုးတို့ကို အလွန်အမင်း
ခံစားလွယ်ခဲ့သည်။

ဤတစ်ကြိမ်တွင် သူမက နတ်ဆိုးတာအို၏
မျိုးဆက်များကို နိုးကြားစေရန် ရောက်ရှိလာခဲ့ခြင်း
ဖြစ်သည်။

နတ်ဆိုးတာအိုအဓိပဓိသည် တစ်ချိန်က
နတ်ဆိုးနတ်ဘုရားနန်းတော်၏ ထိပ်တန်း
ကျွမ်းကျင်သူတစ်ဦး ဖြစ်ခဲ့သည်။

ထို့ကြောင့် သူ့မျိုးဆက်၏ ခွန်အားကလည်း
ထူးကဲခဲ့ပေသည်။

ဧရိယာကိုရှာလုနီးပါးဖြစ်ပြီးနောက် ရန်ယုမန်က
နတ်ဆိုးအဆောင်ကို ထုတ်ယူလိုက်သည်။

နတ်ဆိုးတာအို ကမ္ဘည်းများစွာလည်း
နတ်ဆိုးအဆောင်မှ ထွက်ပေါ်လာခဲ့၏။

တခဏချင်းမှာပဲ၊ မြေပြင်က အက်ကွဲသွားကာ
ကြောက်စရာကောင်းသည့်
နတ်ဆိုးစွမ်းအင်လှိုင်းလုံးကြီး
ထွက်ပေါ်လာတော့သည်။

ထိုအရှိန်အဝါက ရန်ယုမန်ကိုပင် အံ့သြသွားစေသည်။

"ကောင်းကင်နတ်ဘုရား အရှိန်အအဝါ..."

ရန်ယုမန် အံ့သြသွားခဲ့သော်လည်း များစွာ
မအံ့သြတော့ပေ။

ရှေးဝိညာဉ်ပြည်၏ ပတ်ဝန်းကျင်က အလွန်ကောင်း၍
ဤနေရာတွင် အိပ်စက်နေသော
ရှေးဟောင်းလူထူးဆန်းများ၏ခွန်အားမှာ လက်ရှိ
မျိုးဆက်သစ်များနှင့် တူညီကြရန် မဖြစ်နိုင်ပေ။

အဆိုပါ အနက်ရောင် နတ်ဆိုးအရှိန်အဝါက
မြင့်တက်လာပြီးနောက် အနက်ရောင် ကျီးကန်းအဖြစ်
ပေါင်းစပ်သွားခဲ့သည်။

ထို့နောက်တွင်၊ ကျီးကန်းများစွာက ဝေဟင်ပြင်ထဲတွင်

စုဝေးလာပြီး အနက်ရောင်ဝတ်စုံကို
ဝတ်ဆင်ထားသည့် နတ်ဆိုးအဖြစ်သို့
ပြောင်းလဲသွားခဲ့သည်။

သူပေါ်လာသည်နှင့် ပတ်ဝန်းကျင်တွင် ဆိုးရွားပြီး
မည်းမှောင်နေသော တိမ်တိုက်များဖြင့်
ဖုံးလွှမ်းသွားရသည်။

ကျီးကန်းပုံရိပ်များက ကောင်းကင်တွင်
ထွက်ပေါ်လာပြီးနောက် စိတ်ဝိညာဉ်ကို
တုန်လှုပ်စေမည့် ကျီးအာသံများလည်း အဆက်မပြတ်
ထွက်ပေါ်လာခဲ့သည်။

"သူနိုးလာခဲ့ပြီ၊ ကပ်ဘေးနတ်ဆိုးကျီးကန်း၊ ဝူရှော"
ရန်ယုမန်လည်း ကြောင်တက်တက်နှင့်
ပြောလိုက်သည်။

နတ်ဆိုးတာအိုအစိပစိ၏ ခန္ဓာကိုယ်က အဆုံးမဲ့
ကပ်ဘေးဥပဒ်များကို သယ်ဆောင်လာပေးသည့်
ကပ်ဘေးနတ်ဆိုးကျီးကန်းပင် ဖြစ်သည်။

သူ၏ သားမြေး ဂူရှောကတော့ ဆိုးယုတ်မှုနှင့်
ကျိန်စာများကို ထိန်းချုပ်သည့်
ရှေးဟောင်းလူထူးဆန်းတစ်ဦး ဖြစ်ပေသည်။

"နောက်ဆုံးတော့ ငါ နိုးထလာခဲ့ပြီ၊ ဒီခေတ်မှာတော့
ညဏ်အလင်းပွင့်နိုင်တယ်"
ဂူရှောက သူ့ဘာသာသူ ပြောလိုက်သည်။

ရှေးဟောင်းလူထူးဆန်းများ အိပ်စက်ရခြင်းမှာ
သူတို့ခေတ်တွင် မျှော်လင့်ချက်မရှိ၍ပင်
ညဏ်အလင်းရရှိရန် ခက်ခဲသောကြောင့်ပင် ဖြစ်သည်။

သို့ရာတွင် ပြိုင်ဆိုင်မှုကြီးသည့် ဤခေတ်မှာတော့ ပါရမီရှင်များစွာ တိုးတက်လာကြပြီ။

ရှေးဟောင်းလူထူးဆန်းများပင်လျှင် ညဏ်အလင်းရရှိရန် မျှော်လင့်ချက်ရှိသည်ဟု ခံစားခဲ့ရသည်။

"မင်းက……"

ထိုစဉ် ရန်ယုမန်ကို သတိပြုမိသွားသော ဂူရှော၏ အနီရောင်မျက်လုံးများ၌ အံ့အားသင့်မှု အရိပ်အမြွက်တို့ ထွက်ပေါ်လာခဲ့သည်။

ရန်ယုမန်က တကယ်ကို ရှားပါးအလှလေးတစ်ဦးဖြစ်ကာ စွဲမက်ဖွယ်လည်း ကောင်းလွန်းလှပေသည်။

"ငါက ခေတ်ပြိုင်နတ်ဆိုးဘုရားနန်းတော်ရဲ့
နတ်ဘုရားမပဲ"

ဝူရှောင်း၏ အကြည့်ကို ခံစားမိသောအခါ ရန်ယုမန်
အနည်းငယ် မျက်မှောင်ကြုတ်လိုက်သည်။

ဤမျက်လုံးမျိုးနှင့် ကြည့်ခြင်းမျိုးကို သူမ
မကြိုက်ပေ။

သို့သော်လည်း သူမ မကြိုက်လျှင်ပင်
ကပ်ဘေးနတ်ဆိုးကျီးကန်း ဝူရှောင်းက
နတ်ဆိုးဘုရားနန်းတော်၏
ရှေးဟောင်းလူထူးဆန်းတစ်ဦးအဖြစ် ရှိနေခဲ့ဆဲပင်
ဖြစ်သည်။

ထို့ကြောင့် ရန်ယုမန်ဟာ ရှန်းကုကမ္ဘာတွင်

ဖြစ်ပျက်ခဲ့သော အခြေအနေတချို့ကို ဝူရှောအား ပြောပြပေးခဲ့သည်။

"ဘာ၊ ကျွင်းမိသားစုရဲ့ ပါရမီရှင်ကြောင့် မင်း အရှက်ရခဲ့တာလား"

ထိုစကားကို ကြားရပြီးနောက်မှာတော့ ဝူရှော၏ မျက်လုံးများက အေးစက်မှုများကို လှစ်ဟလာတော့သည်။

--------

အခန်း ( ၄၄၀ ) ရှေးဟောင်းလူထူးဆန်းများ နိုးထလာခြင်း၊ ကြွေလွင့်နတ်ဘုရားနန်းတော်မှ ရှေးဟောင်းလူထူးဆန်း အမှောင်ကမ္ဘာ မင်းသား။

ရန်ယုမန်က ကျွင်းရှောင်ယောက်ကို

နမ်းခဲ့သည့်အကြောင်းကိုတော့ ပြောမပြခဲ့ပေ။

သို့တိုင် ဤအရာက ဝူရှော့ကို ဒေါသထွက်သွားစေခဲ့ဆဲ ဖြစ်သည်။

"ကျွင်းမိသားစုရဲ့ ပါရမီရှင်က တကယ်ကို သေချင်နေတာပဲ၊ သူက မင်းကို ဘယ်လိုတောင် အနိုင်ကျင့်ရဲတာလဲ"

ဝူရှော့က အေးစက်စက်ဖြင့် ပြောသည်။

"ဝူရှော့၊ ဒီကိစ္စကို ငါလက်လွှတ်လိုက်ပြီးပါပြီ။ ဒီကိစ္စမှာ ဝင်မပါဖို့ နင့်ကိုလည်း အကြံပေးချင်တယ်။ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော် ဘာလုပ်နိုင်မလဲဆိုတာ နင် နားမလည်နိုင်ဘူး"

ရန်ယုမန်က ပြောလိုက်သည်။

ဂူရှောက ကောင်းကင်နတ်ဘုရားနယ်ပယ်တွင် ရှိသည်။

သို့သော်လည်း ကျွင်းရှောင်ယောက်က ရန်ယုမန်ကို ပို၍ပင်  နားမလည်နိုင်သည့် ခံစားချက်မျိုး ပေးစွမ်းခဲ့ပေသည်။

ထို့အပြင်၊ သူက အကြွင်းအကျန် အင်မော်တယ်သွေးကိုလည်း ရရှိထားပြီးပြီဖြစ်၍ အနာဂတ်တွင် မည်မျှအားကောင်းမည်ကို ခန့်မှန်းကြည့်ရန်ပင် မလွယ်ပေ။

ထို့ကြောင့် နတ်ဆိုးဘုရားနန်းတော်အတွက် အကောင်းဆုံးရွေးချယ်မှုမှာ ထိုမကောင်းဆိုးရွားနှင့် ခပ်ဝေးဝေးတွင်နေရန်ပင် ဖြစ်သည်။

"မဖြစ်နိုင်ဘူး၊ ငါ ဝူရှော မွေးဖွားလာမှတော့ နတ်ဆိုးနတ်ဘုရားနန်းတော်ရဲ့ နာမည်ပျက်ကို ဘယ်လိုလုပ်ပြီး အပျက်ခံနိုင်ရမှာလဲ။ စိတ်မပူပါနဲ့၊ ငါအရှိန်အဝါကို အရင်ချိန်ညှိပြီး မျက်မှောက်ခေတ်နဲ့ လိုက်လျောညီထွေဖြစ်မှ ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ဆီကို သွားမှာ"

ဝူရှောက အေးစက်စက်ဖြင့် ပြောလိုက်သည်။

ရှေးဟောင်းလူထူးဆန်းများအတွက် ပြန်လည်ထွက်ပေါ်လာပြီးချိန်တွင် ၎င်းတို့၏ အခြေအနေကို အထွတ်အထိပ်သို့ ပြန်လည်ရောက်ရှိစေရန်အတွက် အရှိနိအဝါချိန်ညှိရန် အချိန်တစ်ခု လိုအပ်သည်။

"နင်...ဟင်း..."

ရန်ယုမတ်လည်း ဘာပြောရမည်မှန်း မသိတော့ပေ။

သို့သော်လည်း ရှေးဟောင်းလူထူးဆန်းများတွင်
ကိုယ်ပိုင် အစွမ်းအစများ ရှိသည်။

ကျင့်ကြံခြင်းနယ်ပယ် တစ်ခုတည်းကပင်
ခေတ်ပြိုင်ပါရမီရှင်များကို ဖိနှိပ်နိုင်ပေသည်။

ရန်ယုမန်၏ ခန့်မှန်းချက်အရ ကျွင်းရှောင်ယောက်က
မည်မျှပင် သန်မာသည်ဖြစ်စေ၊
ကောင်းကင်နတ်ဘုရားနယ်ပယ်သို့
ဖြတ်ကျော်သွားသည့်တိုင် ဝူရှောနှင့်
တန်းတူရည်တူသာ ဖြစ်သင့်သည်။

အနည်းဆုံးတော့ ဝူရှောဟာ အန္တရာယ်မရှိဘဲ
လွတ်လွတ်လပ်လပ် ဆုတ်ခွာနိုင်လိမ့်မည်။

သို့သော်လည်း အကြောင်းတစ်ခုခုကြောင့်

ရန်ယုမန်ဟာ ဝူရှောက ဒုတိယ
ကောင်းကင်နတ်ဆိုးမင်းသားဟု အမြဲခံစားခဲ့ရသည်။

အောက်ကမ္ဘာတွင် ကျဆုံးသွားသည့်
ကောင်းကင်နတ်ဆိုးမင်းသားလေးကတော့
သူ့အရိုးပြာမှာ ယခု ဘယ်ရောက်နေမှန်းပင်
မသိနိုင်တော့ပေ...

ရှေးဝိညာဉ်ပြည်၏ အခြားတစ်ဖက်တွင်...

အနက်ရောင်ဝတ် လူရိပ် အများအပြား ပေါ်လာသည်။
၎င်းတို့က ကြွေလွင့်နတ်ဘုရားနန်းတော်၏
ပါရမီရှင်များ ဖြစ်ချေသည်။

ယခုအခါ ကြွေလွင့်နတ်ဘုရားနန်းတော်က တကယ်ကို
သနားစရာကောင်းလှသည်။ ယခုခေတ်၏ ထိပ်တန်း

ပါရမီရှင် နှစ်ဦးစလုံးသည် ကျွင်းရှောင်ယောက်၏
လက်တွက် ကျဆုံးသွားခဲ့ရပေသည်။

ယခုအခါ အခြေအနေကို ပြောင်းပြန်လှန်ရန် သူတို့၏
တစ်ခုတည်းသောအခွင့်အရေးက ရှေးဝိညာဉ်ပြည်တွင်
အိပ်စက်နေသော ကြွေလွင့်နတ်ဘုရားနန်းတော်၏
ရှေးဟောင်းလူထူးဆန်းများသာ ဖြစ်သည်။

"အမှောင်ကမ္ဘာမင်းသား အိပ်စက်ရာနေရာက ဒီမှာပဲ
ရှိသင့်တယ်"

အနက်ရောင်တံဆိပ်ပြားတစ်ခုကို
ကိုင်ဆောင်ထားသည့် အနက်ရောင်ဝတ်
လူတစ်ယောက်က ပြောလိုက်သည်။

ကြွေလွင့်နတ်ဘုရားနန်းတော်၏
ရှေးဟောင်းလူထူးဆန်းကို အမှောင်ကမ္ဘာမင်းသားဟု

ခေါ်သည်။

ရှေးဟောင်း အမှောင်ဘုရင်သေွးများက သူ့ခန္ဓာကိုယ်ထဲတွင် စီးဆင်းနေကာ သူ့အတွက် တိုက်ပွဲဝင်ရန် အမှောင်ကမ္ဘာမှ နတ်ဆိုးများကို ဆင့်ခေါ်နိုင်ပြီး အမှောင်ကမ္ဘာ၏ အလွန်ကြောက်စရာကောင်းသော စွမ်းရည် အမျိုးမျိုးကိုလည်း ကျွမ်းကျင်ပိုင်ဆိုင်ထားသည်ဟု ကောလဟာလများပင် ထွက်ပေါ်ခဲ့ပေသည်။

အမှောင်ကမ္ဘာမင်းသားက သူ့ခေတ်သူ့အခါတွင် ခေတ်ပြိုင်ပါရမီရှင်များအတွက် အိပ်မက်ဆိုးတစ်ခု ဖြစ်စေခဲ့သည်။

အမှောင်ကမ္ဘာမင်းသားက ကြွေလွင့်နတ်ဘုရားနန်းတော်၏ အသန်မာဆုံး

ဝှက်ဖဲတစ်ခုဟုပင် ဆို၍ရပေသည်။

"အမှောင်ကမ္ဘာမင်းသား နိုးထလာတာနဲ့
ကျွင်းရှောင်ယောက်ကို ကို သွေးနဲ့ ပေးဆပ်စေရမယ်"
ကြွေလွင့်နတ်ဘုရားနန်းတော်၏ ပါရမီရှင်က
ကြုံးဝါးလိုက်သည်။

သူတို့က အနက်ရောင် တံဆိပ်ပြား တစ်ခုစီကို
ထုတ်ယူကာ မတူညီသော နေရာများသို့
လျှောက်သွားကြပြီး မြေပြင်ပေါ်တွင် ဒူးထောက်ကာ
အမည်မသိ ဂါထာမန္တာန်များကို
ရွတ်ဆိုလိုက်ကြသည်။

မြေပြင်တွင် အမှောင်ကမ္ဘာမှ ကမ္ပည်းစက်ဝိုင်းကြီး
ပေါ်လာသည်။

ထို့နောက်တွင်၊ မြေပြင်တုန်ခါပြီး အရာအားလုံး တုန်ဟီးသွား၏။ ကြီးမားသော ကပ်ဆိုးကြီးတစ်လု ကျရောက်လာတော့မည့်ကဲ့သို့ ကောင်းကင်ကြီးမှာ သွေးရောင်များဖြင့် နီစွေးလာတော့သည်။

"ဒုန်း ဒုန်း"

မြေပြင်က မုံမျက်နှာပြင်ကဲ့သို့ ပြင်းပြင်းထန်ထန် တုန်ခါကာ အက်ကြောင်းများ ဖြစ်လာခဲ့သည်။

အမှောင်ကမ္ဘာစက်ဝိုင်း၏ အလယ်ဗဟိုတွင် အနက်ရောင်အခေါင်းတလားတစ်ခုက ရုတ်တရက် ထွက်ပေါ်လာသည်။

ထို့နောက် ပေါက်ကွဲသံနှင့်အတူ ခေါင်းတလားတစ်ခုလုံး အစိတ်စိတ်အမြွှာမြွှာ ကွဲသွားခဲ့၏။

ကြောက်မက်ဖွယ်ကောင်းသော အရှိန်အဝါများဖြင့်
ပုံရိပ်တစ်ခုက အိပ်စက်ရာမှ နိုးထလာကာ
လောကကြီးသို့ တစ်ဖန် ပြန်လည်ရောက်ရှိလာခဲ့ပြီ။

ထိုလူရိပ်ကို အနက်ရောင် မြူမှုန်များဖြင့်
ဖုံးလွှမ်းထားသည်။

ခြေတစ်လှမ်း မြေပြင်ပေါ်မှာ လှမ်းလိုက်တိုင်း
အစိမ်းရောင်မီးတောက်များ ပြည့်နှက်နေသည့်
ခြေရာတစ်ခု ထင်ကျန်ရစ်ရသည်။

၎င်းက အိပ်ပျော်နေသော သွေးစုပ်ဖုတ်ကောင်ကဲ့သို့
ဖြူဖျော့ဖျော့ အသားအရည်ရှိသည့်
လူငယ်တစ်ယောက် ဖြစ်သည်။

သူ့တကိုယ်လုံးကို အနက်ရောင်မြူခိုးများက ဖုံးလွှမ်းနေပြီး သူ့မျက်လုံးများမှာလည်း ငရဲမီးလျှံများ တောက်လောင်နေပုံရသည်။ ၎င်းက ငရဲကြီး ဆယ့်ရှစ်ထပ်၏ ထိတ်လန့်ဖွယ်ကောင်းသော ပုံရိပ်များရှိသည့် အနက်ရောင် ဝတ်စုံကို ဝတ်ဆင်ထားပေသည်။

သူဟာ မရဏကမ္ဘာကို အစိုးရသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး သေခြင်းရှင်ခြင်းကို ထိန်းချုပ်ထားသည့်ပုံရသည်။

"ကမ္ဘာလောကကို ပြန်ရောက်လာပြီဖြစ်တဲ့အတွက် ဂုဏ်ယူပါတယ်၊ အမှောင်ကမ္ဘာမင်းသား"

ကြွေလွင့်နတ်ဘုရားနန်းတော်မှ ပါရမီရှင်အားလုံး ဒူးထောက်ဂါရဝ ပြုလိုက်ကြသည်။

အမှောင်ကမ္ဘာမင်းသားထံမှ အမှတ်တမဲ့
ဖြာထွက်လာသော ဖိအားများက သူတို့ကို
အသက်ရှူကြပ်ပြီး တုန်လှုပ်သွားစေသည်။

၎င်းတို့ဟာ ကြွေလွင့်နတ်ဘုရားသားတော်နှင့်
အမှောင်နတ်ဘုရားသားတော်တို့ကို တွေ့မြင်ဖူးပြီး
၎င်းတို့၏ ဖိအားကိုလည်း ခံစားခဲ့ဘူးသည်။

သို့သော်လည်း သူတို့ရှေ့မှ အမှောင်ကမ္ဘာမင်းသားနှင့်
နှိုင်းယှဉ်လျှင်တော့ လုံးဝ နှိုင်းယှဉ်စရာ မရှိပေ။

“နောက်ဆုံးတော့ နိုးထလာခဲ့ပြီ၊ ဒီမင်းသားက
လက်ရှိခေတ်မှာ ဉာဏ်အလင်းရရှိဖို့
မျှော်လင့်ချက်ရှိတယ်လို့ ခံစားလာရတယ်"
အမှောင်ကမ္ဘာမင်းသားက အလွန်နက်နဲပြီး
ကျယ်လောင်သော အသံဖြင့် ပြောလိုက်သည်။

ဆင့်ခေါ်ခံရသည့်တိုင် ဤခေတ်မှ
အပြောင်းအလဲများကို သတိမပြုမိပါက
သူနိုးထနိုင်မည် မဟုတ်ပေ။

ဤခေတ်က သူ၏တာအိုကို သက်သေပြနိုင်မည့်
ခေတ်ဖြစ်သည်။

"မင်းသား၊ ကျုပ်တို့မှာ ခင်ဗျားကို သတင်းပို့စရာ
တစ်ခုရှိတယ်"

ကြွေလွင့်နတ်ဘုရားနန်းတော်မှ
ပါရမီရှင်တစ်ယောက်က တုန်ယင်သောလေသံဖြင့်
ပြောလိုက်သည်။

အမှောင်ကမ္ဘာမင်းသား မွေးဖွားလာပြီမို့
ကျွင်းရှောင်ယောက်နှင့် သူ့မိသားစုအတွက်

အိပ်မက်ဆိုးတစ်ခု ဖြစ်သင့်သည်။

ကြွေလွင့်နတ်ဘုရားနန်းတော်၏ ပါရမီရှင်များက ဤအချိန်ကို အချိန်အတော်ကြာအောင် စောင့်ဆိုင်းနေခဲ့ရပေသည်။

ကြွေလွင့်နတ်ဘုရားနန်းတော်၏ လူများလည်း အခြေအနေတချို့ကို အမှောင်ကမ္ဘာသားတော်အား ပြောပြပေးခဲ့သည်။

"ထပ်ပြီးတော့ ကျွင်းမိသားစုပဲ..."

အမှောင်ကမ္ဘာမင်းသား၏ မျက်လုံးများက ကြောက်မက်ဖွယ်ရာ ငရဲမီးလျှံများဖြင့် တောက်လောင်နေခဲ့သည်။

'ထပ်ပြီးတော့'ဟု သူပြောရခြင်းမှာ...

အမှောင်ကမ္ဘာမင်းသား ဖွားမြင်ခဲ့သည့်ခေတ်မှာ ကောင်းကင်ကို စိန်ခေါ်နိုင်သည့် ဘုရင်တစ်ပါးလည်း ဖွားမြင်ခဲ့ဘူးသည်။ ၎င်းက ကျွင်းမိသားစုမှဖြစ်ပြီး သူ၏ ရန်သူဟောင်းကြီးဟု ပြော၍ရပေသည်။

မူလက ထိုခေတ်ဟာ အမှောင်ကမ္ဘာ နတ်ဘုရားမင်းသားက ကောင်းကင်ကို လက်တစ်ဖက်တည်းဖြင့် ထိန်းချုပ်နိုင်မည့် ခေတ် ဖြစ်သည်။ သို့သော်လည်း ကျွင်းမိသားစု၏ ပါရမီရှင်မှာ ထူးကဲလွန်း၍ သူတစ်ယောက်တည်း ဧကရာဇ်မဖြစ်နိုင်ဘဲ နှောင်တရစရာ ဖြစ်ခဲ့ရပေသည်။

"ဒီမင်းသားက ကျွင်းမိသားစုရဲ့ နတ်ဘုရားသားတော်ကို ဂရုမစိုက်ပါဘူး။ ဒီမင်းသား

ဂရုစိုက်တာက ကျွင်းမိသားစုရဲ့
ရှေးဟောင်းလူထူးဆန်းပဲ"
အမှောင်ကမ္ဘာမင်းသားက ပြောလိုက်သည်။

သူကဲ့သို့ ရှေးဟောင်းလူထူးဆန်းတစ်ယောက်၏
အမြင်တွင်...

ခေတ်ပြိုင် ပါရမီရှင်များက ပုရွက်ဆိတ်တစ်ကောင်နှင့်
မခြားပေ။

ကျွင်းမိသားစုမှ ရှေးဟောင်းလူထူးဆန်းများသာလျှင်
သူ၏ အဓိကပစ်မှတ်များ ဖြစ်သည်။

"အရှင်မင်းသား၊ ကျုပ်တို့ရဲ့
ကြွေလွင့်နတ်ဘုရားနန်းတော်က
ဘုရင်သတ်အစီအစဉ်မှာ ပါဝင်ထားခဲ့ကြပါတယ်။

ကျုပ်တို့ အစီစဉ်ထဲမှာပါတဲ့ တစ်စုံတစ်ယောက်က ကျွင်းမိသားစုရဲ့ ရှေးဟောင်းလူထူးဆန်းသုံးယောက်ရဲ့ အိပ်စရာနေရာတွေကို ရှာဖွေဖော်ထုတ်ပေးနိုင်တယ်။ ဒါကြောင့် သူတို့ကို ထောင်ချောက်ဆင်သတ်ဖို့ ကြိုပြီး စီစဉ်ပေးနိုင်ပါတယ်"

ကြွေလွင့်နတ်ဘုရားနန်းတော်မှ ပါရမီရှင်က ပြောလိုက်သည်။

ထိုစကားကိုကြားတော့ အမှောင်ကမ္ဘာမင်းသား၏ မျက်လုံးများက တောက်ပလာသည်။

"သိပ်ကောင်းတယ်၊ ဒါပေမယ့် အခုအချိန်မှာတော့ မိုးနဲ့မြေရဲ့ အရှိန်အဝါနဲ့ ဦးဆုံး လိုက်လျောညီထွေရှိဖို့ လိုတယ်။ ငါ့ရဲ့ အထွတ်အထိပ်ကို ရောက်သွားရင်တော့ ငါလှုပ်ရှားမှာပါ"

အမှောင်ကမ္ဘာမင်းသားက ပြောလိုက်သည်။

"ကောင်းပါပြီ၊ အရှင်မင်းသား"

ကြွေလွင့်နတ်ဘုရားနန်းတော်၏ ပါရမီရှင်များလည်း ဦးညွှတ်ဂါရဝ ပြုလိုက်ကြလေသည်။

အမှောင်ကမ္ဘာမင်းသားလည်း ငရဲတွင်းနက်ကြီးကဲ့သို့ မျက်လုံးများနှင့် အဝေးကို လှမ်းကြည့်လိုက်သည်။

"မင်းက မနိုးသေးဘူး မဟုတ်လား၊ အခု ဒီမင်းသားက အရင်လုပ်မယ် ကျွင်းမိုရှောင်..."

.........

ဝူရှော၊ အမှောင်ကမ္ဘာမင်းသားနှင့် အခြား ရှေးဟောင်းလူထူးဆန်းများကဲ့သို့...

ရှေးဝိညာဉ်ပြည်တစ်ခုလုံးမှ
ရှေးဟောင်းလူထူးဆန်းများ စတင်နိုးထလာကြသည်။

၎င်းတို့မှာ အများအပြားမရှိသော်လည်း တစ်ဦးစီက
အလွန်အစွမ်းထက်သည်။ ၎င်းတို့က
သက်ဆိုင်ရာခေတ်များ၌ စိုးမိုးခဲ့သူများ ဖြစ်ခဲ့သည်။

အချိန်များ ကုန်လွန်လာကာ မျက်စိတစ်မှိတ်အတွင်း
နှစ်ဝက်ကြာသွားခဲ့ချေပြီ။

သူတို့ မသိလိုက်ခင်မှာပဲ ရှန်းကုကမ္ဘာ ပွင့်ခဲ့သည်မှာ
တစ်နှစ်ကျော်သွားပြီ ဖြစ်သည်။

လွန်ခဲ့သည့် နှစ်ဝက်အတွင်း၌ ရှေးဝိညာဉ်ပြည်၌
နိုးထခဲ့သော ရှေးဟောင်းလူထူးဆန်းများက

လှုပ်ရှားမှုများ မရှိခဲ့ကြပေ။

အကြောင်းမှာ ၎င်းတို့အားလုံးက ကိုယ်ပိုင်အရှိန်အဝါကို လက်ရှိခေတ်နှင့် လိုက်လျောညီထွေဖြစ်ကာ ၎င်းတို့၏ အထွတ်အထိပ် အခြေအနေသို့ ရောက်ရှိနိုင်ရန် ချိန်ညှိနေရ၍ ဖြစ်သည်။

ယင်းအစား၊ ရှန်းကုမျိုးနွယ်အချို့က လှုပ်လှုပ်ရှားရှားဖြစ်လာပြီး ရှေးဝိညာဉ်ပြည်သို့ စတင် ထွက်လာခဲ့ကြသည်။

ထို့အပြင်၊ လူတိုင်း၏အာရုံကို ဖမ်းစားနိုင်သော အခြားအရာတစ်ခုလည်း ရှိသေးသည်။

ယင်းမှာ မျက်လုံးသုံးလုံး သူတော်စင်မျိုးနွယ်၊

ရှေးဟောင်း မော်မျိုးနွယ်၊ နဂါးလူမျိုးနွယ်စုနှင့် အခြား ရှမ်းကုမျိုးနွယ်များက ရည်ရွယ်ချက်ရှိရှိ ပြဿနာရှာလာခဲ့ကြသည်။

၎င်းတို့၏ ပစ်မှတ်ကတော့ ရှေးဟောင်းမင်းမျိုးနွယ် ကျွင်းမိသားစုပင် ဖြစ်ပေသည်။

တချို့ကလည်း ကျွင်းရှောင်ယောက်က အစိကမျိုးနွယ်သုံးခုကို စော်ကားခဲ့ခြင်းကြောင့်ဟု ပြောကြသည်။

ဘုရင်ငယ် သုံးပါးဖြစ်သော မျက်လုံးသုံးလုံး သူတော်စင်မျိုးနွယ်၏ ဘုရင်ငယ်၊ မော်နတ်ဘုရားနှင့် အိုကွမ်တို့ကလည်း ကျွင်းရှောင်ယောက်နှင့် ကျွင်းမိသားစုအပေါ်တွင် ရန်လိုနေကြကြောင်း သတင်းများထွက်ပေါ်လျက် ရှိသည်။

တိုက်ပွဲများက မကြာခင်မှာပဲ ဖြစ်ပေါ်လာမည့်ပုံ ရပေသည်။

---------

အခန်း ( ၄၄၁ ) လုံအိုထျန်း နယ်ပယ်ချိုးဖြတ်ခြင်း၊ ဘုရင်သတ်အစီအစဉ်ကို တရားဝင်စတင်လိုက်ပြီ။

နဂါးမျိုးနွယ်၏ ဘိုးဘွားမြေတွင်...

လွန်ခဲ့သည့်ခြောက်လအတွင်း၌ အိုကွမ်၊ အိုလွမ်၊ လုံပိကျစ်၊ ပိုင်မေအာနှင့် အခြားသူများက ရှေးနဂါးဂူတွင် စောင့်နေခဲ့ကြသည်။

အိုကွမ် စောင့်နေရသည့် အကြောင်းရင်းက သူ၏ နတ်လက်နက်ကို ပြီးပြည့်စုံအောင် ပြုလုပ်ချင်၍ ဖြစ်ပေသည်။

တစ်ဖက်မှာလည်း လုံအိုထျန်း အသက်ရှင်လျက် ထွက်လာနိုင်မလားဆိုသည်ကိုလည်း သိချင်နေမိသည်။

မဟုတ်ပါက တားမြစ်မြေသို့ ဝင်ရောက်ရန် အခြား ကိုယ်စားလှယ်လောင်းတစ်ဦးကို စီစဉ်ရပေမည်။

အိုလွမ်နှင့် လုံပိကျစ်တို့ကတော့ သဘာဝအတိုင်း လုံပိုထျန်း၏ လုံခြုံရေးကို စိုးရိမ်ကြသောကြောင့် ဖြစ်သည်။

ပိုင်မေအာကမူ အပေါ်ယံတွင်

စိုးရိမ်နေသည့်ပုံပေါ်နေသော်လည်း လုံအိုထျန်း ဘယ်တော့မှ ပြန်မလာနိုင်ရန် မျှော်လင့်လျက် ရှိသည်။

"နှစ်ဝက်တောင် ရှိပြီ၊ အစ်ကိုဝမ်းကွဲ၊ သခင်လေးလုံ တစ်ခုခုဖြစ်သွားခဲ့ပြီလား"

အိုလွမ်က စိုးရိမ်တကြီးဖြင့် မေးသည်။

နောက်ဆုံးတွင် လုံအိုထျန်းထံမှ လှုပ်ရှားမှုမရှိတာ အချိန် အတော်ကြာသွားပြီ ဖြစ်သည်။ သူ သေဆုံးသွားပြီလား၊ ရှင်သန်သေးသလား မသိရသေးပေ။

"သူက ငါ့သတိပေးချက်ကို နားမထောင်ဘဲ ရှေးနဂါးဂူရဲ့ အနက်ရှိုင်းဆုံးနေရာကို ခွင့်မပြုဘဲ ဝင်သွားခဲ့တာကို၊ သူ့ရဲ့ ခွန်အားနဲ့ဆိုရင် ကျဆုံးဖို့ ကိုးဆယ်ရာခိုင်နှုန်း အခွင့်အလမ်း ရှိတယ်"

အိုကွမ်က ခေါင်းကို အနည်းငယ်ခါယမ်းလိုက်သည်။

ပထမတော့ သူဟာ လုံအိုထျန်းကို အတော်လေး အကောင်းမြင်ခဲ့ပြီး ရှန်းကုတံဆိပ်ပြား ရယူရာတွင် ကူညီပေးစေချင်ခဲ့သည်။

ယခုတော့ အခွင့်မရှိဟု ထင်မှတ်ရပေသည်။

“ဘယ်လိုဖြစ်နိုင်မှာလဲ…”

လုံပိကျစ်လည်း မယုံကြည်နိုင်ဘဲ ဖြစ်သွားသည်။

လုံအိုထျန်းဟာ ဘိုးဘွားနဂါးသိုက်၏ ပထမ တားမြစ်မျိုးဆက်ဖြစ်ပြီး ကံကောင်းခြင်း၏သားတော်လည်း ဖြစ်သည်။ သူလိုလူက ဘယ်လိုလုပ်ပြီး ဤမျှလွယ်လွယ်

ကျဆုံးပါမည်နည်း။

ထိုအချိန်တွင် အချိန်အတော်ကြာ တိတ်ဆိတ်နေသည့် ရှေးနဂါးဂူက ရုတ်တရက် ပေါက်ကွဲသံနှင့်အတူ တုန်ခါလာသည်။

"ဟင်"

အိုကွမ်လည်း နက်ရှိုင်းသော မျက်လုံးများဖြင့် အဝေးကို လှမ်းကြည့်လိုက်၏။

အိုလွမ်နှင့် အခြားသူများလည်း အလျင်အမြန် လှမ်းကြည့်လိုက်တော့သည်။

"ဝုန်း"

ရှေးနဂါးဂူတည်ရှိရာ ကောင်းကင်ကျွန်းက ပြင်းထန်စွာ

တုန်ခါသွားပြီး ကျောက်တုံးများ အဆက်မပြတ်
ပြိုကျလာသည်။

ထိုကဲ့သို့ တုန်ခါမှုများကြားတွင် ရွှေနဂါးဂူတစ်ခုလုံး
ပေါက်ကွဲသွား၏။

အဆုံးမဲ့ နဂါးစွမ်းအင်များကလည်း ထွက်ပေါ်လာကာ
လေထဲတွင် လှိုင်းခတ်နေတော့သည်။

အလွန်ရှေးကျသော နဂါးကြီးတစ်ကောင်၏
ပုံရိပ်ကိုလည်း ဝေဝါးဝါး မြင်တွေ့ခဲ့ရသည်။

“အဲဒါ…ဖြစ်နိုင်မလား…”

အိုကွမ်၏ မျက်လုံးများသည်လည်း
လှုပ်ရှားသွားခဲ့သည်။

ဤအချက်ကို သူမယုံနိုင်သေးပေ။

ထိုစဉ် အဆုံးမဲ့ နဂါးစွမ်းအင်များကြားမှ လုံအိုထျန်း၏ သူရဲကောင်းဆန်သော ရုပ်သွင် ပေါ်လာသည်။

သူ့နဖူးတွင် နဂါးဦးချိုများရှိပြီး အနက်ရောင်ဆံပင်များကလည်း တဖျပ်ဖျပ်ခတ်နေသည်။ သူ့ခန္ဓာကိုယ်က နဂါးစွမ်းအင်များဖြင့် ရောထွေးနေကာ ပတ်ဝန်းကျင် ဟင်းလင်းပြင်သည်ပင် အဆက်မပြတ်တုန်ခါလျက် ရှိ၏။

ယခုအချိန်တွင်၊ လုံအိုထျန်းက ကျွင်းရှောင်ယောက်ကို ရှုံးနိမ့်ခဲ့စဉ်ကကဲ့သို့ အမူအရာမျိုး မရှိတော့ပေ။ ဤအခိုက်တွင် သူက သူရဲကောင်းဆန်ပြီး

အားမာန်အပြည့် ရှိခဲ့သည်။

လူတစ်ကိုယ်လုံး အသွင်ပြောင်းပြီး ဘဝသစ်တစ်ခုသို့ ရောက်သွားပုံပင် ရလေသည်။

အရေးကြီးဆုံးအချက်က ဤအခိုက်တွင် လုံအိုထျုန်း၏ ခန္ဓာကိုယ်မှ ထွက်ပေါ်လာသော အရှိန်အဝါက ကောင်းနတ်ဘုရားအဆင့်သို့ ရောက်ရှိသွားခဲ့ပြီဖြစ်သည်။

ထို့ပြင် ယင်းက ကောင်းကင်နတ်ဘုရားနယ်ပယ် အစောပိုင်းအဆင့် မဟုတ်ပေ။ ထိုအစား အလယ်လတ်အဆင့်သို့ ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။

ယင်းကြောင့် အိုလွမ်၊ လုံပိကျစ်နှင့် အခြားသူများ အံ့ဩဝမ်းသာ ဖြစ်သွားခဲ့လေသည်။ သူတို့၏

မျက်နှာများသည်ပင် စိတ်လှုပ်ရှားမှုများဖြင့် နီမြန်းသွားခဲ့သည်။

ပိုင်မေအာကတော့ အတင်းပြုံးပြလိုက်သည့်တိုင် သူမစိတ်ထဲတွင် လွန်စွာ တုန်လှုပ်သွားသည်။

ဤခြောက်လအတွင်း ငြိမ်သက်နေပြီးနောက် လုံအိုထျန်းကို ကောင်းကင်နတ်ဘုရားနယ်ပယ် အလယ်လတ်အဆင့်အထိ ရောက်လာမည်ဟု မျှော်လင့်မထားခဲ့ပေ။

အိုကွမ်၏ မျက်လုံးများလည်း အလွန်နက်ရှိုင်းပြီး အံ့ဩထိတ်လန့်သွားမိသည်။

"သခင်လေးလုံ"

"အစ်ကို အိုထျန်း"

အိုလွမ်နှင့် လုံပိကျစ်တို့ အတိုင်းဆမရှိ ဝမ်းသာခဲ့ကြသည်။

လုံအိုထျန်း ပြန်နိုးထလာနိုင်သည့်အတွက် သူတို့ သဘာဝအတိုင်း အလွန်ပျော်ခဲ့ကြလေသည်။

"ဟားဟားဟား..."

လုံအိုထျန်း ရယ်မောလိုက်သည်။ သူ့မျက်လုံးများကမှာလည်း ယုံကြည်မှုများ ပြည့်နေခဲ့၏။

'ကျွင်းရှောင်ယောက်၊ မင်းငါ့ကို စောင့်နေပါ'

လုံအိုထျန်းလည်း စိတ်ထဲမှ တိတ်တဆိတ်တွေးကာ အိုလွမ်နှင့် အခြားသူများအရှေ့ကို ဆင်းသက်လိုက်သည်။

"မင်း ရှေးနဂါးဂူရဲ့ အနက်ရှိုင်းဆုံး ဂူထဲကို ဝင်သွားခဲ့တာလား"

အိုကွမ်က လုံအိုထျန်းကို စိုက်ကြည့်လိုက်သည်။

လုံအိုထျန်းက သူ့နှလုံးသားထဲတွင် လှောင်ရယ်နေသော်လည်း အပေါ်ယံမှာတော့ တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ငါ့ကို ကူညီပြီး ဒီအခွင့်အရေးကို ပေးခဲ့တဲ့အတွက် နဂါးမျိုးနွယ်ကို ကျေးဇူးတင်တယ်"

ယခုအခါ လုံအိုထျန်း၏ခွန်အားက သိသိသာသာ တိုးလာပြီး ကောင်းကင်နတ်ဘုရားနယ်ပယ်သို့

ရောက်ရှိခဲ့ချေပြီ။ ထို့ကြောင့် သူက အိုကွမ်ကို ယခင်ကကဲ့သို့ သိပ်ဂရုမစိုက်တော့ပေ။

အိုကွမ်၏ အင်အားက အမှန်တကယ် အားမနည်းကြောင်း သူ မြင်နိုင်သည်။ ၎င်းက ကောင်းကင်နတ်ဘုရားနယ်ပယ် နှောင်းပိုင်းအဆင့်တွင် ရှိ၏။

သို့သော်လည်း လုံအိုထျန်းကဲ့သို့ ပါရမီရှင်တစ်ဦးအတွက် အဆင့်ကျော် တိုက်ခိုက်ခြင်းမှာ မခက်ခဲသင့်ပေ။

သူဟာ ထိုက်ရှီရှေးနဂါးမျိုးနွယ်၏ အမွေအနှစ်များအပြင် ဟင်းလင်းပြင်ကျမ်း၏ တစ်ဝက်ကိုလည်း ရရှိလာခဲ့သည်။

"ရှေးနဂါးဂူရဲ့ နက်ရှိုင်းတဲ့နေရာမှာ
ဘာအခွင့်အရေးရှိလဲ"

အိုကွမ်က ဆက်မေးလိုက်၏။

လုံအိုထျန်းက အေးဆေးတည်ငြိမ်စွာပင်
ပြောလိုက်သည်။

"အမှန်အတိုင်းပြောရရင်
ထိုက်ရှီရှေးနဂါးရုပ်ကြွင်းတစ်ခု ရှိပေမဲ့
ငါသန့်စင်လိုက်ပြီ"

ထိုက်ရှီရှေးနဂါး၏ကိစ္စက ဖုံးကွယ်ရန်
နည်းလမ်းမရှိသည့်အပြင် လုံအိုထျန်းလည်း
ဖုံးကွယ်ထားမည်မဟုတ်ပေ။

သို့ရာတွင် ဟင်းလင်းပြင်ကျမ်းကို
ထုတ်ပြောရန်အထိတော့ သူ မမိုက်မဲပါချေ။

"အဲဒါက ထိုက်ရှိရှေးနဂါးရဲ့ အကြွင်းအကျန်ပဲ"

အိုကွမ်၏ သူ့မျက်လုံးများ၌ မနာလိုသည့် အရိပ်အယောင်များ လှစ်ဟလာခဲ့သည်။

လုံအိုထျန်း လိမ်နေတာလို့တော့ သူ သံသယမရှိပေ။ ယခုလေးတင် ကောင်းကင်ယံ၌ ထိုက်ရှိရှေးနဂါးပုံရိပ်ကြီးကို သူ မြင်လိုက်ရသည်။

"ဒီအပြင် ဘာမှမရှိဘူးလား"

အိုကွမ် ဆက်မေးလိုက်သည်။

"မရှိတော့ဘူး"

လုံအိုထျန်း ပြောလိုက်၏။ သူ့နှလုံးသားကလည်း အေးစက်သွားခဲ့သည်။

သို့သော်လည်း ယခုအချိန်ထိ သူဟာ နဂါးမျိုးနွယ်၏ အကူအညီကို လိုအပ်နေသေးသည်။

မဟုတ်ပါက လုံအိုထျန်း၏ဒေါသအရ အိုကွမ်ကို တိုက်ခိုက်ပြီးသွားပြီ ဖြစ်သည်။

လုံအိုထျန်းဟာ မူလက တံခါးပိတ်လေ့ကျင့်ရာမှ ထွက်လာပြီးနောက် ကျွင်းရှောင်ယောက်ကို တိုက်ရိုက် သွားးရောက်ဖြေရှင်းလိုခဲ့သည်။

သို့သော်လည်း သူလုပ်ရမည့် အရာနှစ်ခုရှိသေးသည်။

ပထမအချက်မှာ အိုကွမ်၏ဆန္ဒအတိုင်း ရှန်းကုတံဆိပ်ပြားကိုရှာဖွေရန် ရှေးဝိညာဉ်ပြည်သို့

သွားရောက်ရန် ဖြစ်သည်။

ဒုတိယတစ်ချက်ကတော့ ဘိုးဘွားနဂါးသိုက်မှ ဘုရင်သတ်အစီအစဉ် စတင်နေပြီဟု သတင်းရသောကြောင့် ရှေးဝိညာဉ်ပြည်သို့ သွားရောက်ရန်ပင် ဖြစ်ချေသည်။

'ဟမ့်၊ ဒီကောင့်ကို ရက်နည်းနည်းလောက် အသက်ရှင်ခွင့် ပေးထားလိုက်ဦးမယ်'

လုံအိုထျန်းလည်း ရှေးဝိညာဉ်ပြည်သို့ အရင်သွားရန် စီစဉ်ခဲ့သည်။

နောက်ဆုံးတွင် ဘုရင်သတ်အစီအစဉ်က ပို၍ အရေးကြီးသည်။

"သခင်လေးလုံ၊ နဂါးလူမျိုးနွယ်က ရှင့်ရဲ့

ဘုရင်သတ်အစီအစဉ်မှာ ပါဝင်လိမ့်မယ်"
အိုလွမ်က ပြောလိုက်သည်။

ထိုအချိန်အတွင်း၌ ဝမ့်ထန့်ဘက်မှ
အနက်ရောင်ဝတ်လူဟာ မျိုးနွယ်စုကြီး သုံးခုကို
ဆွဲဆောင်ရန်အတွက် ရောက်ရှိလာဖူးသည်။

မျက်လုံးသုံးလုံး သူတော်စင်မျိုးနွယ်၊
ရှေးဟောင်းမှော်မျိုးနွယ်နှင့်
နဂါးလူမျိုးနွယ်အားလုံးကလည်း
ကျွင်းရှောင်ယောက်အပေါ်တွင် ရန်ငြိုးထားကြ၏။

ထို့ကြောင့်၊ သူတို့သည်လည်း
ဘုရင်သတ်အစီအစဉ်တွင်ပါဝင်ကာ ကျွင်းမိသားစုမှ
ပါရမီရှင်အားလုံးကို သတ်ရန်အတွက်
ရှေးဝိညာဉ်ပြည်သို့သွားရန် ပြင်ဆင်နေတော့သည်။

"ကောင်းပြီ၊ အတူတူသွားကြရအောင်"

လုံအိုထျန်းက ပြောလိုက်သည်။

ရက်အနည်းငယ်ကြာအောင်
ပြင်ဆင်ပြီးနောက်မှာတော့ အိုကွမ်၊ အိုလွမ်၊ အိုကျန်း၊
လုံအိုထျန်း၊ လုံပိကျစ်၊ ပိုင်မေအာနှင့်
အခြားသူများလည်း စတင် ထွက်ခွာသွားတော့သည်။

'ကျွင်းရှောင်ယောက်၊ မင်းရဲ့
ကျွင်းမိသားစုကလူတွေကို အရင်သတ်ပြီးတော့မှ
မင်းကို အဆုံးမဲ့နာကျင်မှုတွေနဲ့ သေစေမယ်'

လုံအိုထျန်းက မုန်းတီးမှုအပြည့်ဖြင့် စိတ်ထဲမှ
ပြောလိုက်သည်။

ယခုတော့ ကျွင်းရှောင်ယောက်ကို သတ်နိုင်မည်ဟု

တစ်ရာ ရာခိုင်နှုန်း သေချာနေခဲ့ပြီ။

ကျွင်းရှောင်ယောက်က
ကောင်းကင်နတ်ဘုရားနယ်ပယ်သို့
ဖြတ်ကျော်သွားလျှင်ပင်...
ကောင်းကင်နတ်ဘုရားနယ်ပယ်
အလယ်အလတ်အဆင့် သူ၏ ကျင့်ကြံခြင်းအခြေခံ၊
ထိုက်ရှီရှေးနဂါး၏ အမွေ၊ ကေရာဇ်နဂါးသွေးနှင့်
ဟင်းလင်းပြင်ကျမ်းတို့အရ ကျွင်းရှောင်ယောက်ကို
သတ်နိုင်ပါသေးသည်။

ထို့ကြောင့် သူ့မျက်လုံးထဲတွင် ကျွင်းရှောင်ယောက်က
အဆုံးမဲ့ နာကျင်မှုနှင့် သေဆုံးခြင်းကို
စောင့်မျှော်နေသော လှောင်အိမ်ထဲမှ
ကြွက်ဖြူလေးတစ်ကောင်ကဲ့သို့ ဖြစ်နေသည်။

လုံအိုထျန်းနှင့် အခြားသူများ၏နောက်မှာတော့ ပိုင်မေအာဟာ စိုးရိမ်မှုများ ပြည့်နှက်နေလေသည်။

'ကျွင်းမိသားစုက အခြေအနေဆိုးနေတာပဲ။ ကျွင်းသခင်လေး မလှုပ်ရှားသေးလို့ပဲလား'

ပိုင်မေအာ စိတ်ပူသွားခဲ့သည်။

သူမ၏ လှပသော မျက်လုံးများမှာတော့ ခိုင်မာသော ဆုံးဖြတ်ချက် အရိပ်အမြွက်များဖြင့် တောက်ပနေပေပြီ။

ကျွင်းရှောင်ယောက်အတွက် ဘုရင်သတ်အစီအစဉ်အကြောင်းကို ကျွင်းမိသား၏ စီကွမ်များသိစေရန် လျှို့ဝှက်နည်းလမ်းရှာရမည်။

ဟုတ်ပေသည်၊ ဤနည်းလမ်းက

အန္တရာယ်တော့များသည်။ လုံအိုထျန်းသာ ဤအကြောင်းကို သိသွားပါက သူမကို အသေသတ်လိမ့်မည်။

သို့သော်လည်း ပိုင်မေအာ အနည်းငယ်မျှ နှောင်တမရပါ။ ကျွင်းရှောင်ယောက်အတွက် သူမအသက်ကိုပင် စွန့်နိုင်သည်။

ဘိုးဘွားနဂါးသိုက်၊ အလုံးစုံ ဖီးနစ်ဝိညာဉ်တောင်တန်း၊ ချီလင် ရှေးဟောင်းဂူ၊ ကြွေလွင့်နတ်ဘုရားနန်းတော်၊ မြောက်ပိုင်း ဝမ့်မိသားစု၊ ရှန်းကုမျိုးနွယ်စုသုံးခု၊ ဗုဒ္ဓဂိုဏ်း၊ ထျန်းချန်မျိုးနွယ်နှင့် အခြားအင်အားစုများ ပါဝင်ကြသော ဘုရင်သတ်အစီအစဉ်ဟာ နောက်ဆုံးတွင် စတင်လာခဲ့ပြီ ဖြစ်သည်။

--------

အခန်း ( ၄၄၂ ) နေကိုးစင်းဘုရင်ခန္ဓာ
ကျွင်းဟောက်ယန်၊ ကျွင်းမိသားစု၏
ရှေးဟောင်းလူထူးဆန်းများ ကျဆုံးခြင်း။

ရှေးဝိညာဉ်ပြည်ဟာ အလွန်ကျယ်ပြန့်သော နယ်မြေ
ဖြစ်သည်။

ဝိညာဉ်ပြည်တစ်ခုလုံးတွင် ရတနာများနှင့်
အခွင့်အလမ်းများစွာရှိပြီး ထူထပ်သော
စွမ်းအင်များလည်း ပြည့်နှက်နေသည်။

သို့သော်လည်း ဤအခိုက်အတန့်တွင် လူရိပ်များ
တစ်ခုပြီးတစ်ခု ထွက်ပေါ်လာပြီး ရှေးဝိညာဉ်ပြည်၏
တိတ်ဆိတ်ငြိမ်သက်မှုကို ချိုးဖျက်လိုက်ကြသည်။

အရင်းအမြစ်ရှာဖွေရန် လာရောက်ကြသော အပြင်လူများလည်း ဤလူစုကိုမြင်သောအခါ မျက်လုံးပြူးသွားခဲ့လေသည်။

"ငါ... ငါအမြင်မမှားပါဘူးနော်၊ ဒါက ဘိုးဘွားနဂါးသိုက်ရဲ့ ပထမ တားမြစ်မျိုးဆက်ပဲလား"

"အလုံးစုံ ဖီးနစ်ဝိညာဥ်တောင်တန်းက ဟွမ်ဇီနဲ့ ဖုန်းနုလည်း ရှိတယ်"

"အလို၊ ချီလင်ရှေးဟောင်းဂူထဲက ချီလင်သားတော်လည်း ရှိသဟ"

"ဘုရားရေ၊ ဒီရှေးဟောင်းတော်ဝင်မိသားစုရဲ့ ထိပ်တန်း ပါရမီရှင်တွေက ဘာဖြစ်လို့ အတူ စုရုံးလာတာလဲ"

မြင်တွေ့ရသူတိုင်း သူတို့စိတ်နှလုံးထဲတွင်
ထိတ်လန့်တုန်လှုပ်ပြီး
အသက်ပြင်းပြင်းရှူလိုက်မိသည်။

ပုံမှန်အားဖြင့် လူတိုင်းဟာ ရှန်းကုကမ္ဘာတွင်
ကိုယ်ပိုင်အခွင့်အလမ်းများကို ရှာဖွေနေကြ၍ ဤကဲ့သို့
ပါရမီရှင်အများအပြား စုဝေးကြသည်ကို
တစ်ခါမျှမတွေ့ခဲ့ဖူးပေ။

"ဟမ်"

လုံအိုထျန်း၏ ရွှေနဂါးမျက်လုံးများက
ဤအပြင်လူများဆီသို့ လှည့်သွားသည်။

ဤအခါမှာတော့ အပြင်လူပါရမီရှင်များမှာ
အော်ပင်မအော်နိုင်ဘဲ ကြောက်မက်ဖွယ်ကောင်းသည့်

စိတ်ဝိညာဉ်စွမ်းအားကြောင့် တိုက်ရိုက်
သေဆုံးသွားတော့သည်။

ကောင်းကင်နတ်ဘုရားနယ်ပယ်
အလယ်လတ်အဆင့်သို့ ရောက်ရှိပြီးနောက်
လုံအိုထျန်း၏ ရှေးဦးဝိညာဉ်ကလည်း
ကြောက်စရာအဆင့်သို့ ရောက်ရှိလာခဲ့သည်။

"ကျွင်းမိသားစုရဲ့ ရှေးဟောင်းလူထူးဆန်းသုံးဦးကို
လုံးလုံးမသုတ်သင်ခင်မှာ
ဘုရင်သတ်အစီအစဉ်အကြောင်း အပြင်လူတွေ
မသိကြတာ ပိုကောင်းတယ်"

လုံအိုထျန်းက ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

သူ့ပတ်ဝန်းကျင်မှာတော့ အခြားပါရမီရှင်များ
ရှိပေသည်။

ဟွမ်ထျန်းကဲ၊ ဖုန်းလော့ဖေး၊ ချီလင်သားတော်...

လုံပိကျစ်၊ အိုလွမ်၊ ပိုင်မေအာနှင့် အိုကွမ်တို့လည်း ထိုနေရာတွင် ရှိခဲ့သည်။

ထို့အပြင် ရှေးဟောင်းတော်ဝင်မိသားစု၏ ပါရမီရှင်အချို့လည်း ရှိသေးသည်။

"မင်းရဲ့ ခွန်အားက ပိုသန်မာလာတယ်" ချီလင်သားတော်က ပြောလိုက်သည်။

သူ၏ ရှည်လျားသော ခရမ်းရောင်ဆံပင်များ တဖျပ်ဖျပ်ခတ်နေပြီး နဖူးပေါ်တွင်လည်း ခရမ်းရောင် ဦးချိုတစ်ချောင်း ရှိ၏။ သူက ခရမ်းရွှေရောင်

ချီလင်ချပ်ဝတ်ကို ဝတ်ဆင်ထားကာ သူ၏
အရှိန်အဝါကလည်း ကောင်းကင်နတ်ဘုရားအဆင့်သို့
ရောက်ရှိသွားခဲ့ပြီ ဖြစ်သည်။

လွန်ခဲ့သည့် နှစ်ဝက်အတွင်း၌ ထိုထိပ်တန်း
ပါရမီရှင်များသည်လည်း
ကောင်းကင်နတ်ဘုရားနယ်ပယ်သို့
တစ်ယောက်ပြီးတစ်ယောက် ဖြတ်သွားခဲ့ကြသည်။

သို့သော်လည်း လုံအိုထျန်းလောက်မမြန်ဘဲ
အများစုမှာ ကောင်းကင်နတ်ဘုရားနယ်ပယ်
အစောပိုင်းအဆင့်သို့သာ ဖြတ်သွားခဲ့ပေသည်။

"အင်း"

လုံအိုထျန်းက ပြုံးရုံသာပြုံးပြီး ဘာမှ မပြောပေ။

ရှေးဟောင်းတော်ဝင်မိသားစုက
အပြင်လူများနှင့်ယှဉ်လျှင် စည်းလုံးသော်လည်း
အချင်းချင်း ပြိုင်ဆိုင်မှုများ ရှိကြသည်။

သူတို့ကဲ့သို့ ထိပ်တန်းပါရမီရှင်များတွင်
ကိုယ်ပိုင်ဝှက်ဖဲများရှိ၍ လုံအိုထျန်းပင်လျှင်
လူတိုင်းကို ချေမှုန်းနိုင်မည်ဟု အာမမခံနိုင်ပေ။

"အစီအစဉ်ကို တတ်နိုင်သမျှ မြန်မြန်ပြီးအောင်
လုပ်ကြရအောင်။ ငါ့ရင်ထဲမှာ မကောင်းတဲ့
သတိပေးချက်တစ်ခု အမြဲရှိနေတယ်"

ရှေ့ဆုံးမှလူငယ်က စိုးရိမ်မကင်းဖြစ်နေဟန်ဖြင့်
ပြောလိုက်သည်။

၎င်းက ထျန်းချန်မျိုးနွယ်မှ ကူချန်ဇီ ဖြစ်သည်။

၎င်းမှာ ဤအစီအစဉ်၏ အဓိက
သော့ချက်တစ်ခုလည်း ဖြစ်ချေသည်။

သူသာမရှိရင် ကျွင်းမိသားစု၏
ရှေးဟောင်းလူထူးဆန်းသုံးဦး
အိပ်စက်နေသည့်နေရာကို ကောက်ချက်ချနိုင်မှာ
မဟုတ်ပေ။

"ဟမ့်၊ အပြင်ဘက်က အားကောင်းတဲ့
ကျွင်းမိသားစုဝင်တွေသာ ရှန်းကုကမ္ဘာကို
အတင်းအကြပ်မဝင်ရောက်ဘူးဆိုရင် ဘာကို
စိုးရိမ်ရမှာလဲ၊ မဟုတ်ရင်လည်း ဘယ်သူက ငါတို့ကို
တားနိုင်မှာလဲ"

လုံအိုထျန်းနှင့် ရှေးဟောင်းတော်ဝင်မိသားစု၏
အခြားသူများက အထင်အမြင်သေးမှုအပြည့်ဖြင့်
နှုတ်ခမ်းကို တွန့်ကွေးလိုက်ကြသည်။

ဤတစ်ကြိမ်တွင် ကျွင်းမိသားစုကို ပစ်မှတ်ထားခဲ့သည်က အင်အားစု တစ်ခု၊ နှစ်ခု မဟုတ်ပေ။

ယင်းအစား၊ အင်အားစုများစွာက ကျွင်းမိသားစုကို ပစ်မှတ်ထားရန် အတူတကွ ပေါင်းစည်းကြသည်။

သို့ဖြစ်ပေရာ ကျွင်းမိသားစု၏ ပါရမီရှင်များ မည်မျှပင် သန်မာနေစေကာမူ၊ ထောက်ပံ့ထားနိုင်မည် မဟုတ်ပေ။

ထို့အပြင် ကျွင်းမိသားစု၏ ကျောရိုးဖြစ်သော ကျွင်းရှောင်ယောက်ကလည်း အချိန်အတော်ကြာ ပျောက်ကွယ်နေခဲ့သည်။

ထို့ကြောင့် ကျွင်းလုံခန်းတစ်ဦးတည်းက အားကိုးကြရန် မလုံလောက်ပေ။

"ဒီလိုဆိုရင်တောင် မြန်နိုင်သမျှ သွားကြစို့။ ကျွင်းမိသားစုရဲ့ ရှေးဟောင်း လူထူးဆန်းသုံးဦးစလုံး နိုးထလာပြီး ကျွင်းမိသားစုနဲ့ ပေါင်းစည်းသွားရင် ခက်လိမ့်မယ်"

အလုံးစုံဖီးနစ်ဝိညာဉ်တောင်တန်းမှ ဖုန်းလော့ဖေးက မျက်မှောင်ကြုတ်လိုက်သည်။

ကျွင်းမိသားစု၏ ပါရမီရှင်များက နောက်ခံကောင်းသလောက် အင်အားကြီးကြသည်။ ၎င်းတို့က ထိပ်ဆုံးနေရာ ထားရအောင်ပင် အားကောင်းကြပေသည်။

ရှန်းကုကမ္ဘာ၏ ရှေးဝိညာဉ်ပြည်တွင် အိပ်စက်နေသော

ကျွင်းမိသားစု၏ ရှေးဟောင်းလူထူးဆန်း သုံးဦး ရှိသည်။

ကျွင်းမိသားစု၏ ရှေးဟောင်းလူထူးဆန်းသုံးဦး အတူတူ နိုးထလာပြီး ကျွင်းရှောင်ယောက်၊ ကျွင်းလုံခန်းအပြင် တခြား ခေတ်ပြိုင်စီကွမ်များနှင့် ပေါင်းစည်းလိုက်လျှင် တခြားသူများ ဘာဖြစ်သွားမည်နည်း။

ထို့ကြောင့် ဘုရင်သတ်အစီအစဉ်၏ အဓိက ရည်ရွယ်ချက်မှာ ကျွင်းမိသားစု၏ ရှေးဟောင်းလူထူးဆန်းသုံးဦးကို ချေမှုန်းပြီး ကျန်စီကွမ်များကို သတ်ဖြတ်ရန် ဖြစ်သည်။

ကျွင်းမိသားစု၏ မျိုးဆက်သစ် လူငယ်များသာ ကျဆုံးကုန်ပါက ကျွင်းမိသားစု၏ အနာဂတ်အတွက်

ကြီးမားသော ထိုးနှက်ချက်တစ်ခု
ဖြစ်လာပေလိမ့်မည်။

ယင်းမှာ ကျွင်းမိသားစု ကျဆင်းမှု၏ အစပင်
ဖြစ်နိုင်သည်။

ထို့ကြောင့် ရှေးဟောင်းတော်ဝင်မိသားစုအတွက်
ဘုရင်သတ်အစီအစဉ်ဟာ အောင်မြင်ရန်သာဖြစ်ပြီး
ကျရှုံး၍မရပေ။

"သွားရအောင်၊ တခြားအဖွဲ့တွေလည်း သူတို့နေရာကို
မကြာခင်ရောက်သင့်တယ်"

လုံအိုထျန်းက သူ့လက်ကို ဝှေ့ယမ်းလိုက်သည်။

သူတို့အဖွဲ့က အဖွဲ့များထဲမှ တစ်ခု ဖြစ်ပေသည်။

အခြားအဖွဲ့များကလည်း ကျွင်းမိသားစု၏
ရှေးဟောင်းလူထူးဆန်းများ အိပ်စက်ရာနေရာကို
သွားရောက်နေကြပြီ ဖြစ်သည်။

ယခင်က ကူချန်ဇီဟာ ရေိယာ၏
ခန့်မှန်းခြေတည်နေရာကို တွက်ချက်ထားပြီး
အခြားအဖွဲ့များအား အသိပေးခဲ့သည်။

ထို့နောက်တွင် ကူချန်ဇီ၏ ဦးဆောင်မှုဖြင့်
လုံအိုထျန်းနှင့် အခြားသူများဟာ ပူပြင်းသော
ချိုင့်ဝှမ်းတစ်ခုသို့ ရောက်လာခဲ့ကြသည်။

"ဒီနေရာလား"

လုံအိုထျန်းနှင့် ရှေးဟောင်းတော်ဝင်မိသားစု၏
ပါရမီရှင်များလည်း အကဲခတ်လိုက်သည်။

"အချိန်မဆိုင်းတော့နဲ့၊ ဝက်ပါကို
တိုက်ရိုက်စတင်လိုက်ကြရအောင်"
ချီလင်သားတော် ပြောလိုက်၏။

ကျွင်းမိသားစု၏ ရှေးဟောင်းလူထူးဆန်းများကို
လျှော့မတွက်သင့်ပေ။

သေလုမျောပါးအခြေအနေနှင့်
တန်ပြန်တိုက်ခိုက်လျှင်ပင် သူတို့ထဲမှ တစ်ယောက်
သို့မဟုတ် နှစ်ယောက်ကို ဆွဲချသွားနိုင်သည်။

ထို့ကြောင့် အစီအစဉ်မစတင်မီကတည်းက ၎င်းတို့ဟာ
ဂရုတစိုက် ပြင်ဆင်မှုများ ပြုလုပ်ထားခဲ့သည်။

မကြာမီတွင်၊ လုံအိုထျန်းနှင့် အခြားသူများက ဝက်ပါစတင်လိုက်ကြသည်။

အချိန်ကြာလာသည်နှင့်အမျှ ကြောက်မက်ဖွယ်ကောင်းသော သတ်ဖြတ်ခြင်းဝက်ပါ ပေါ်လာခဲ့၏။

ဤဝက်ပါကို ဝိညာဉ်လေးပါး ကောင်းကင်ပြစ်ဒဏ်ဝက်ပါဟု ခေါ်သည်။ ၎င်းကို လူလေးဦးက ထိန်းချုပ်ထားရ၏။ ၎င်း၏ စွမ်းအားက အလွန်ကြောက်စရာကောင်းပြီး အစွမ်းထက်ပါရမီရှင်တစ်ဦးကို ဒဏ်ရာအပြင်းအထန်သို့မဟုတ် သတ်ပစ်နိုင်အောင် ပြင်းထန်သည်။

ဝိညာဉ်လေးပါး ကောင်းကင်ပြစ်ဒဏ် ဝက်ပါကို တည်ထောင်ပြီးနောက် လုံအိုထျန်း၊ ဖုန်းလော့ဖေး၊

ပွဲမ်ထျန်းကဲနှင့် ချီလင်သားတော်တို့က ဦးဆောင်ခဲ့ပေသည်။

ကျယ်လောင်သော ဟိန်းဟောက်သံနှင့်အတူ၊ နတ်သားရဲလေးကောင်၏ ဝိညာဉ်များ ပေါ်လာသည်။ ချက်ချင်းပင် ချိုင့်ဝှမ်းတစ်ခုလုံးကို ဖျက်ဆီးပစ်တော့မည့်ကဲ့သို့ ကြောက်မက်ဖွယ် စွမ်းအားလှိုင်းများ ထွက်လာခဲ့သည်။

မြေပြင်က တိုက်ရိုက်ပြိုကျသွား၏။

ထိုကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော အပြောင်းအလဲများကြားတွင်... မြေနက်ပိုင်းမှ ဒေါသတကြီး ဟိန်းဟောက်လိုက်သံတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

"အတင့်ရဲလိုက်တာ၊ ငါ ကျွင်းဟောက်ယန်ကို ဘယ်သူက လာစဝံ့သလဲ"

ဟိန်းဟောက်သံနှင့်အတူ ကောင်းကင်နတ်ဘုရားနယ်ပယ် နှောင်းပိုင်းအဆင့်၏ ကြောက်မက်ဖွယ်ကောင်းသော အရှိန်အဝါများက ပေါက်ကွဲထွက်လာတော့သည်။

တစ်ချိန်တည်းမှာပင် မြေတွင်း နက်ရှိုင်းသောအရပ်မှ ကြောက်မက်ဖွယ်အပူလှိုင်းဖြင့် နေကိုးစင်း ထွက်ပေါ်လာခဲ့သည်။

"တကယ်ပဲ ကျွင်းမိသားစုရဲ့ ပထမစီကွမ်ကိုး၊ သူ့မှာ နေကိုးစင်းဘုရင်ခန္ဓာရှိပြီး တစ်ချိန်က ပါရမီရှင် မျိုးဆက်တစ်ခုလုံးကို လွှမ်းမိုးခဲ့တယ်"

သန်မာသော စွမ်းအင်အတက်အကျကိုခံစားရင်း၊ ရှေးဟောင်းတော်ဝင်မိသားစုမှ လူအများစုမှာ

အနည်းငယ် လန့်ဖျပ်သွားကြသည်။

လုံအိုထျန်းကဲ့သို့ အလွန်မာနကြီးသူတစ်ယောက်ပင် ဤအခိုက်တွင် မျက်လုံးများ လေးနက်သွားကြသည်။

အဆိုပါ နေကိုးစင်းတွင် တစ်စင်းစီက အစောပိုင်း ကောင်းကင်နတ်ဘုရားနယ်ပယ် ပါရမီရှင်ကို အမှုန့်ဖြစ်အောင် အလွယ်တကူ လောင်ကျွမ်းစေနိုင်သည်။

"လူတိုင်းပဲ ဝိညာဉ်လေးပါး ကောင်းကင်ပြစ်ဒဏ် ဝက်ပါကို ထိန်းချုပ်ပြီးတော့ သူ့ကို သတ်ကြစို့"

လုံအိုထျန်း၊ ဖုန်းလော့ဖေး၊ ဟွမ်ထျန်းကဲနှင့် ချီလင်သားတော်လည်း နတ်ဘုရားစွမ်းအင်များကို ထုတ်ဖော်လိုက်ကြသည်။

၎င်းတို့ လေးဦးစလုံးက ကောင်းကင်နတ်ဘုရားနယ်ပယ်တွင် ရှိ၏။ ၎င်းတို့က ဝိညာဉ်လေးပါး ကောင်းကင်ပြစ်ဒဏ် ဝက်ပါကို အတူထိန်းချုပ်လိုက်ရာ ဖြစ်ပေါ်လာသောစွမ်းအားက ရိုးရှင်းစွာ ဖော်မပြနိုင်တော့ပေ။

"ရှေးဟောင်း တော်ဝင်မိသားစုကလူတွေ၊ မင်းတို့ သေချင်နေတာပဲ"

မြေတွင်းပိုင်းမှ အေးစက်စက်ဖြင့် ဟိန်းဟောက်သံ ထွက်ပေါ်လာသည်။

ကျွင်းမိသားစု၏ ရှေးဟောင်းလူထူးဆန်း နေကိုးစင်းဘုရင်ခန္ဓာ ကျွင်းဟောက်ယန်လည်း ရှေးဟောင်းတော်ဝင်မိသားစု၏ အရှိန်အဝါကို ခံစားမိကာ ဒေါသတကြီး ဖြစ်သွားသည်။

သို့ရာတွင် သူက နိုးထကာစဖြစ်၍ လက်ရှိခေတ်နှင့် လိုက်လျောညီထွေမရှိသေးဘဲ သူ့ခွန်အားကလည်း အမြင့်ဆုံးတွင် မရောက်သေးပေ။

တစ်ဖက်တွင် ရှေးဟောင်းတော်ဝင်မိသားစုက ရုတ်တရက်တိုက်ခိုက်မှုအပြင်၊ တွက်ချက်မှုများများစွာရှိခဲ့ပြီး ပေါင်းစပ်တိုက်ခိုက်မှုကိုပင် စောစီးစွာ စီစဉ်ခဲ့ကြသည်။

ထို့ကြောင့် ကျွင်းဟောက်ယန်ဟာ ပို၍ပင် မဖြတ်ကျော်နိုင်တော့ဘဲ ချောင်ပိတ်မိနေသော သားရဲကဲ့သို့ အသေခံ တိုက်ခိုက်ခဲ့ရသည်။

နောက်ဆုံးတွင် ကျွင်းဟောက်ယန်က နေကိုးစင်းကို မိမိဘာသာ ပေါက်ကွဲလိုက်ရာ

ကြီးမားသောစွမ်းအားကြောင့် မြေတစ်ပြင်လုံး
အက်ကြောင်းများဖြင့် ပြည့်သွားသည်။

လုံအိုထျန်းနှင့် အခြားသုံးဦးလည်း တကိုယ်လုံးမှ
သွေးများ ဆူပွက်သွားကာ
အလွန်ထိတ်လန့်တုန်လှုပ်သွားရသည်။

အဆုံးမှာတော့ ကျွင်းဟောက်ယန်ဟာ
သူ့ကိုယ်သူဖောက်ခွဲပြီး သတ်သေသွားခဲ့သည်။

တစ်ချိန်တည်းမှာပင် အခြားဒေသ၌ အမှောင်ကမ္ဘာ
နတ်ဘုရားမင်းသား၊ မှော်နတ်ဘုရား၊
မျက်လုံးသုံးလုံးသူတော်စင်သားတော်နှင့်
ရှန်းကုကမ္ဘာမှ အခြားဘုရင်ငယ်များ
ဦးဆောင်သောအဖွဲ့က နောက်ထပ် ကျွင်းမိသားစု၏
ရှေးဟောင်းလူထူးဆန်းကို တိုက်ခိုက်ခဲ့ကြသည်။

အဆိုပါ ကျွင်းမိသားစု၏ ရှေးဟောင်းလူထူးဆန်း
မိန်းကလေးလည်း နိုးထလာသည်နှင့်
တိုက်ခိုက်ခံရကာ နောက်ဆုံးတွင် အမုန်းများဖြင့်
ကျဆုံးသွားခဲ့ရ၏။

နောက်ဆုံးတွင်၊ ကျွင်းမိသားစုမှ
ရှေးဟောင်းလူထူးဆန်း တစ်ဦးတည်းသာ
ကျန်ရစ်တော့သည်။

--------

အခန်း ( ၄၄၃ ) ကျွင်းမိသားစု၏
ရှေးဟောင်းလူထူးဆန်း၊ စီကွမ်သုည။

ကျွင်းဟောက်ယန်ကို သတ်ဖြတ်ပြီးနောက်

လုံအိုထျုန်းအပါအဝင် လူတိုင်း ရင်တုန်လျက်
ကျန်ရစ်ခဲ့ကြသည်။

ကံကောင်းထောက်မစွာဖြင့် သူတို့ဟာ ဝိညာဉ်လေးပါး
ကောင်းကင်ပြစ်ဒဏ်ဝက်ပါကို ကြိုတင်
ပြင်ဆင်ထားခဲ့သည်။ မဟုတ်ပါက သူတို့ထဲမှ
တစ်ယောက်၊ နှစ်ယောက်လောက်တော့
ကျဆုံးသွားရပေလိမ့်မည်။

သူတို့နှင့်အတူ ဝန်းရံထားသော
ရှေးဟောင်းတော်ဝင်မိသားစု၏
သာမာန်ပါရမီရှင်များမှာလည်း ကြောက်ရွံ့မှုဖြင့်
တုန်ယင်သွားကြသည်။

ကျွင်းမိသားစု၏ ခေတ်ပြိုင် ပါရမီရှင်များကပင်
လုံလောက်အောင် သန်မာနေခဲ့ပြီ။

ဤရှေးဟောင်း လူထူးဆန်းများက ပို၍ပင်
ကြောက်စရာကောင်းလှသည်။

ယခုအခါ သူတို့အနေဖြင့် ဘုရင်သတ်အစီအစဉ်ကို
ကြိုတင် ပြင်ဆင်ထားသောကြောင့်သာ
တော်ရော့သည်။

မဟုတ်ဘဲ ကျွင်းမိသားစု၏ ရှေးဟောင်းလူထူးဆန်း
သုံးဦးစလုံး နိုးထလာပြီး ပေါင်းစည်းခဲ့လျှင်
ရှန်းကုကမ္ဘာတစ်ခုလုံးကို အလျားလိုက်
တွန်းသွားနိုင်လောက်သည်။

ဤနေရာမှ လူများကြားတွင် ပိုင်မေအာ
တစ်ဦးတည်းသာ ခံစားချက်များ ဆိုးရွားလျက်
ရှိသည်။

သူမ၏ နှလုံးသားက ကျွင်းရှောင်ယောက်ဘက်ကို လုံးဝ တိမ်းညွတ်နေခဲ့ပြီ။

ထို့ကြောင့် ကျွင်းရှောင်ယောက်၏ အကျိုးစီးပွားကို ထိခိုက်စေသည့် အရာမှန်သမျှ သူမ လက်မခံနိုင်ပါ။

ကျွင်းမိသားစု၏ ရှေးဟောင်းလူထူးဆန်းများ ကျဆုံးခြင်းက သဘာဝအတိုင်း ကျွင်းရှောင်ယောက်အတွက် ကောင်းမွန်သောအရာ မဟုတ်ပေ။

ပိုင်မေအာ၏ စိတ်ထဲတွင် ဤအကြောင်းကို ကျွင်းမိသားစုမှလူများ သိကြစေရန် မည်သို့မည်ပုံ ပြောရမည်ကိုပင် စဉ်းစားနေခဲ့ပြီ ဖြစ်သည်။

ထိုအချိန်တွင် လုံအိုထျန်းက ကူချန်ကဲကိုကြည့်ကာ ပြောလိုက်သည်။

"ကူချန်ဇီ၊ ကျွင်းမိသားစုရဲ့ နောက်ဆုံး ရှေးဟောင်းလူထူးဆန်း အိပ်စက်နေတဲ့နေရာကို မင်းရှာမတွေ့သေးဘူးလား"

ယခင်က ကူချန်ဇီဟာ ကျွင်းဟောက်ယန်နှင့် ကျွင်းမိသားစုမှ ရှေးဟောင်းလူထူးဆန်းမိန်းကလေး အိပ်စက်သည့်နေရာကို ဖော်ထုတ်ပေးခဲ့သည်။

သို့သော်လည်း နောက်ဆုံးတစ်ဦး ကျန်နေပါသေးသည်။

"ကျွင်းမိသားစုရဲ့ အဲဒီရှေးဟောင်းလူထူးဆန်းက ပိုပြီးတော့ ရှုပ်ထွေးတယ်၊ သူ့ကို အရှိန်အဝါတစ်မျိုးမျိုးက ဖုံးကွယ်ထားခဲ့သလို

ငါခံစားနေရတယ်လေ။ အဲဒါကြောင့်
အချိန်အတိုင်းအတာတစ်ခုတော့ ကြာလိမ့်မယ်"

ကူချန်ဇီက ခေါင်းခါယမ်းပြီး ပြောလိုက်သည်။

ကျွင်းမိသားစု၏ ရှေးဟောင်းလူထူးဆန်းသုံးဦးတွင် ထိုသူက အစွမ်းထက်ဆုံးဖြစ်ဟန်ရပြီး လျှို့ဝှက်ဆန်းကြယ်ကာ သူအိပ်စက်သည့်နေရာကိုပင် မှန်းဆရခက်သည်။

"ငါတို့ ဒါကို တွေ့အောင်ရှာရမယ်။ အဲဒီ ရှေးဟောင်းလူထူးဆန်းက သုံးယောက်ထဲမှာ အသန်မာဆုံး ဖြစ်ပုံရတယ်"

လုံအိုထျန်းက လေးလေးနက်နက် ပြောလိုက်သည်။

ရှန်းကုကမ္ဘာထဲသို့ မဝင်မီတွင် ဘိုးဘွားနဂါးသိုက်က လျှို့ဝှက်စုံစမ်းစစ်ဆေးမှုတစ်ခုကို ပြုလုပ်ခဲ့ကြသည်။

ထို့ကြောင့် ရှန်းကုကမ္ဘာတွင် အိပ်စက်နေသော ရှေးဟောင်းလူထူးဆန်း သုံးယောက်အကြောင်း အသေးစိတ်အချက်အလက် အများစုကို သိရှိထားခဲ့၏။

နောက်ဆုံးကျန်သော ရှေးဟောင်း လူထူးဆန်းက သုံးယောက်ထဲတွင် ကြောက်စရာအကောင်းဆုံး ဖြစ်သည်။

သူဟာ ကျွင်းမိသားစု၏ ခေတ်တစ်ခု၌ စီကွမ်သုညဖြစ်သည်ဟုပင် ကောလဟာလများ ထွက်ပေါ်ခဲ့ပေသည်။

သူ့တွင် ကြောက်စရာကောင်းသည့် တာအိုခန္ဓာလည်းရှိပြီး သူ့ခေတ်တစ်ခုလုံးကို

တုန်ခါစေခဲ့သည်။

အကယ်၍ သူ၏ခေတ်က သူ့တာအိုကို သက်သေပြရန် သင့်လျော်ခဲ့လျှင် ယခုအခါ ဖရိုဖရဲတာအိုသခင် ဖြစ်နေလောက်ချေပြီ။

"စိတ်မပူပါနဲ့၊ ငါ ဒါကို သဘာဝအတိုင်း တွင်ပေးမယ်" ကူချန်ဇီလည်း လိပ်ခွံတစ်ခုကို ထုတ်ယူပြီး ဗေဒင်တွက်လိုက်သည်။

ဤလိပ်ခွံမှာ အလွန်ရိုးရှင်းပြီး ထျန်းချန်တော်ဝင်မိသားစုမှ ဆင်းသက်လာသည့် ရှေးဟောင်း အမွေအနှစ်တစ်ခု ဖြစ်သည်။ ၎င်းမှာ သွေးသန့်စင်သော လိပ်နက် လိပ်ခွံအပိုင်းအစတစ်ခုဖြစ်ကြောင်း ကောလာဟလသတင်းများပင် ထွက်ပေါ်နေပေသည်။

ကူချန်ဇီ သူ့ရင်ဝကို လက်ဝါးဖြင့် ပြန်ရိုက်လိုက်ရာ သွေးများ အန်ထွက်လာသည်။ သူက သွေးများကို လိပ်ခွံပေါ်သို့ ထွေးချလိုက်သည်။

ကျွင်းမိသားစု၏ နောက်ဆုံး ရှေးဟောင်းလူထူးဆန်း အိပ်စက်ရာနေရာကို တွက်ချက်နိုင်ရန် တန်ကြေးတစ်ခု ပေးဆပ်ရပေမည်။

ကူချန်ဇီ၏ အရှိန်အဝါက ချက်ချင်း အားနည်းလာပြီး တခဏချင်းမှာပင် ဆယ်နှစ်စာခန့် အိုစာသွားသကဲ့သို့ ထင်မှတ်ခဲ့ရသည်။

"စိတ်မပူပါနဲ့၊ ဒီအစီအစဉ်ကို အောင်အောင်မြင်မြင် ပြီးမြောက်နိုင်ရင် ရှေးဟောင်းတော်ဝင်မိသားစုက မင်းရဲ့ ထျန်းချန်တော်ဝင်မိသားစုကို

ဆိုးဆိုးရွားရွားဆက်ဆံမှာ မဟုတ်ဘူး"
လုံအိုထျန်းနှင့် အခြားသူများက
ကတိပေးလိုက်ကြသည်။

ကူချန်ဇီလည်း အနည်းငယ် ခေါင်းညိတ်လိုက်ပြီး
ဗေဒင်တွက်ခြင်းတွင် နစ်မြုပ်သွားတော့သည်။

အခြားတစ်ဖက်တွင်လည်း ကျွင်းမိသားစုမှ
ရှေးဟောင်းလူထူးဆန်း အမျိုးသမီးကို
သတ်ဖြတ်ပြီးနောက်၊ လူတိုင်းက ကူချန်ဇီထံမှ
ဆက်သွယ်ခြင်းကို စောင့်နေခဲ့သည်။

သို့သော်လည်း စောင့်မျှော်နေချိန်အတွင်း လူတိုင်းဟာ
အမှောင်ကမ္ဘာ နတ်ဘုရားမင်းသားကို အံ့သြတကြီး
မျက်လုံးများဖြင့် ကြည့်နေကြလေသည်။

"အမှောင်ကမ္ဘာ နတ်ဘုရားမင်းသားလေးရဲ့ ခွန်အားက
သန်မာလွန်းတယ်..."

အရိုးလုံ့ကိုကိုင်ကာ အဖြူရောင်အရိုးမျက်နှာဖုံးကို
ဝတ်ဆင်ထားသော ရှန်းကုသတ္တဝါက အသံတိုးတိုးဖြင့်
ပြောလိုက်သည်။

၎င်းက ရှန်းကုမျိုးနွယ်ကြီးလေးခုအနက်
တစ်ခုဖြစ်သော ရှေးဟောင်းမှော်မျိုးနွယ်စု၏
ဘုရင်ငယ် ဖြစ်သည်။

အိပ်စက်နေသော ရှေးဟောင်းလူထူးဆန်းများ
မနိုးထမီတွင် ရှန်းကု ဘုရင်ငယ်လေးပါးက
ရှန်းကုကမ္ဘာတွင် အသန်မာဆုံး ဖြစ်ခဲ့ကြပေသည်။

ယခုမူကား၊ အမှောင်ကမ္ဘာ နတ်ဘုရား မင်းသား၏
အရှိန်အဝါကို ခံစားပြီးနောက် မှော်ဘုရင်ပင်လျှင်

တုန်လှုပ်သွားမိသည်။

ကျွင်းမိသားစုမှ ရှေးဟောင်းလူထူးဆန်း
အမျိုးသမီးကို မရဏနတ်ဘုရား
မင်းသားတစ်ယောက်တည်း သတ်ဖြတ်ခဲ့ပြီး
အခြားသူများက ဝင်ရောက်စွက်ဖက်ခြင်း မပြုခဲ့ပေ။

၎င်းတို့က ဝိညာဉ်လေးပါး ကောင်းကင်ပြစ်ဒဏ်
ဝင်္ကပါကိုပင် မတည်ဆောက်ခဲ့ပါချေ။

ကျွင်းမိသားစုမှ ရှေးဟောင်းလူထူးဆန်းမိန်းကလေး
ကျဆုံးရသည့် အကြောင်းရင်းတစ်စိတ်တစ်ပိုင်းမှာ
သူမက နိုးထလာစဖြစ်ပြီး သူမ၏ ခွန်အားကလည်း
အထွတ်အထိပ်သို့ ပြန်မရောက်သေးခြင်းကြောင့်
ဖြစ်သည်။

သို့ရာတွင် တစ်ဖက်တွင်လည်း အမှောင်ကမ္ဘာ နတ်ဘုရားမင်းသားက အလွန်အစွမ်းထက်ကြောင်း တွေ့မြင်နိုင်ကြသည်။

"ဟုတ်တယ်၊ ကောင်းကင်နတ်ဘုရားနယ်ပယ်မှာ သူ့ရဲ့ခွန်အားက အစွန်းရောက်အဆင့်တစ်ခုကို ရောက်ရှိနေလောက်ပြီ"

အခြား ပိန်ပိန် လူတစ်ယောက်ကလည်း ပြောသည်။

သူ၏ မျက်ခုံးနှစ်ခုကြားမှာတော့ ဒေါင်လိုက် တတိယမျက်လုံး တစ်လုံး ရှိ၏။ ထိုတတိယမျက်လုံး၌ စကြဝဠာငယ်တစ်ခုလည်း ပါဝင်နေပုံရလေသည်။

၎င်းက မျက်လုံးသုံးလုံး သူတော်စင်မျိုးနွယ်မှ ဘုရင်ငယ် ကောင်းမျက်လုံးသားတော် ဖြစ်သည်။

ယခုမူကား၊ ဘုရင်နှစ်ပါး၏ တောက်ပမှုကို အမှောင်ကမ္ဘာနတ်ဘုရား မင်းသားက သိမ်းယူသွားခဲ့ပြီ။

သူတော်စင်ဂိုဏ်းမှ သူတော်စင်သားတော်လည်း ဤအဖွဲ့တွင် ပါဝင်သေးသည်။ သူ၏ ကျင့်ကြံခြင်းအခြေခံက ကောင်းကင်နတ်ဘုရားနယ်ပယ် အသောပိုင်းအဆင့်သို့ ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။

(TN- အရင်အပိုင်းတချို့မှာဗုဒ္ဓဂိုဏ်းလို့ မှားယွင်းရေးသားထားခဲ့ပါတယ်။ အမှန်က သူတော်စင်ဂိုဏ်းပါ။ မှားယွင်းမှုအတွက် တောင်းပန်ပါတယ်)

သို့သော်လည်း အမှောင်ကမ္ဘာမင်းသား၏ ခွန်အားကို မြင်ရပြီးနောက် သူတော်စင်သားတော်ပင်လျှင်

စွမ်းအားမဲ့သွားသကဲ့သို့ ခံစားလိုက်ရသည်။

သို့ရာတွင် နောင်အခါ အမှောင်ကမ္ဘာ
နတ်ဘုရားမင်းသားက ကျွင်းမိသားစုကို
ကိုင်တွယ်မည်ဖြစ်ကြောင်း တွေးမိသောအခါ
သူတော်စင်သားတော် စိတ်ဝင်စားလာမိခဲ့သည်။

သူ လွန်စွာ သိချင်ခဲ့၏။ သူ့ကို ခုခံရန်ပင်
အင်အားမရှိအောင် ဖိနှိပ်ခဲ့သည့်
ကျွင်းရှောင်ယောက်...
အမှောင်ကမ္ဘာမင်းသား၏လက်မှ မည်သို့မည်ပုံ
လွတ်မြောက်ပါမည်နည်း။

အမှောင်ကမ္ဘာမင်းသားကတော့ သူ့ပတ်ဝန်းကျင်မှ
အံ့သြထိတ်လန့်မှုအချို့ကို ခံစားခဲ့ရသော်လည်း လုံးဝ
ဂရုမစိုက်ပေ။

သူ့မျက်လုံးထဲတွင် ရည်ရွယ်ထားသည့် ပြိုင်ဘက်က တစ်ဦးတည်းသာ ရှိသည်။

'ကျွင်းမိုရှောင်၊ မင်းရဲ့ အိပ်စက်ရာနေရာကို တွက်ချက်မိတဲ့အချိန်က မင်းရဲ့ဒဏ္ဍာရီတွေ အဆုံးသတ်မဲ့ အချိန်ပဲ'

အမှောင်ကမ္ဘာမင်းသားက သူ့နှလုံးသားထဲမှ ရေရွတ်လိုက်လေသည်။

သူ၏ခေတ်တွင် သူနှင့် ယှဉ်နိုင်သည့် တစ်ဦးတည်းသောသူမှာ ကျွင်းမိသားစု၏ မျိုးဆက်သစ်လူငယ် စီကွမ်သုညပင် ဖြစ်သည်။

...

ဘုရင်သတ်အစီအစဉ်တစ်ခုလုံးက လျှို့ဝှက်စွာ ဆောင်ရွက်ထားသောကြောင့် ကျွင်းလုံခန်း၊ ကျွင်းဝူရှန့်နှင့် အခြားစီကွမ်များအားလုံး သတိမထားမိခဲ့ကြပေ။

ပြင်ပကမ္ဘာမှ လူတိုင်းကတော့ ဤမြင်ကွင်းကို မြင်တွေ့ကြရသည်။

သို့သော်လည်း ရှန်းကုကမ္ဘာမှာ ပြင်ပကမ္ဘာနှင့် တသီးတခြားဖြစ်၍ ဘာမှမလုပ်နိုင်ကြပေ။

သို့ရာတွင် အံ့ဩစရာကောင်းအောင် ကျွင်းမိသားစုမှ အကြီးအကဲများက ဣန္ဒြေပျက်အောင် ဒေါသမထွက်ဘဲ အေးစက်စက် မျက်နှာထားဖြင့်သာ တည်ရှိနေကြခြင်း ဖြစ်သည်။

ကျွင်းရှောင်ယောက်က သူတို့ကို
စိတ်ပျက်စေမည်မဟုတ်ကြောင်း အားလုံး
ယုံကြည်ထားကြ၏။

ကျွင်းမိသားစု၏ သေွးကြွေးအတွက်
ရှေးဟောင်းတော်ဝင်မိသားစု၊
ကြွေလွင့်နတ်ဘုရားနန်းတော်နှင့် အခြားသူများကို
အဆထောင်ချီတိုး၍ ပြန်ပေးဆပ်ရစေလိမ့်မည်။

ယင်းကို သူတို့စောင့်မျှော်နေခဲ့သည်။

ကျွင်းမိသားစု၏ တိတ်ဆိတ်မှုနှင့်ယှဉ်လျှင် ယခင်က
အလွန်ဒေါသကြီးခဲ့သော ဘိုးဘွားနဂါးသိုက်နှင့်
အခြားအင်အားစုများက ယခု ဟောင်ဖွာဟောင်ဖွာနှင့်
လှောင်ပြောင်ပြောဆိုစ ပြုလာခဲ့ကြသည်။

ကျွင်းမိသားစု၏ နောက်ဆုံး ရွေးဟောင်းလူထူးဆန်း ကျဆုံးပြီးနောက် ၎င်းဟာ ကျွင်းမိသားစု၏ ခေတ်ပြိုင်ပါရမီရှင် အလှည့်အပြောင်းကြီးတစ်ခု ဖြစ်လာပေတော့မည်။

အဆုံးတွင် ကျွင်းရှောင်ယောက်ကိုပင် ချောင်ပိတ်ပြီး သတ်နိုင်ကြတော့မည် ဖြစ်သည်။

ကျွင်းရှောင်ယောက်က မည်မျှ သန်မာနေစေကာမူ၊ ခေတ်ပြိုင်ပါရမီရှင်များနှင့် ရွေးဟောင်းလူထူးဆန်းအားလုံးကို အနိုင်ယူနိုင်ပါမည်လော။

ယင်းက မဖြစ်နိုင်မှန်း သိသာထင်ရှားသည်။

ရှန်းကုကမ္ဘာတစ်ခုလုံး၏ ရေစီးကြောင်းများက တိတ်တဆိတ် ပြောင်းလဲလာနေချိန်...

ရှေးဝိညာဉ်ပြည်၏ တစ်နေရာတွင်...

အရပ်မြင့်မြင့်နှင့် ချောမောခန့်ညားသော လူငယ်တစ်ယောက်က သူ၏အခွင့်အလမ်းကို သန့်စင်နေသည်။

သူ့မျက်လုံးများကို အနက်ရောင်ပုဝါဖြင့် ပိတ်စီးထား၏။ သူ၏ အရှိန်အဝါဆိုလျှင်လည်း အလွန်ပြင်းထန်ပြီး ကောင်းကင်နတ်ဘုရားနယ်ပယ် အလယ်အလတ်အဆင်သို့ပင် ရောက်ရှိသွားခဲ့ပြီ ဖြစ်သည်။

၎င်းက ကျွင်းမိသားစု၏ ပထမစီကွမ်၊

နှစ်သွယ်မျက်လုံး ကျွင်းလုံခန်း ဖြစ်သည်။

ထိုအချိန်တွင် ကျွင်းလုံခန်းမက တစ်နေရာကို လှည့်ကြည့်ပြီး ထူးခြားမှုမရှိသောလေသံဖြင့် ပြောလိုက်သည်။

"ဘယ်သူလဲ၊ ထွက်ခဲ့စမ်း"

ထိုအခါ နူးညံ့သိမ်မွေ့ကာ ဆွဲဆောင်မှုရှိသော မျက်နှာနှင့် မြေခွေးအမြီးခြောက်ခုရှိသည့် ပန်းရောင်ဝတ်စုံဝတ် အမျိုးသမီးတစ်ဦး ပေါ်လာသည်။

၎င်းက ပိုင်မေအာပင် ဖြစ်လေသည်။

---------

အခန်း ( ၄၄၄ ) ကျွင်းလုံခန်း လူလိုက်စုနေပြီ၊ ရှန်းကုကမ္ဘာ၏ အဆုံးစွန်သော တိုက်ပွဲ စတင်တော့မည်။

"ဟင်၊ မင်းက... ရှေးဟောင်းတော်ဝင်မိသားစုက၊ ကောင်းကင်မြေခွေးမျိုးနွယ်ရဲ့ ကောင်းကင်နတ်သမီးပဲ"

ကျွင်းလုံခန်းက သူ့မျက်လုံးကို ပိတ်စီးထားသော်လည်း ယင်းမှာ မြင်နိုင်စွမ်းကို အတားအဆီး မဖြစ်စေနိုင်ပေ။

ကောင်းကင်မြေခွေးမျိုးနွယ်၏ ကောင်းကင်နတ်သမီးက အားမနည်းသော်လည်း ကျွင်းလုံခန်းကိုတော့ ခြိမ်းခြောက်နိုင်စွမ်း မရှိပါ။

ထို့ကြောင့် ကျွင်းလုံခန်းဟာ ဂရုမစိုက်ဘဲ ထူးခြားမှုမရှိသောလေသံဖြင့် ပြောလိုက်သည်။

"ငါ့ကို လုပ်ကြံချင်တာဆိုရင် မင်းက နှံ့အလွန်းတယ်လို့ပဲ ပြောရမယ်။ သွား၊ ပြန်ပြီးတော့ အခြားပါရမီရှင်တွေကို လွှတ်လိုက်ပါ"

"ကျွန်မက ရှင့်အပေါ်မှာ မကောင်းတဲ့ရည်ရွယ်ချက် မရှိပါဘူး"

ပိုင်မေအာက ပြောလိုက်သည်။

လုံအိုထန်းနှင့် အခြားသူများက ရှေးဟောင်းလူထူးဆန်း ကျွင်းဟောက်ယန်ကို သတ်ဖြတ်ပြီးနောက် ပိုင်မေအာဟာ ဆင်ခြေတစ်ခုရှာပြီး ကျွင်းမိသားစုကိုသတိပေးရန် ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။

"အိုး..တကယ်ကို အနောက်ကနေ နေထွက်လာတာဘဲ"
ကျွင်းလုံခန်းလည်း အနည်းငယ် အံ့သြသွား၏။

ရှေးဟောင်းတော်ဝင်မိသားစုများမှာ အများအားဖြင့်
ကျွင်းမိသားစုအပေါ် ရန်လိုမှုရှိသည်။

ထို့အပြင် ကျွင်းလုံခန်းက
ဤကောင်းကင်မြေခွေးနတ်သမီးနှင့် လုံအိုထျန်းတို့၏
ဆက်ဆံရေးကိုလည်း ယောင်ဝါးဝါး
ကြားထားခဲ့သေးသည်။

ထို့ကြောင့် ကျွင်းလုံခန်းဟာ ပိုင်မေအာကို
ဂရုမစိုက်သော်လည်း သတိထားနေခဲ့သည်။
လုံအိုထျန်းက အမှောင်ထဲတွင် ပုန်းကောင်း
ပုန်းခိုနေလိမ့်မည်။

ကျွင်းလုံခန်း၏ သတိထားနေသော အနေအထားကို မြင်တော့ ပိုင်မေအာက ရိုးရိုးသားသား ပြောလိုက်သည်။

"ကျွန်မတစ်ယောက်တည်း ရောက်လာခဲ့တာပါ၊ အမှောင်ထဲမှာ ဘယ်သူမှ ပုန်းနေတာမျိုး မရှိဘူး"

"ကျွန်မ ရှင့်ကို လာတွေ့ရတာက အရမ်းအရေးကြီးတဲ့ အကြောင်းတစ်ခု ပြောပြချင်လို့ပဲ"

ပိုင်မေအာက လေးနက်သည့်လေသံဖြင့် ပြောသည်။

"ဘာကိစ္စများရှိလို့လဲ"

ကျွင်းလုံခန်း မျက်ခုံးပင့်လိုက်၏။

ထို့နောက်မှာတော့ ပိုင်မေအာလည်း ဘုရင်သတ်အစီအစဉ်နှင့် ကျွင်းမိသားစုမှ ရှေးဟောင်းလူထူးဆန်းနှစ်ဦး

ကျဆုံးသည့်အကြောင်းကို ကျွင်းလုံခန်းအား ပြောပြလိုက်တော့သည်။

"ဘာ"

ကျွင်းလုံခန်းထဲမှ အစွမ်းထက် အရှိန်အဝါများ ပေါက်ကွဲထွက်ပေါ်လာပြီး မြေပြင်တွင် အက်ကွဲကြောင်းများ ထွက်ပေါ်လာသည်။

ဤအခြေအနေမျိုးတွင် စိတ်အေးအေးထားရန် ခက်ခဲ၏။

ရှန်းကုကမ္ဘာတွင် ကျွင်းမိသားစုမှ ရှေးဟောင်းလူထူးဆန်းသုံးဦး အိပ်စက်နေကြောင်း ကျွင်းလုံခန်းလည်း သိထားသည်။ သို့သော်လည်း သူက ရည်ရွယ်ချက်ရှိရှိ ရှာဖွေခြင်းမျိုး မလုပ်ခဲ့ပေ။

ကျွင်းမိသားစု၏ ရှေးဟောင်းလူထူးဆန်းများ
နိုးထချင်လျှင် သူ့ဘာသာသူ သဘာဝအတိုင်း
နိုးထလာမှာ ဖြစ်ပြီး နှိုးပေးရန် မလိုပါ။

သို့ရာတွင် ရှေးဟောင်းတော်ဝင်မိသားစုများက
ထျန်းချန်တော်ဝင်မိသားစုမှ
ဆင်းသက်လာသူတစ်ဦးဖြင့် ကျွင်းမိသားစုမှ
ရှေးဟောင်းလူထူးဆန်းများ အိပ်စက်သည့်နေရာကို
ရှာဖွေတွေ့ရှိခဲ့ကြမည်ဟု မျှော်လင့်မထားခဲ့ပေ။

သို့သော်လည်း ကျွင်းလုံခန်းဟာ သဘာဝအတိုင်း
သွေးဆူလွယ်သူ မဟုတ်ပေ။ ခဏတာ
လှုပ်ရှားသွားသော်လည်း ပြန်တည်ငြိမ်လာကာ
ပြောလိုက်သည်။

"ဒီကိစ္စက တကယ် ဟုတ်မဟုတ် ငါ ဘယ်လိုလုပ်ပြီး
သိမှာလဲ"

"အချိန်မရှိတော့ဘူး၊ ကျွင်းမိသားစုရဲ့
နောက်ဆုံးရှေးဟောင်းလူထူးဆန်းကို ရှာတဲ့အခါ၊
ရှေးဝိညာဉ်ပြည်တစ်ခုလုံး ကြီးမားတဲ့
အပြောင်းအလဲတွေ ဖြစ်လာမှာကို ကြောက်ရတယ်။
အဲဒီအခါကျရင် ရှင် နောင်တရချင်ရင်တောင်
အချိန်နှောင်းသွားလိမ့်မယ်"

ပိုင်မေအာ၏ လေသံက အလွန်ရိုးသားသည်။

ကျွင်းလုံခန်းလည်း တိတ်ဆိတ်သွား၏။

အတန်ငယ်ကြာမှ သူက ပြောလိုက်သည်။

"မင်း ငါ့ကို ဘာဖြစ်လို့ ဒီကိစ္စကိုပြောတာလဲ။
ငါမှတ်မိတာ မမှားဘူးဆိုရင် မင်းက လုံအိုထျန်းနဲ့
အတူရှိနေသင့်တယ်မဟုတ်လား"

ကျွင်းလုံခန်း၏ အမေးစကားကိုကြားတော့ ပိုင်မေအာ ခဏလောက် တုန်ခါသွားလေသည်။ ထို့နောက်တွင်မှ ရှက်ရွံ့ဟန်ဖြင့် မျက်နှာနီမြန်းသွားကာ ပြုံးလိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့ မေအာက
ကောင်းကင်သားတော် အစစ်ဖြစ်တဲ့
ကျွင်းသခင်လေးနဲ့ တွေ့ခဲ့ရလို့ပါ"
ပိုင်မေအာက ခေါင်းငုံ့ပြီး ခပ်တိုးတိုး ပြောလိုက်သည်။

"အဲဒါ... ဝမ်းကွဲရှောင်ယောက်လား"
ကျွင်းလုံခန်းလည်း ခဏတာ အံ့အားသင့်သွား၏။

ထို့နောက်တွင်မှ နှလုံးသားထဲတွင်
သက်ပြင်းချလိုက်မိလေသည်။

ကျွင်းရှောင်ယောက်က
အနှီကောင်းကင်မြေခွေးမိန်းကလေးကို
ကျွင်းမိသားစုသို့ ဆွဲသွင်းရန် မည်သို့မည်ပုံ
လုပ်လိုက်သည်တော့ သူလည်း မသိပေ။

သို့ရာတွင် ကျွင်းရှောင်ယောက်က
လက်ခံသည်ဆိုလျှင် ပိုင်မေအာ၏စကားကို
ယုံကြည်၍ရသည်။

ကျွင်းရှောင်ယောက်ကဲ့သို့ အံ့ဖွယ်အမှုများကို
အချိန်မရွေး ဖန်တီးနိုင်သူတစ်ယောက်အတွက်
ကောင်းကင်မြေခွေးနတ်သမီးကို အနိုင်ယူခြင်းမှာ
သာမန်မျှသာ ဖြစ်ပေသည်။

"သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ကျွင်းမိသားစုက
ဒီအတိုင်း ထိုင်ကြည့်နေမှာ မဟုတ်ဘူး"

ကျွင်းလုံခန်း၏လေသံက သတ်ဖြတ်လိုစိတ်များဖြင့် ထွက်ပေါ်လာသည်။

ရှေးဟောင်းတော်ဝင်မိသားစုနှင့် အခြားအင်အားစုက ကျွင်းမိသားစုကို ဤကဲ့သို့ ကြံစည်ဝံ့ကြသည်။ ထိုအတွက် တန်ကြေးကို သေချာပေါက် ပြန်ပေးဆပ်ရမည်။

"ရှင်... ကျွင်းသခင်လေးကို သွားတွေ့မှာလား" ပိုင်မေအာ၏ မျက်လုံးများက အရောင်လက်လာသည်။

သူဟာ လျှို့ဝှက်လူအဖြစ် ဆောင်ရွက်ကတည်းက ကျွင်းရှောင်ယောက်ကို မတွေ့ရတာ ကြာခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် သူမ၏ နှလုံးသားထဲတွင် သဘာဝအတိုင်း လွမ်းဆွတ်နေခဲ့မိလေသည်။

"လောလောဆယ် သူ့ကို မနှောင့်ယှက်နဲ့ဦး၊
သူ့ဘာသာပဲ လေ့ကျင့်နေပါစေ၊ ငါတို့ ကျွင်းမိသားစုရဲ့
မျိုးဆက်သစ်တွေအားလုံး သေသွားရင်တောင်
ရှောင်ယောက်တစ်ယောက်တည်း ရှိနေသရွေ့
အဆင်ပြေတယ်"

ကျွင်းလုံခန်းက ပြောလိုက်သည်။

သူက ကျွင်းရှောင်ယောက်၏ ကျင့်ကြံခြင်းကို
အနှောက်အယှက်ပေးမည် မဟုတ်ပေ။

ကျွင်းရှောင်ယောက် တစ်ယောက်တည်းက
ကျွင်းမိသားစု၏ ထိပ်တန်းစီကွမ်အားလုံးထက်
ပို၍အရေးကြီးသည်။

"ဒီကိစ္စကို ပထမစီကွမ် ငါပဲ လုပ်လိုက်မယ်"

ကျွင်းလုံခန်းက လက်နှစ်ဖက်ကို နောက်ပစ်ကာ ဂုဏ်သိက္ခာကြီးမားစွာဖြင့် ထရပ်လိုက်သည်။

ကျွင်းရှောင်ယောက်က ကျွင်းမိသားစု၏ မျိုးဆက်သစ် လူငယ်များ၌ အချွန်ထက်ဆုံး လုံ ဖြစ်လျှင်...

ကျွင်းလုံခန်းက အခိုင်မာဆုံးသော ဒိုင်း ဖြစ်သည်။

ကျွင်းရှောင်ယောက်အတွက်ကတော့ စိတ်အေးအေးထားပြီး ကောင်းစွာ ကြီးပြင်းလာရန်သာ လိုသည်။

ကျွင်းလုံခန်းက အခြားအသေးအဖွဲ့ကိစ္စများကို တာဝန်ယူထားပေလိမ့်မည်။

"အင်း၊ ကျွန်မလည်း သွားသင့်ပြီ"

ပိုင်မေအာလည်း အနည်းငယ် ခေါင်းညိတ်ပြီး နောက်ပြန်ဆုတ်သွားခဲ့သည်။

နေရာတွင် ကျွင်းလုံခန်း တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့လေသည်။

"ရှန်းကုကမ္ဘာရဲ့ အဆုံးစွန်တိုက်ပွဲ စတင်ပြီ..."

ကျွင်းလုံခန်းက ပြောလိုက်သည်။

သို့ရာတွင် ဤအဆုံးစွန်တိုက်ပွဲက ပါရမီရှင်များအကြားမျှ တိုက်ပွဲမဟုတ်ပေ။

ယင်းအစား၊ ရှေးဟောင်းတော်ဝင်မိသားစုများနှင့်

အင်မော်တယ်အင်အားစုများစွာက ကျွင်းမိသားစုကို ဆန့်ကျင်ကြသည့် ပွဲဖြစ်သည်။

ဤတိုက်ပွဲတွင် ကျွင်းမိသားစုက အရေးနိမ့်၍ မရပေ။

.........

သတင်းကိုသိပြီးနောက် ကျွင်းလုံခန်းလည်း တန်ပြန် အစီအစဉ်များကို စလိုက်သည်။

သဘာဝအရ ကျွင်းလုံခန်းဟာ ပြိုင်ဘက်ပါရမီရှင်များကို တစ်ယောက်တည်းနှင့် ရင်ဆိုင်သည်အထိ အလွန်မိုက်မဲလိမ့်မည် မဟုတ်ပေ။

ထိုအစား အခြားစီကွမ်များကို ဦးစွာ

အသိပေးလိုက်သည်။

ယခုအခါ ကျွင်းမိသားစု၏
ထိပ်တန်းစီကွမ်ဆယ်ဦးအနက် ကျဆုံးသွားသူ
သုံးဦးမှလွဲ၍ ကျန်စီကွမ်များတွင် အားအနည်းဆုံးက
အစစ်အမှန်နတ်ဘုရားနယ်ပယ် သေးငယ်သော
ပြီးပြည့်စုံခြင်းတွင် ရှိကြသည်။

ကျွင်းမိသားစု၏ ရှေးဟောင်းလူထူးဆန်းနှစ်ဦး
ကျဆုံးသွားကြောင်း သိရသောအခါ
ကျန်မိသားစုဝင်များမှာလည်း လွန်စွာ
ဒေါသဖြစ်သွားခဲ့ကြ၏။

ကျွင်းမိသားစုသည် အလွန်စည်းလုံးကြပြီး
အတူတူကျရှုံး၍ အတူတူ တိုးတက်လိုကြသည်။

ထို့ကြောင့် ရန်သူများက ကျွှင်းမိသားစုမှ
ရှေးဟောင်းလူထူးဆန်းများကို လုပ်ကြံနေခြင်းအား
လုံးဝ ခွင့်မပြုနိုင်ပေ။

"မလုံလောက်သေးဘူး..."
စီကွမ်များကို ပေါင်းစည်းလိုက်သော်လည်း
ကျွှင်းလုံခန်းက မျက်မှောင်ကြုတ်နေဆဲ ဖြစ်သည်။

ကျွှင်းမိသားစု၏ စီကွမ်ခုနစ်ဦးတည်းဖြင့်
နောက်ဆုံးရှေးဟောင်းလူထူးဆန်းကို ရန်ဘက်
အင်အားစုများစွာထံမှ ကယ်တင်ချင်လျှင်
ခက်ခဲနေဆဲပင်။

'အိုး၊ ကျန်းမိသားစုလည်း ကျန်သေးတာပဲ။
နောက်ပြီးတော့ ရှောင်ယောက်ရဲ့ နောက်လိုက်တွေနဲ့
သူ့ပတ်ဝန်းကျင်က လူတွေကိုလည်း

ဆက်သွယ်လို့ရတယ်'

ကျွင်းလုံခန်းက တွေးလိုက်သည်။

ယခုအခါ သူလုပ်ရမှာက ရသမျှအင်အားများကို စုစည်းပြီး ရှေးဟောင်းတော်ဝင်မိသားစုနှင့် အခြားအင်အားစုများကို ရင်ဆိုင်ရန် ဖြစ်သည်။

တွေးတောပြီးသည်နှင့် ကျွင်းလုံခန်းဟာ ချက်ချင်း လှုပ်ရှားခဲ့လေသည်။

သူဟာ ကျန်းမိသားစုမှ ပါရမီရှင်များကို ရှာဖွေခဲ့သည်။

ဒုတိယစီကွမ် ကျွင်းဝူရှန့်ကမူ ကျွင်းရှောင်ယောက်၏ ဝန်းကျင်ရှိလူများကို ရှာဖွေခဲ့၏။

ရက်အနည်းငယ်အတွင်းမှာပင် ကျွင်းလုံခန်းက ဗျူတီမျိုးနွယ်၏ ဘိုးဘွားမြေကို ရောက်လာခဲ့တော့သည်။

အကြောင်းမှာ ကျန်းစန်းယီနှင့် ဗျူတီမျိုးနွယ်က အတော်ပင်ရင်းနှီးသည်ကို သူသိရှိထားပြီး၍ ဖြစ်သည်။

"ကျွင်းမိသားစုက ကျွင်းလုံခန်းပါ၊ ကျန်းစန်းယီကို တွေ့ချင်ပါတယ်"

ကျွင်းလုံခန်းက ပြောလိုက်သည်။

များမကြာမီ ဗျူတီမျိုးနွယ်မှ ပါရမီရှင်တစ်ဦးက ကျန်းစန်းယီကို အကြောင်းကြားလိုက်လေသည်။

ကျွင်းမိသားစုမှ သူမကို လာရှာကြောင်းကြားတော့ ကျန်းစန်းယီ စိတ်လှုပ်ရှားသွားသည်။

ထို့ကြောင့် စိုးရိမ်မှု၊ မျှော်လင့်ချက်တို့ဖြင့် အမြန်ပြေးထွက်ခဲ့လေသည်။ သို့သော်လည်း ကျွင်းလုံခန်းကို မြင်တွေ့ရတော့ ခဏတာ အေးခဲသွားခဲ့သည်။ သူမ၏ မျက်လုံးမှာလည်း စိတ်ပျက်မှုအရိပ်အမြွက်တို့ ဖြစ်ပေါ်လာခဲ့၏။ သို့သော်လည်းပဲ မြန်စွာ ဖုံးကွယ်ထားလိုက်သည်။

"ကျွင်းလုံခန်း၊ နင်ပဲ၊ ဘာအကြောင်းကိစ္စရှိလို့လဲ" ကျန်းစန်းယီက အနည်းငယ်ပြုံးကာ မေးလိုက်သည်။

ကျွင်းမိသားစုနှင့် ကျန်းမိသားစုက မျိုးဆက်ပေါင်းများစွာ ထိမ်းမြားလက်ထပ်ခဲ့ပြီး

မျိုးဆက်သစ်များကြားမှာလည်း ကောင်းမွန်သော ဆက်ဆံရေးရှိသည်။ မိသားစုနှစ်ခုက ဘောင်းဘီဆင်တူ ဝတ်ထားသည်ဟုပင် ဆို၍ရပေသည်။

ကျွင်းလုံခန်းလည်း ကျန်းစန်းယီကို အခြေအနေအားလုံး ပြောပြလိုက်သည်။

ကျွင်းလုံခန်းက ကျန်းမိသားစုအပေါ် အပြည့်အဝ ယုံကြည်ထားပေသည်။

"ဘာ၊ ဒီလိုအရာမျိုး ရှိတာလား"

ကျန်းစန်းယီလည်း မျက်မှောင်ကြုတ်လိုက်သည်။ အခြေအနေ၏လေးနက်မှုကို သူမ သဘောပေါက်လိုက်၏။

ရှေးဟောင်းတော်ဝင်မိသားစုနှင့်
အခြားအင်အားစုများက ကျွင်းမိသားစု၏
မျိုးဆက်သစ်လူငယ်များကို ဖယ်ရှားချင်နေသည်။

"ဒါဆိုရင် သူ..."

ကျန်းစန်းယီလည်း စိတ်ပူသွား၏။

ဤအခြေအနေတွင် ကျွင်းရှောင်ယောက်က
ပစ်မှတ်ထားခံရရန် ဖြစ်နိုင်ချေအရှိဆုံး ဖြစ်သည်။

ကျွင်းလုံခန်းလည်း ဘာပြောရမှန်းမသိတော့ပေ၊
ကျန်းစန်းယီက ကျွင်းရှောင်ယောက်ကို
အလွန်ဂရုစိုက်ပုံရသည်။

သို့သော်လည်း သူ ပြောလိုက်လေသည်။

"စိတ်မပူပါနဲ့၊ ဝမ်းကွဲရှောင်ယောက်က အဆင်ပြေသင့်တယ်၊ အခုထိတော့ သူတို့ရဲ့ပစ်မှတ်က ကျွင်းမိသားစုရဲ့ ရှေးဟောင်းလူထူးဆန်းတွေပဲ"

"ရှေးဟောင်းလူထူးဆန်းတွေကို သုတ်သင်ပြီးမှ ငါတို့ ကျွင်းသားစုရဲ့ စီကွမ်တွေကို ပစ်မှတ်ထားလာလိမ့်မယ်"

ကျန်းစန်းယီ ခေါင်းညိတ်ပြလိုက်သည်။ ဤတော့မှ သူမ၏ ခုန်ပေါက်နေသော နှလုံးသားလည်း တည်ငြိမ်မှု ပြန်ရလာလေသည်။

သူမက ပြောလိုက်သည်။

"စိတ်မပူပါနဲ့၊ ငါတို့မိသားစုနှစ်စုက ချမ်းသာအတူတူ၊ ဆင်းရဲအတူတူပေါ့။ ကျွင်းမိသားစုက အန္တရာယ်ကျရောက်နေရင် ငါတို့

ကျန်းမိသားစုကလည်း
လက်ပိုက်ကြည့်နေမှာမဟုတ်ဘူး။ အခြား
ကျန်းမိသားစုရဲ့ ပါရမီရှင်အားလုံးကို
ငါဆက်သွယ်လိုက်မယ်"

"ကောင်းပါပြီ၊ ဒါဆိုရင်လည်း အားလုံးကို
ကျေးဇူးတင်ပါတယ်"

ကျွင်းလုံခန်းလည်း လက်ယှက်ပြီး လေးလေးနက်နက်
ဦးညွတ်လိုက်လေသည်။

အခက်ကြုံချိန်တွင် အတူရပ်တည်မှ
မိတ်ဆွေကောင်းဟု မည်သည်။

အကယ်၍ အခြားအင်အားစု၏ ပါရမီရှင်များဖြစ်လျှင်
ထိုသို့သောအခြေအနေမျိုးတွင်
ပေါ့ပေါ့တန်တန်သဘောတူရန် မဖြစ်နိုင်ပေ။

အကြောင်းမှာ ပြိုင်ဘက်က များပြားပြီး
အားကောင်းသလို
ကြောက်စရာကောင်းလွန်းသောကြောင့်ပင် ဖြစ်သည်။

ကျန်းမိသားစုမှသာလျှင် ကျွင်းမိသားစုအား
ခြွင်းချက်မရှိ ကူညီရန် ဆန္ဒရှိပေသည်။

ထို့နောက်တွင် ကျွင်းလုံခန်းက ထွက်ခွာသွားပြီး
အခြား အကူအညီများကို ဆက်လက်ရှာဖွေခဲ့၏။

ကျန်းစန်းယီလည်း ကျန်းလော့လီနှင့်
အခြားသူများကိုရှာရန် ထွက်လာခဲ့တော့သည်။

---------

အခန်း ( ၄၄၅ ) ကျန်းစန်းယီနှင့် ကျန်းလော့လီကြားမှ အခြေအနေ၊ ရီယု၏ အသွင်ပြောင်းမှု။

ရှေးဝိညာဉ်ပြည်၏ အခွင့်အလမ်းကောင်းတစ်ခုတွင် လှပသော ပုံရိပ်နှစ်ခု လှေ့ကျင့်လျက်ရှိသည်။

သူတို့ထဲမှ တစ်ယောက်မှာ သေးသေးသွယ်သွယ်နှင့် ချစ်စရာကောင်း၏။ သူမ၏ အနက်ရောင်ဆံပင်များကိုမူ နှစ်ခွကျစ်ဆံမြီးကျစ်ပြီး အနောက်ဘက်တွင် ချထားသည်။

သူမတွင် ကော့ညွတ်နေသော မျက်တောင်ရှည်ကြီးများရှိပြီး တောက်ပသော မျက်ဝန်းအစုံကိုလည်း ပိုင်ဆိုင်ထားသည်။ သူမက ဖြောင့်စင်းစော ဖြောင့်စင်းသော နှာတံနှင့်

ချယ်ရီပွင့်များကဲ့သို့ ပန်းရောင်နှုတ်ခမ်းများလည်း ရှိသေးသည်။

သူမက သူ့ဘေးနားမှ ကောင်မလေးနှင့် စကားစမြည်ပြောနေရင်း ရံဖန်ရံခါ ချစ်စဖွယ်ကောင်းသော ပါးချိုင့်လေးများ ပေါ်သည်အထိ ရယ်မောနေတတ်သည်။

ထိုမိန်းကလေးက အမှန်ပင် ကျန်းမိသားစု၏ ပုလဲရတနာ ကျန်းလော့လီပင် ဖြစ်ချေသည်။

အချိန်များ ကုန်လွန်သွားခဲ့သော်လည်း ကျန်းလော့လီ၏အရပ်ဟာ ဆက်လက် ရှည်လာတော့မည့်ပုံမရဘဲ တစ်မီတာခွဲသာ ရှိနေဆဲ ဖြစ်သည်။

သူမနှင့် စကားပြောဆိုနေသူကတော့ ကျန်းချူဟာန်ပင်ဖြစ်လေသည်။

"ဒီအခွင့်အလမ်းက ကုန်ခမ်းလုနီး ဖြစ်နေပြီ၊ အမစန်းယီဆီကို သွားကြရအောင်"

ကျန်းချူဟာန်က ပြောလိုက်သည်။

"အင်း"

ကျန်းလော့လီကတော့ ခေါင်းကို ညိတ်ပြလိုက်သည့်တိုင် သိပ်ပြီး စိတ်ဝင်စားပုံမရပေ။

"ဘာတွေဖြစ်နေတာလဲ။ နင် အရင်က အမစန်းယီကို အတွယ်အတာဆုံးဆိုတာ သိသာတယ်၊ အခု ရှန်းကုကမ္ဘာကို ရောက်လာပြီးတော့ ဘာဖြစ်လို့ သွားမရှာတာလဲ"

ကျန်းချူဟန်က မေးလိုက်သည်။

"ဘာမှမဖြစ်ပါဘူး။ လူတစ်ယောက်က ကြီးပျင်းချင်တယ်ဆိုရင် တခြားသူတွေကိုပဲ အားကိုးနေလို့ မရဘူး။ လော့လီက ပိုသန်မာလာဖို့ ကိုယ်တိုင် ကြိုးစားရလိမ့်မယ်"

ကျန်းလော့လီက သူ့လက်သီးဆုပ် သေးသေးလေးကို ဆုပ်ထားလိုက်သည်။

ထို့နောက် သူမက ပြုံးပြီး ပြန်ပြောလိုက်လေသည်။

"ငါ့ကိုပဲ ပြောမနေနဲ့ဦးလေ၊ နင်ကော... ဟွာယွမ်ရှို့ကို ဘာဖြစ်လို့ မတွေ့ရတာလဲ"

ဟွာယွမ်ရှို့ဟူသော အမည်ကိုကြားတော့ ကျန်းချူဟန် ခေါင်းကို အနည်းငယ်ခါယမ်းလိုက်သည်။

ယခုအခါ သူမက ဟွာယွမ်ရှို့ကို ပို၍ပင် ဂရုမစိုက်သကဲ့သို့ ခံစားလာခဲ့ရ၏။

ရှန်းကုကမ္ဘာ ပြီးဆုံးပြီးနောက် ဟွာယွမ်ရှို့နှင့် လက်ထပ်ရမည်အား တွေးမိသောအခါ ကျန်းချူဟာန် အတော်ပင် စိတ်မသက်မသာ ဖြစ်သွားခဲ့မိသည်။

"ရှန်းကုကမ္ဘာထဲကို ဝင်ပြီးကတည်းက သူဘယ်ရောက်သွားမှန်း ငါမသိပါဘူး။ သူတစ်ယောက်တည်း အခွင့်အလမ်းတွေ ရှာဖွေနေတာ ဖြစ်နိုင်တယ်"

ကျန်းချူဟာန်က လျစ်လျူရှုစွာ ပြောလိုက်သည်။

သူမက ဟွာယွမ်ရှို့ကို ဂရုမစိုက်တော့ပေ။

ထိုအချိန်တွင် ကောင်းကင်ယံမှ လှပသော ပုံရိပ်တစ်ခု ပျံသန်းလာနေသည်အား မြင်လိုက်ရသည်။ ယင်းက ကျန်းစန်းယီပင် ဖြစ်ချေသည်။

"အမစန်းယီ"

ကျန်းချူဟာန် အံ့သြသွားခဲ့သည်။ ကျန်းစန်းယီက သူတို့ကိုရှာဖွေရန် အစပြုလာမည်ဟု မျှော်လင့်မထားခဲ့ပေ။

"အမစန်းယီ"

ကျန်းစန်းယီလည်း နှုတ်ဆက်လိုက်သည်။

"အင်း၊ နင်တို့ရဲ့ ကျင့်ကြံခြင်းက မဆိုးဘူး"

ကျန်းစန်းယီလည်း ပြန်ဖြေလိုက်သည်။

သို့သော်လည်း ကျန်းလော့လီကိုကြည့်သော သူမ၏
လှပသော မျက်လုံးများတွင်မူ ရှက်ရွံ့မှု
အရိပ်အယောင်များ ရှိနေသည်။

ဘာကြောင့်မှန်းမသိသော်လည်း
ကျန်းလော့လီအပေါ်တွင် အမှားတစ်ခုခု
လုပ်မိသကဲ့သို့ အမြဲတမ်း အပြစ်ရှိသလို
ခံစားခဲ့ရသည်။

ကျန်းစန်းယီဟာ ကျန်းလော့လီက နုံအသော
မိန်းကလေးတစ်ယောက်ပုံရသော်လည်း
တစ်ခါတစ်ရံတွင် သူမ၏စိတ်သည်
အလွန်စေ့စပ်သေချာမှန်း သိသည်။

ကျန်းလော့လီအနေဖြင့် ကျွင်းရှောင်ယောက်နှင့်

သူမ၏ဆက်ဆံရေးကို သတိမပြုမိရန် မဖြစ်နိုင်ပေ။

သို့သော်လည်း သူမက ၎င်းကိုဖော်ပြရန် မည်သည့်အခါမှ အစပြုခြင်း မရှိခဲ့ပါ။

သို့ရာတွင် ကျန်းလော့လီနှင့် သူမ၏ဆက်ဆံရေးက သိမ်မွေ့သောပြောင်းလဲမှုတစ်ခု ဖြစ်လာသည်။

သူဟာ ယခင်ကကဲ့သို့ သူမအပေါ် တွယ်ကပ်မနေတော့ဘဲ မရေရာသော အတားအဆီးတစ်ခု ရှိလာသည့်ပုံ ရပေသည်။

သို့သော်လည်း ယခုအချိန်ဟာ ထိုအရာများကို တွေးတောရမည့်အချိန်မဟုတ်ပေ။

ကျန်းစန်းယီလည်း သူမ စိတ်ထဲမှ ဖရိုဖရဲ အတွေးများကို ခဏဘေးဖယ်ကာ ပြောလိုက်သည်။

"ဒီတစ်ခေါက် ကျွင်းမိသားစုနဲ့ ပတ်သက်ပြီး အရေးကြီးတာရှိလို့ လာပြီးတွေ့တာပါ...."

ကျန်းစန်းယီက အခြေအနေကို အတိုချုံး၍ ရှင်းပြလိုက်သည်။

"ဘာ၊ တကယ်ပဲ ဒီလိုကိစ္စမျိုး ရှိတာလား"

ကျန်းချူဟာန်လည်း ထိတ်လန့်သွား၏။

ဤအခြေအနေက ရှန်းကုကမ္ဘာတစ်ခုလုံးကို တုန်လှုပ်သွားစေမည့် ကြီးကျယ်ခမ်းနားသော ဖြစ်ရပ်တစ်ခုဖြစ်ကာ အနာဂတ် အင်အားစုများ၏ ဖွဲ့စည်းပုံကိုပင် ထိခိုက်စေလိမ့်မည်။

"အစ်ကိုရှောင်ယောက်၊ အဆင်ပြေရဲ့လား"
ကျန်းလော့လီလည်း စိတ်လှုပ်ရှားစွာ မေးလိုက်သည်။

ကျွင်းရှောင်ယောက်လည်း ရှန်းကုကမ္ဘာကို
ဝင်ရောက်လာပြီဖြစ်ကြောင်း သူမ ကြားခဲ့ရပေသည်။

သို့ရာတွင် ကျွင်းရှောင်ယောက်၏ ကျင့်ကြံမှုကို
မနှောင့်ယှက်စေရန်အတွက် ကျန်းလော့လီဟာ သူမ၏
အတွေးများကို မျိုသိပ်ထားပြီး သူ့ကို ရှာဖွေရန်
အစပြုခြင်းမရှိခဲ့ပေ။

"ရှောင်ယောက် အဆင်ပြေပါတယ်၊ အခုက
ကျွင်းမိသားစုရဲ့ ရှေးဟောင်းလူထူးဆန်းတွေကိုပဲ
ပစ်မှတ်ထားနေတာ၊ ဒီအတွက် ငါတို့ ကျန်းမိသားစုက
ကျွင်းမိသားစုကို ကူညီဖို့ ခွန်အားတွေ

စုဆောင်းရလိမ့်မယ်"

ကျန်းစန်းယီက ပြောလိုက်သည်။

"ကောင်းတယ်၊ ကျန်းရှီလင်းနဲ့ တခြားသူတွေကို

သွားရှာကြစို့"

ကျန်းရှီလင်းလည်း ခေါင်းညိတ်လိုက်သည်။

အခြေအနေ၏ လေးနက်မှုကို သူမ

သဘောပေါက်ပေသည်။

"ဟင်း၊ ဟွာယွမ်ရှူ့က အခုထိ ဘယ်ရောက်နေမှန်းကို

မသိသေးဘူး"

ကျန်းချူဟန်လည်း ခေါင်းခါယမ်းလိုက်သည်။

ဟွာယွမ်ရှူ့ကို လွန်စွာသန်မာမည်ဟု

မျှော်လင့်မထားသော်လည်း အင်အားတစ်ခု
ဖြစ်နေနိုင်ဆဲပင်။

မကြာမီပင် ကျန်းမိသားစု၏
သမီးပျိုသုံးယောက်လည်း ကျန်းမိသားစုဝင်
ပါရမီရှင်များကို လိုက်လံ စုစည်းလိုက်ကြသည်။

တစ်ဖက်တွင်၊ ကျွင်းဝူရှန့်ကလည်း
ကျွင်းရှောင်ယောက် ပတ်ဝန်းကျင်ရှိ လူများကို
ရှာဖွေခဲ့လေသည်။

ရှေးဝိညာဉ်ပြည်၏ တစ်နေရာတွင်၊ လူငယ်တစ်ဦးက
နတ်သားရဲတစ်ကောင်ကို တိုက်ခိုက်နေသည်။

ထိုနတ်သားရဲ၏ အငွေ့အသက်ကတော့
ကောင်းကင်နတ်ဘုရားနယ်ပယ်သို့ ရောက်ရှိသွားခဲ့ပြီ။

ဤနတ်သားရဲကို တိုက်ခိုက်နေသော လူငယ်က သူ့ရဲကောင်းဆန်ဆန် အနေအထားမျိုးရှိသည်။ သူ့ခန္ဓာကိုယ် အပေါ်ပိုင်းက အဝတ်ဗလာကျင်းဖြစ်ကာ ရင်ဘတ်ပေါ်မှာလည်း တောက်ပစွာ လင်းလက်နေသော နေတိုတမ်တစ်ခု ရှိ၏။

၎င်းက ကျူးကောဖျက်ဆီးခြင်းလေးကို ကိုင်ဆောင်ထားကာ ရွှေရောင်မျက်လုံးများကလည်း နေနှစ်စင်းကဲ့သို့ တောက်ပနေသည်။

၎င်းမှာ ရှေးကေရာဇ် ရီမိသားစုမှ ဆင်းသက်လာသူ ရီယုပင်။

၎င်းက လေးညို့ကိုတင်ပြီး မြှားကိုးချောင်းကို တစ်ပြိုင်နက်တည်း ပစ်ခတ်ခဲ့သည်။

မြှားကိုးစင်းစလုံးက တူညီသောနေရာသို့ ဦးတည်သွားကာ ကောင်းကင်နတ်ဘုရားနယ်ပယ် နတ်သားရဲကို ထိုးဖောက်သွား၏။

နတ်သားရဲကို သတ်ဖြတ်ပြီးနောက် ရီယုဟာ ရှေ့သို့လှမ်းပြီး နတ်သားရဲ စောင့်ရှောက်ထားသော ရွှေရောင်နေသစ်သီးတစ်လုံးကို ခူးဆွတ်လိုက်လေသည်။

ထိုအချိန်တွင် ရီယု၏ ရွှေရောင်မျက်လုံးများထဲက နတ်အလင်းတစ်ခု လင်းလက်လာသည်။

"ဘယ်သူလဲ"

လေထဲတွင် လူငယ်တစ်ယောက် ထွက်ပေါ်လာခဲ့သည်။ ၎င်းက ရွှေရောင်ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားကာ နဂါးကိုးကောင်သရဖူကို ဆောင်းထားခဲ့၏။ သူ၏

အရှိန်အဝါကလည်း ခံ့ညားထည်ဝါမှု ရှိသည်။

၎င်းက ကျွင်းမိသားစု၏ ဒုတိယစီကွမ်
ကျွင်းဝူရှန့်ဆိုသူပင် ဖြစ်သည်။

"ဒုတိယစီကွမ်ပဲ"
ရီယုလည်း လူငယ်ကိုမြင်မှ သတိကိုလျှော့ချကာ
အနည်းငယ် လက်ယှက်ပြလိုက်သည်။

ရီယုက ကျွင်းရှောင်ယောက်ကိုသာ သူ၏သခင်အဖြစ်
အသိအမှတ်ပြုသော်လည်း အခြား ကျွင်းမိသားစုမှ
စီကွမ်များကို လေးစားသမှု ရှိနေဆဲ ဖြစ်သည်။

"ရီယု၊ မင်းရဲ့ခွန်အားက
ကောင်းနတ်ဘုရားအဆင့်ကိုတောင် ရောက်နေခဲ့ပြီပဲ"

ကျွင်းဝူရှန့် အံ့သြသွားခဲ့သည်။

ကျွင်းရှောင်ယောက်၏ နောက်လိုက်များပင် ကောင်းကင်နတ်ဘုရားအဆင့်သို့ ရောက်နိုင်မည်ဟု ထင်မထားခဲ့ပေ။

သို့သော်လည်း ရီယု၏ နောက်ခံသမိုင်းကြောင်းကို တွေးမိလျှင်တော့ ယင်းက သိပ်မထူးခြားတော့ပါ။

"ဒုတိယစီကွမ် ဘာကိစ္စများ ရှိလို့လဲ"
ရီယုက မေးသည်။

"ဒီလိုပါ..."
ကျွင်းဝူရှန့်က မျက်မှောင်ကြုတ်ကာ ရီယုကို အခြေအနေအား ရှင်းပြပေးလိုက်သည်။

"ဒီလိုရင် ငါ ရီယုကိုလည်း ထည့်တွက်လိုက်ပါ"
ရီယုလည်း မဆိုင်းမတွဘဲ သဘောတူလိုက်သည်။

ကျွင်းမိသားစု၏ အရေးက ကျွင်းရှောင်ယောက်၏ အရေး ဖြစ်သည်။

ကျွင်းရှောင်ယောက်၏ အရေးဖြစ်ပါက ရီယု၏အရေး ဖြစ်ပေမည်။

"ကောင်းတယ်၊ နတ်ဘုရားသားတော်က လူကြည့်မမှားခဲ့ဘူး"
ကျွင်းဝူရှန့်လည်း ခေါင်းညိတ်လိုက်မိသည်။

ထို့နောက်မှာတော့ ရီယုနှင့်အတူ အခြားသူများကို

ဆက်လက်ရှာတော့သည်။

မကြာမီ ရန်ချင်းယင်ကို ရှာတွေ့ခဲ့ကြသည်။

ဝါးမျိုခြင်းဖင်းဂေါ့ကျမ်း၏ ဆက်ခံသူအနေဖြင့်
ရန်ချင်းယင်ကလည်း ရှန်းကုကမ္ဘာတွင်
တိုးတက်မှုများ မြန်ဆန်ခဲ့လေသည်။

ယခင်က သူဟာ ကျွင်းရှောင်ယောက်၏
အကူအညီဖြင့် သူတော်စင်သမီးတော် ပေမီဟူနှင့်
ဗုဒ္ဓသမီးတော် မြောင်ဝူရှင်းတို့ကို ဝါးမျိုသန့်စင်ခဲ့ပြီး
နတ်ဘုရားနယ်ပယ်သို့ ချိုးဖြတ်နိုင်ခဲ့သည်။

ယခုဆိုလျှင် သူမက အစစ်အမှန်နတ်ဘုရားနယ်ပယ်
သေးငယ်သော အောင်မြင်ခြင်းသို့ ရောက်ရှိသွားခဲ့၏။

ယင်းက ကောင်းကင်နတ်ဘုရားနယ်ပယ်သို့ ရောက်ရှိသွားသည့် ရီယုနှင့်ယှဉ်လျှင် နိမ့်ကျသည်ဟု ထင်ရသော်လည်း...

အောက်ကမ္ဘာမှ လူတစ်ယောက်အနေဖြင့် ဤအဆင့်ထိ ရောက်နိုင်ခြင်းကပင် အလွန်မြန်နေပြီ ဖြစ်သည်။

ကျွင်းဝူရှန့်၏ ရှင်းပြချက်အပြီးတွင် ရန်ချင်းယင်ကလည်း မဆိုင်းမတွ ပါဝင်လာခဲ့သည်။

အခြားနေရာတစ်ခုမှာတော့ အနက်ရောင်ဝတ်စုံဖြင့် လူငယ်တစ်ဦး ရှိနေသည်။ သူဟာ ဖြူဖျော့ဖျော့အသားရေနှင့် ချောမောသော ရုပ်သွင်မျိုး ရှိသည်။

သူက အရပ်မြင့်မြင့် ပိန်ပိန်ပါးပါးဖြစ်ကာ စာပေသမားနှင့် ဆင်ပေသည်။

သို့ရာတွင် သူ့တစ်ကိုယ်လုံးမှ ပျံ့နှံ့နေသော အရှိန်အဝါကတော့ ကောင်းကင် နတ်ဘုရားများ နယ်ပယ်သို့ ရောက်ရှိသွားခဲ့ပြီ ဖြစ်သည်။

ဤအခိုက်တွင် သူနှင့် ဆန့်ကျင်ဘက်မှ ရှန်းကုသတ္တဝါအားလုံး၏ မျက်နှာပေါ်တွင် ထိတ်လန့်တုန်လှုပ်မှုများ ပေါ်လာသည်။

"သ...သွား...သွားကြစို့... ငါတို့ အမြင်မရှိခဲ့လို့ပါ"

"ငါ့ကိုတောင် လှုပ်ရှားဝံ့တာ၊ သေချင်နေတာလား"

အနက်ရောင်ဝတ်လူငယ်က
လက်တစ်ဖက်ကိုဆန့်ထုတ်လိုက်၏။ ထိုအခါ
လေထဲတွင် ဝိုးတဝါး လှည့်ဘီးသဏ္ဍာန်တစ်ခု
ထွက်ပေါ်လာပြီး အားလုံးကို
ပြန်လည်ဝင်စားခြင်းသံသရာထဲသို့
ဆွဲထည့်သွားတော့သည်။

ရှန်းကုသတ္တဝါများလည်း အော်ပင် မအော်နိုင်ဘဲ
ပြာအဖြစ်သို့ ပြောင်းလဲသွားရသည်။

“ဒီခံစားချက်က တော်တော်ကောင်းတာပဲ"
အနက်ရောင်ဝတ်လူငယ်က ပြုံးလိုက်သည်။

သူ့နံဘေးတွင် ကျွင်းရှောင်ယောက် ရှိမနေသော
နေ့ရက်များက သူ့ကို လွတ်လပ်မှုနှင့်
အရှိန်အဝါကြီးသော ခံစားချက်ကို

ပြန်လည်ရလာစေခဲ့သည်။

---------

အခန်း ( ၄၄၅ ) ပြီးပါပြီ။